ပင်လည်ဘူးမြို့အပိုင်

ပင်လောင်ရွာ ကျောင်းဒါယကာ ဦးကံဆိုင်

လျှောက်ထားချက် အရ

ဝန်းသိုမြို့

ကျေးဇူးတော်ရှင်

## ခန္တီး ဆရာတော် ဘုရားကြီး


ရေးသားတော်မူသော

# မဂ်ဖိုလ်ဝင်ခဏ်း

# ကမ္မဋ္ဌာန်း ကျမ်း

သာသနာတော် ၂၅၀၇ - ခု၊

ကောဇာ ၁၃၂၅ - ခု



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

ဒုတိယ ခန္တီး ဆရာတော် ဘုရားပုံ

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁။ | လျှောက်လွှာ | ၁ |
| ၂။ | မှာတမ်း | ၃ |
| ၃။ | နိဒါန်း | ၅ |
| ၄။ | တစ ပဋ္ဌက ကမ္မဋ္ဌာန်း စီးဖြန်းပုံ | ၁၄ |
| ၅။ | အရကျက် မပြတ်ပွါး မင်္ဂဖိုလ်ရတဲ့တရား | ၂၁ |
| ၆။ | ကာယဂတာ သတိ ကမ္မဋ္ဌာန်းအကျယ် | ၂၂ |
| ၇။ | ထင်မြင်အောင် ဆင်ခြင်ရန် | ၃၄ |
| ၈။ | ကာယဂတာ သတိ ကမ္မဋ္ဌာန်း စီးဖြန်းပုံ | ၃၆ |
| ၉။ | လွန်ကဲသော အစု | ၃၈ |
| ၁၀။ | စားတဲ့သောက်တဲ့အခါ အထူးသတိထားရန် ပြဆိုခြင်း | ၄၁ |
| ၁၁။ | သူငါဟူက မြူမျှမရှိ | ၅၃ |
| ၁၂။ | တနည်း အရိုးစု အသားစု ထင်အောင် ဆင်ခြင်ပုံ | ၅၆ |
| ၁၃။ | ပရိညာသုံးပါး | ၆၀ |
| ၁၄။ | တနည်း ဓါတ်အားဖြင့် ဆင်ခြင်ပုံ | ၆၂ |
| ၁၅။ | တနည်း ဓါတ်အားဖြင့် ဆင်ခြင်ပုံ | ၆၅ |
| ၁၆။ | ပညတ်ဖုံးလွှမ်း | ၆၉ |
| ၁၇။ | မြူငါးမျိုး | ၇၀ |
| ၁၈။ | ဝိမုတ္တိရသ | ၇၃ |
| ၁၉။ | အနတ္တ လက္ခဏာ လိုရင်းကြီး | ၇၄ |
| ၂၀။ | လက္ခဏာရေး သုံးပါး | ၇၆ |
| ၂၁။ | အသိခက် အမြင်ခက်သည် | ၇၇ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၂။ | အနတ္တလို့ ဆိုရသည် | ၇၈ |
| ၂၃။ | နာမ်အကြောင်းကို အနည်းငယ်ပြခြင်း | ၈၅ |
| ၂၄။ | သံသရာစက်ရဟတ် ပဋိစ္စသမုပ္ပါဒ်လည်နေပုံ | ၁၀၁ |
| ၂၅။ | သံသရာစက်ရဟတ် ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ | ၁၀၃ |
| ၂၆။ | ရုပ်နာမ်နှစ်ပါးသာ | ၁၀၄ |
| ၂၇။ | အကြောင်း အကျိုး ၂ - ပါးသာ | ၁၀၅ |
| ၂၈။ | အနိစ္စ - ဒုက္ခ - အနတ္တ လက္ခဏာရေး သုံးပါးသာ | ၁၀၅ |
| ၂၉။ | ဆီမီး ဥပမာ | ၁၀၆ |
| ၃၀။ | သစ္စာလေးပါး | ၁၀၇ |
| ၃၁။ | ပညတ်ပျောက်၊ ပရမတ်ပေါက်၊<br>လက္ခဏာရေးဆိုက်၊ သစ္စာလေးပါးကိုက် | ၁၀၈ |
| ၃၂။ | ရုပ်နာမ် သကြန် | ၁၁၂ |
| ၃၃။ | အလိုနှင့် အလုပ် နာမ်နှင့်ရုပ် | ၁၂၀ |
| ၃၄။ | အထူးရှင်းလင်းချက် | ၁၂၂ |
| ၃၅။ | တသက်လုံး သရဏဂုံ တည်ပါစေ | ၁၂၃ |
| ၃၆။ | သရဏဂုံ အကျိုးပြ | ၁၂၃ |
| ၃၇။ | အန္တရာယ်ကင်း မေတ္တာပို့<br>ဝတ်အသင်းများ ရွတ်ဆိုရန် | ၁၂၇ |
| ၃၈။ | မေတ္တာအကျိုး ၁၁ - မျိုး ဆောင်ပုဒ် | ၁၂၉ |
| ၃၉။ | ဆုတောင်း | ။ |
| ၄၀။ | အမျှဝေ | ။ |
| ၄၁။ | နှစ်ဦးမေတ္တာ ကဗျာလက်ဆောင် | ၁၃၀ |
| ၄၂။ | ဓမ္မဒါန ကုသိုလ်ရှင်များ | ၁၃၁ |

# လျှောက်လွှာ

လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။

တပည့်တော်သည် ဆရာတော် ဆရာတော်များ မကြာမကြာ ဟောကြားလေ့ရှိသော "ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ ဘောက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည်း" ဟူသော ဆောင်ပုဒ်လင်္ကာအရ ဒိဋ္ဌိကွာစေတတ်သော လုပ်ငန်းတပါး ကမ္မဋ္ဌာန်းတရားကို တပည့်တော်နှင့်တကွ အားလုံး ဒိဋ္ဌိကွာ သိရှိကြရအောင် ရေးသား၍ ပေးသနားတော်မူပါမည့်အကြောင်း ရှိခိုးလျှောက်ထားဝံ့ပါသည် ဆရာတော်ဘုရား။ ။

ပုံ / ဦးကံဆိုင်
ပင်လောင်ရွာ
ပင်လည်ဘူးမြို့အပိုင်၊ ကသာခရိုင်။

# မှာတမ်း

(၁) ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ။
**ဘ၀ဂ္ဂ** တမ္ပိ သမ္ပတ္တာ၊ **ပုန** ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။

**(ဘာသာပြန်)**။ ကောင်းမှုတေဇော် အာနုဘော်သည် မြှောက်ပင့်၍ တင်အပ်ကုန်သော လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံသို့ လားရောက်၍ နေကြကုန်သော ပုထုဇဉ် လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် ကုသိုလ်အဟုန် မကုန်ခင် အတ္တဒိဋ္ဌိ အယူမှားကြီးကို တားဆီးနိုင်တဲ့ မဂ်တရားကို လက်ကိုင်ရရှိ၍ မထားကြသေးလျှင် ကုသိုလ်အဟုန်ကုန်က အပါယ်လေးဘုံသို့ တဖန်ပြန်၍ **ကျ**တတ်ပြန်သည်ဟု ဆိုလိုပေသည်။ ။

**ဆောင်ပုဒ်**။ ။ရုပ်နာမ်မသိ၊ ဒိဋ္ဌိမကွာ၊ သစ္စာမသိ၊ ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ ဘောက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည်း။ ။ (ကြီးကြီးမားမား သတိထား)

(၂) သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ၊ သက္ကာယဒိဋ္ဌိံ ပဟာနာယ၊ သတော **ဘိက္ခု** ပရိဗ္ဗဇေ။ ။

**(ဘာသာပြန်)**။ ရင်ဝလှံစူး ထိပ်ဦး မီးလောင်နေသော သူသည် ထိုစူးသောလှံ လောင်သောမီးကို ဆောလျင်စွာ အရေးတကြီး နှုတ်ဘို့ရာ ငြိမ်းသတ်ပစ်ဘို့ရာ လွန်စွာ လွန်စွာ အရေးကြီးသည်ထက်ပင် အပါယ်ဘေးကို ရှုလေ့ရှိသော **သူ**သည် မိမိ**ခ**န္ဓာကိုယ်၌ အနိစ္စ,ဒုက္ခ,အနတ္တဖြစ်တဲ့ ဒုက္ခသစ္စာ

# မှာတမ်း

ရုပ်နာမ် ခန္ဓာကိုယ်ပင် ငါ့ကိုယ်- အတ္တ-မှတ်ထင်ယူဆမှားနေတဲ့ သက္ကာယဒိဋ္ဌိ တရားဆိုးကြီးကို သေနေ့မဦးခင် အပြီးအပြတ် လက်စသတ် ပယ်ဖြတ်ခြင်းငှါ လွန်စွာ လွန်စွာ အရေးကြီး ကြောင်းကို ဟောတော်မူခဲ့ပေသည်။ ။

**ဆောင်ပုဒ်များ။ ။**တရားအလုပ်၊ အားမထုတ်၍၊ နာမ်ရုပ် နှစ်တန်၊ သူဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌိ၊ မသိကြ၍၊ ငါထ,ငါထိုင်၊ ငါသွား, ငါကြွား၊ ငါသိ,ငါကြည့် ငါမြင်၊ ဓါတ်ဖြစ်အင်ကို၊ ငါပင်မုချ၊ မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌိ စွဲလမ်းမှုကြီးပါ တကား။ ။

**ဒိဋ္ဌိသက္ကာယ၊ မကွာသမျှ၊လေးဝအပါယ်၊ရောက်ဦးမယ် နှင်ဝယ်သတိထား။**

သို့အလားကြောင့်၊ ဘုရားမြတ်စွာ၊ စိန္တေယျာက၊ ရင် ဝလှံစူး၊ ထိပ်ဦးမီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ အားထုတ်ရန်သဘောကို " သ တ္တိ ယာ ဝိ ယ သြ မ ဋ္ဌော " ဟု ဟောတော်မူခဲ့လေသတည်း။ ။

**ဒိဋ္ဌိသက္ကာယ၊ တဒင်္ဂပဟာန်၊ ပယ်စွန့်ပြန်၊ စူဠသော ဘာပန်။**

**သမုစ္ဆေဒ၊ ပယ်စွန့်က၊မဟာသောတာပန်။ဘုံစဉ်စံ အရိယာ ဝိသာခါ** အနာထပိဏ်တို့လို ဖြစ်ရမည် ခလွှဲပါတကား။ ။

( အရေးကြီးတရား ဒိဋ္ဌိအမှား ရှေ့ဦးထင်ရှားပါလတ္တံ့ )

၂၁၇၈

မင်္ဂလာပါ

မဂ် ဖိုလ် ဝင်လမ်း

# ဒွတ္တိံသ ကမ္မဋ္ဌာန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

ဘုရား,တရား,သံဃာ, ဆရာသမားတို့အား ညွှတ်ဟွား ရိုကျိုး တည်ငါးမျိုးဖြင့် ရှိခိုးပါ၏။ ဤကောင်းမှုကြောင့် အန္တရာယ်ကင်းခြင်း ကျမ်းပြီးခြင်းနှင့် လိုအပ်သော အကျိုး ရစေသောဝ်။ ။

နိဒါန်း

"အညတြ ဗုဒ္ဓုပ္ပါဒါ အပ္ပဝတ္တပုဗ္ဗံ၊ သဗ္ဗတိတ္ထိယာနံ အဝိသယဘူတံ" ဆိုတဲ့ ခုဒ္ဒကဋ္ဌကထာနှင့် အညီ...၊ ဘုရားပွင့် တော်မူသော ခေတ်ကာလကို ကြဉ်၍ ရှေး၌ မဖြစ်ဘူးသော အလုံးစုံသော တိတ္ထိတို့၏ အရာမဟုတ်သော ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို လက်ရှိဘဝ ပဋိသန္ဓေမှ စုတိ သေနေ့သို့ ကျအောင် တွေ့ရှိ ခံစားနေကြရတဲ့ ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသော ပဋိသန္ဓေ နေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း ဟူသော ဘေးဆိုး ရန်ဆိုးအမျိုးမျိုး၊ ငရဲဘေး, တိရစ္ဆာန်ဘေး, ပြိတ္တာ

ဘေး, အသူရကာယ်ဘေး စသော အပါယ်ဘေး အမျိုးမျိုးတို့ကို တမျိုးပြီးတမျိုး ( ခေါင်းထိုးပြီး )ဘဝတိုင်း ဘဝတိုင်း မလွဲသာ မရှောင်သာ လွဲမဖြစ် ရှောင်မဖြစ်နိုင်ကြဘဲ ဖြစ်ပျက်မွေးသေ ဖြစ်ပျက် မွေးသေဆိုတဲ့ သံသရာ ဝဋ်ဆင်းရဲကြီးထဲမှ တခါထဲ ကျွတ်လွတ်ထွက်မြောက် မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို ရောက်အောင် ရအောင် တကယ်ဘဲ ရွက်ဆောင်ပေးနိုင်တဲ့ စွမ်းရည်သတ္တိ ကျပ်ပြည့်ရှိသော ( အရေလျှင် ငါးခုမြောက်ရှိသော )ဤ(**တစပဥ္စက ကမ္မဋ္ဌာန်း** )ကို အသက်ထက်ဆုံး လက်ကိုင်ထား၍ ကြိုးစားအားထုတ်ကြပါလေ၊ အို့နာ့သေရေး ဒုက္ခဘေးတို့ကို မြှော်တွေးကြောက်ဌား သူတော်ကောင်း အများတို့....॥ ॥

.................... ....

(၁) အမတံ တေ ဘိက္ခဝေ န ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ န ပရိဘုဉ္ဇန္တိ॥

(၂) အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာ သတိံ ပရိဘုဉ္ဇန္တိ॥

**ဘာသာပြန်**॥ ॥ရဟန်းတို့.... အကြင်သူတို့သည် ကာယဂတာ**သတိ**ကို ဆင် ခြင် ပွါး များသော အား ဖြင့် မသုံးဆောင်ကြကုန်॥ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်ရကုန်॥ ॥

ရဟန်းတို့ အကြင်သူတို့သည် ကာယဂတာ သတိကို ဆင်ခြင်ပွါးများသောအားဖြင့် သုံးဆောင်ကြကုန်၏॥ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရကုန်၏॥

ဤသို့ စသည်ဖြင့် မြတ်စွာဘုရားသည် အတိုင်းထက် အလွန် များစွာသော အခြင်းအရာဖြင့် ဤကာယဂတာ သတိ ကမ္မဋ္ဌာန်းကို အလွန်အကြူး အထူးသဖြင့် ချီးမွမ်းတော် မူ၍ ဟောတော်မူခဲ့သည်ကို သတိပြုကာ ဤကာယဂတာသတိ ကမ္မဋ္ဌာန်းကို အမြဲတန်း လက်ကိုင်ထားကြပါကုန်။

.........................

(၃) ဤကာယဂတာ သတိကမ္မဋ္ဌာန်းဆိုသည်**ကား** အခြားမဟုတ် မိမိကိုယ်မှာ အမြဲတန်းရှိနေကြတဲ့ ဆံပင်အစ ကျင်ငယ်အဆုံးရှိတဲ့ ၃၂-ခု၊ ၃၂-စု၊ အပေါင်းအစုတို့ကို တစုပြီး တစု သတိနှင့်မကွာ ပညာနှင့်မကင်း အဘန်တလဲလဲ ဆင်ခြင် နှလုံးသွင်းခြင်းကို ကာယဂတာ သတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသည်ဟု ဆိုရလေသည်။

ထိုတွင် အကုန်လုံးမဟုတ်သေးဘူး၊ အရေလျှင် ငါးခု မြောက်ရှိတဲ့ ကမ္မဋ္ဌာန်းကို ( **တစပဉ္စက ကမ္မဋ္ဌာန်း** )ဟု ဆိုရ သည်။ ဤ တစပဉ္စက ကမ္မဋ္ဌာန်းကို စီးဖြန်းလျှင်လဲဘဲ နောင် သောအခါ မဂ် ဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ဘို့ရဘို့ရာ လွန် စွာ အား ကြီး သော အကြောင်း ကောင်းကောင်းကြီး ဖြစ်တယ်တဲ့။

ငါတို့ဘုရားလက်ထက်တော်မှာ လာဘ်ပေါ်များတဲ့နေရာ ဧတဒဂ်ရတဲ့ ရှင်သီဝလိမထေရ်ဟာ ရှေးဘဝတုန်းက ဤ တစ ပဉ္စက ကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့တဲ့ ကုသိုလ်ကြောင့် ငါတို့ ဂေါတမဘုရားလက်ထက်မှာ သူတပါးနှင့်မတူ ထူးထူးခြားခြား **“ကုစ္ဆိဂတေယေဝ သတ္တဝဿာနိ အတိက္ကမိံသု၊ ပရိပက္ကာ**

**ဂစ္ဆ သတ္တာဟံ မဟာဒုက္ခံ အနုဘောတိ** ” ဟူသော အင်-ဌ ကထာနှင့်အညီ အမိသုပ္ပဝါသာရဲ့ဝမ်းထဲမှာ ခုနစ်နှစ် ပဋိသန္ဓေ နေ၍ ခုနစ်ရက်စေ့မှ မွေးဘွားလာတဲ့ခါ ခုနစ်နှစ်သား အရွယ် မှာပင် အရှင်သာရိပုတ္တရာထံမှာ ရှင်ပြုမယ်လို့ ဆံရိတ်တဲ့ခါ ဤအရေလျှင် ငါးခုမြောက်ရှိတဲ့ တစပဉ္စကကမ္မဋ္ဌာန်းကို စီးဖြန်း နေစေ၍ ဆံရိတ်တဲ့ခါ ခေါင်းပေါ်က ဆံတထွေး ကျလာတော့ သောတာပန် ဖြစ်သွားတယ်၊ ဆံနှစ်ထွေးကျလာတော့ သက ဒါဂါမ် ဖြစ်သွားတယ်၊ ဆံသုံးထွေး ကျလာတော့ အနာဂါမ် ဖြစ်သွားတယ်၊ ခေါင်းရိတ်သင်မှုန်း ပြီးဆုံးသွားတဲ့ခါကျတော့ ရဟန္တာဖြစ်သွားသတဲ့။

ရှင်နိတလဲ ထို့အတူ၊ ရှင်ဒဗ္ဗလဲ ထို့အတူ၊ ဆံရိတ်လို့လဲ ပြီး ရဟန္တာကြီးလဲဖြစ် ဘယ်လောက်နေရာကျသလဲ၊ အဲဒါ ဟာ အခြားကြောင့်မဟုတ်ဘူး၊ ရှေးဘဝက ဤ တစပဉ္စက ကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့ဘူးတဲ့ ကုသိုလ်ကြောင့် ရှင်တောင်မပြု ရသေး၊ရဟန်းတောင်မခံရသေးဘူး၊လွယ်လွယ်ကူကူ လျင်လျင် မြန်မြန်နှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်နိုင် ရနိုင်ကြတာဘဲလို့ သိရှိကြလေ။

**ကေနိပါတ် အင်္ဂုတ္တိုရ် ဋ္ဌကထာ ရှင်သီဝလိ ဝတ္ထုမှာ လာတယ်။**

.........................

(၄) ထိုမှတပါး ဤ တစပဉ္စက, ကမ္မဋ္ဌာန်းဖြင့် ရဟန္တာ ဖြစ်သွားတဲ့ ရှင်နိတမထေရ်ရဲ့ ဝတ္ထုတခုကို ပြဆို ပါဦးအံ့။ ရှေးကစကား တဆင့်ကြားဘူးသည်ကား ရှင်နိတ

မထေရ်သည် ပန်းမှိုက်စွန့်အမျိုးမှ ထွက်၍ ရဟန်းပြုရန် ဆံရိတ်သည်ရှိသော် ရှေးဦးစွာ ရိတ်သောဆံကို ရှင်လောင်း၏ လက်ဖဝါးပေါ်တွင် တင်ထားကာ ၎င်းဆံပင်ကို စေ့စေ့ ကြည့်၍ အာရုံတပါး စိတ်ထွက်မသွားစေဘဲ........

"ဆံပင်၊ မွေးညှင်း၊ လက်သည်း- ခြေသည်း၊ သွား၊ အရေ။ အရေ၊ သွား၊ ခြေသည်း - လက်သည်း၊မွေးညှင်း၊ဆံပင်"ဟု အနုလုံ ပဋိလုံ၊ အပြန် အလှန်၊ အံကာ အံကာ၊ ပြန်ကာ ပြန်ကာ၊ တစာစာလျှင်၊ လေ့လာစွာလှ၊ အဝါးဝ၍၊ အဆင်း၊ အနံ့, စသည်ကျဉ်းချုပ်၊ ခွဲးကောင်ပုပ်သို့၊ စက်ဆုပ်တလွှ၊ ရာဂကင်းကွာ တဏှာမငြိ - နိဗ္ဗိန္ဒဝိရာဂဖြစ်အောင်၊ (ဝါ) မိမိ ခန္ဓာကို မုန်းတီးငြီးငွေ့လာတဲ့ နိဗ္ဗိန္ဒဉာဏ် ရင့်သန်ထက်မာလာ အောင် ဆင်ခြင်ပွါးများ အားထုတ်၍ နေသည်ရှိသော် "တခေါင်းလုံး ဆံရိတ်လို့လဲပြီး ရဟန္တာကြီးလဲဖြစ်" တပြိုင်နက် ဖြစ်သွားသတဲ့။

ကဲ ကြည့်ကြစမ်း၊ တယ်တော်တဲ့ ကိုယ်တော်ဘဲနော်၊ ငါတို့နှင့်မတူလိုက်တာ မတူတာမှ ဆယ်မတူ၊ ကိုးမတူ၊ ဆယ့် ကိုးမတူဘဲ၊ ဘာတူမလဲ သူ့လိုမှ မခဲဘဲကိုး၊ မ,တထောင် တကောင်ပေါက်လို့ ဆိုလောက်ပါပေတယ်။ သူလိုသာ ခဲကြ မဲကြရင်တော့ သူ့လိုဘဲ ဖြစ်နိုင်စရာ ရှိပါတယ်၊ အားငယ်စရာ မရှိပါဘူး။

ခန္ဓဝဂ္ဂ သံယုတ် ဋ္ဌကထာမှာ လာတယ်၊

(၅) ဤလို ဤပုံ ရှေးဘုရား လက်ထက်ကရော ငါတို့ဘုရားလက်ထက်မှာရော ရှင်ပြုလို ရဟန်းပြုလို၍ ဆံရိတ်ကြတဲ့ခါ အဆိုပါ အကျိုးအာနိသင်တို့ကို ရည်ကိုး၍ ဤတစပဉ္စက ကမ္မဋ္ဌာန်းကို ပေး၍ပေး၍ ဆံရိတ်ခြင်း အမှုကိုပြုရသည်မှာ ဗုဒ္ဓဘာသာတို့၏ ထုံးစံဓမ္မတာ ဖြစ်လေတော့သည်။

ဤလို တစပဉ္စက ကမ္မဋ္ဌာန်းကို မပေးဘဲ ဆံရိတ်ပေးပါက နောင်သောအခါ အလွယ်နှင့် မဂ်ဖိုလ်ကို မရစေနိုင်ဘူးတဲ့၊ မဂ် ဖိုလ် ဥပနိဿယကို ဖျက်ဆီးရာ ကျသတဲ့။ ထို့ကြောင့် အဆိုပါ မဂ် ဖိုလ် ဥပနိဿယကို ဖျက်ဆီးရာ မကျအောင် ရှင်လောင်းများ ရှင်ပြုပေးတဲ့ခါ ဤတစပဉ္စက ကမ္မဋ္ဌာန်းကို ပေး၍ပေး၍သာ ရှင်ပြုကြရသည်၊ မပေးဘဲ ရှင်မပြုရဟု သိလေ မှတ်လေ။

......................

(၆) ထို့ကြောင့် "အဗျတ္တာ ဘိက္ခူ ပန ပဗ္ဗဇေန္တာ အရဟတ္တူ ပ နိဿယံ နာသေန္တိ"ဟု ဓမ္မပဒ ဝနဝါသီ တိဿဝတ္ထုဋ္ဌ လာ၏။

အနက်။ ။ အဗျတ္တာ၊ ရှင် ရဟန်းပြုတဲ့နေရာ၌ မလိမ္မာကြကုန်သော။ ဘိက္ခူပန၊ စာပေမသင်ကြား၍ ဗဟုသုတ နည်းပါးလှတဲ့ ရဟန်းတို့သည်ကား။ အတ္တနော၊ မိမိ၏။ နိဿိတကေ၊ တပည့်တို့ကို။ ပဗ္ဗဇေန္တာ၊ ရှင် ရဟန်း ပြုပေးကြကုန်သည်ရှိသော်။ တစပဉ္စက ကမ္မဋ္ဌာန်း၊ အရေလျှင်

ငါးခုမြောက်ရှိသော တစပဉ္စက ကမ္မဋ္ဌာန်းကို။ အဒတွာ၊ မပေးဘဲ။ ပဗ္ဗဇိတတ္တာ၊ ရှင်ရဟန်းပြု၍ ပေးမိသောကြောင့်။ အရဟတ္တဿ၊ အရဟတ္တဖိုလ်၏။ ဥပနိဿယံ၊ နောင်သောအခါ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရဘို့ ရောက်ဘို့ရာ လွန်စွာ အားကြီးအားကောင်းသောအကြောင်းကို။ နာသေန္တိ၊ ဖျက်ဆီးကြကုန်၏။ (ဝါ)၊ ဖျက်ဆီးရာကျ၍ ဖျက်ဆီးရာ ရောက်ကုန်၏။ ။ ဤကား အနက်။

ထို့ကြောင့် ရခဲတဲ့လူ့ဘဝ ကြုံခဲတဲ့ သာသနာတော်ကြီးနှင့် ကံကောင်းထောက်မ၍ ကြုံကြိုက်နေကြတဲ့ ယခုဘဝကြီးမှာ ရှင်ရဟန်းပြုလို၍ ဆံရိတ်ကြတဲ့ခါ အဆိုပါ တစပဉ္စက ကမ္မဋ္ဌာန်းကို မပေးမိဘဲ အမှတ်တမဲ့ ဆံမရိတ်ရာ၊ ပေးပြီးမှသာ ဆံရိတ်ကြရမည်ဟု အသက်ထက်ဆုံး မှတ်ရာသည်။

**ပေးပုံကား။** ။ ရှင်လောင်း ရဟန်းလောင်းကို ဆံရိတ်တော့မည်ဆိုလျှင် ဆံမရိတ် ဆံမချခင် မျက်မှောက်၌ ထင်ရှားရှိတဲ့ ရဟန်းတော်တို့အား "အရှင်ဘုရားတို့ ယခုအခါ ရှင်လောင်းကို ဆံရိတ်ပါတော့မည်" ဟု သုံးကြိမ်သုံးခါ ပန်ကြားပြီးလျှင် ခေါင်းကိုရေဆွတ်၍ ရှေးဦးစွာ ရိတ်၍ရသော ဆံပင်ထွေးကို ရှင်လောင်း၏ လက်ဘဝါးပေါ်မှာ တင်ထားစေပြီးလျှင် အာရုံတပါး စိတ်ထွက်၍ မသွားစေဘဲ....

"ဆံပင်၊ မွေးညှင်း၊ လက်သည်း-ခြေသည်း၊ သွား၊ အရေ။ အရေ၊ သွား၊ ခြေသည်း-လက်သည်း၊ မွေးညှင်း၊ ဆံပင်"ဟု အနုလုံ ပဋိလုံ အပြန်အလှန် ဆံရိတ်၍ မပြီးမချင်း ဆို၍ နေစေရမည်။ ။

**သို့မဟုတ်** ၁။ ဆံပင်တို့သည် မစင်ကြယ်၊ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီး ပါတကား။

၂။ မွေးညှင်းတို့သည် မစင်ကြယ်၊ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီး ပါတကား။

၃။ လက်သည်း - ခြေသည်းတို့သည် မစင်ကြယ်၊ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီး ပါတကား။

၄။ သွားတို့သည် မစင်ကြယ်၊ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီးပါတကား။

၅။ အရေတို့သည် မစင်ကြယ်၊ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီး ပါတကား။

ဟူ၍ ဆံရိတ်ပြီးသည်တိုင်အောင် ဆို၍နေစေရမည်။ ဤလို ဤပုံ ဆိုတတ် ဆင်ခြင်တတ်အောင်လည်း ရှင်မပြုမီ ရှေးအဘို့က နှုတ်တွင်ရွရွ ရရှိထားအောင် ဆင်ခြင်နှလုံးသွင်း တတ်အောင် ဆရာဘုန်းတော်ကြီးက သင်ကြား ပေးထား ရမည်။ ဤသည်ပင်လျှင် "တစပဉ္စက "ကမ္မဋ္ဌာန်းကို ပေး၍ ရှင်ပြုခြင်းပေတည်း။ ။

## မဂ် မိုးကြိုး

ဤလို ဤပုံ ရှင်ပြု၍ပေးသော ရှင်လောင်းသည် ရှေးဘဝက သုံးသပ်ခဲ့ဘူးသော သခ်ါရတရား ရှိသည်ဖြစ်အံ့ စူးထိုးခြင်း ဆူးထိုးခြင်းကို စောင့်မြှော်၍နေသော ပြည့်မှည့်ပြီးသော အနာအိုကြီးကဲ့သို့ရင်း၊ နေအရုဏ်တက်ခြင်းကို စောင့်လင့် မြှော်လင့်၍နေသော ပဒုမ္မာကြာကဲ့သို့ရင်း၊ အဆိုပါ တစပဋ္ဌကကမ္မဋ္ဌာန်းကို နှလုံးသွင်းကာမျှဖြင့်ပင်လျှင် သိကြား လက်နက် မိုးကြိုးစက်သည် ကျောက်တောင်ကြီးကို မှုန်မှုန့် ညက်ညက် ပြုသကဲ့သို့၊ (ဝါ) ပြိုကွဲစေသကဲ့သို့၊ ထို့အတူပင် ကိလေသာတည်းဟူသော ကျောက်တောင်ကို မဂ်မိုးကြိုးကြီးနှင့်ပစ်ခွဲကာ ဆံရိတ်သင်ဓနုန်း အပြီးအဆုံး၌ပင်လျှင် အရဟတ္တမဂ် ဖိုလ်သို့ ရောက်၏ဟု ဝိနည်းမဟာဝါ မဟာခန္ဓကမှာ ပြဆိုလျက်ရှိသည်ဟု သိလေ မှတ်ကြလေပါ။

သို့ရာတွင် ရှင်လောင်းနှင့် ရှင်ပြုပေးသော ဆရာသည် အကျယ်မစွမ်းနိုင်မှသာ အကျဉ်းအားဖြင့် ဤ တစပဋ္ဌက ကမ္မဋ္ဌာန်းကို ပေးရမည်။ စွမ်းနိုင်ပါမူကား အလုံးစုံသော ဆံအစ ကျင်ငယ်အဆုံးရှိသော ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ပြောကြားခြင်းငှါ အပ်၏ သင့်၏။

ထိုစကားသည်မှန်၏။ ဤ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းသည်ကား အလုံးစုံသောဘုရားရှင်တို့၏ မစွန့်မလွှတ်အပ်သော (ဝါ) စွန့်လွှတ်တော် မမူကြသော ကမ္မဋ္ဌာန်း လက်ဟောင်း အကောင်းစားကြီးပေတည်း။ ။

ဤလို သုံးဆယ့်နှစ်ပါးလုံး အပြည့်အစုံ အကုန်လုံးကို ထားဘိဦး၊ ကောသာဒီသု ကောကေနပိ အရဟတ္တ ပတ္တာနိ ဘိက္ခူနမ္ပိ ဘိက္ခုနီနမ္ပိ ဥပါသကာနမ္ပိ ဥပါသိကာနမ္ပိ ပရိစ္ဆေဒေါ နတ္ထိ- နှင့်အညီ ဤဆံပင်စသော တခုတခု တစုတစုသော အစုတို့၌ သမထစည်းကမ်း ဝိပဿနာစည်းကမ်း နည်းလမ်းတကျ ပွါးများအားထုတ်ကြ၍ အရဟတ္တမဂ်သို့ ရောက်ကြရကြတဲ့ ရဟန်းယောကျ်ား ရဟန်းမိန်းမ လူယောကျ်ား လူမိန်းမတို့ဟာ ဤရွေ့ဤမျှ ရှိပြီဟူ၍ အရေအတွက် အပိုင်းအခြားမရှိအောင် များလှပြီတဲ့။

**ဓမ္မပဒ ဋ္ဌကထာ ဝနဝါသီ တိဿဝတ္ထုမှာ လာတယ်။**

ဤလို ဤပုံ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်စေနိုင် ရစေနိုင်တဲ့ စွမ်းရည်သတ္တိ ကျပ်ပြည့်ရှိသော ဤတစပဉ္စက ကမ္မဋ္ဌာန်းကို လက်ရှိဘဝ စုတိကျအောင် အမြဲတန်း လက်ကိုင်ထား၍ ပွါးများ အားထုတ်ကြပါလေ မဂ် ဖိုလ်စောင့်မြှော်သူတော်အပေါင်းတို့။

........................

## (၇) တစပဉ္စက ကမ္မဋ္ဌာန်း စီးဖြန်းပုံ

**ပါဠိသက်သက် စီးဖြန်းပုံ။** ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ (အနုလုံ)

**တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ၊** (ပဋိလုံ)

(အရကျက်)

မြန်မာသက်သက် စီးဖြန်းပုံ၊

ဆံပင်၊ မွေးညှင်း၊ လက်သည်း-ခြေသည်း၊ သွား၊ အရေ၊ (အနုလုံ)
အရေ၊ သွား၊ ခြေသည်း - လက်သည်း၊ မွေးညှင်း၊ ဆံပင်။ (ပဋိလုံ)

(အရကျက်)

---

တနည်း ပါဠိသက်သက် စီးဖြန်းပုံ။

ကေသာနာမ၊ ဝဏ္ဏတောပိ၊ သဏ္ဌာနတောပိ၊ ဂန္ဓတောပိ၊ အာသယတောပိ၊ ဩကာသတောပိ၊ အသုစိ၊ ဇေဂုစ္ဆိ၊ အပ္ပဋိကူလံ။

လောမာနာမ ။ပ။ နခါနာမ ။ပ။ ဒန္တာနာမ ။ပ။....တစောနာမ ဝဏ္ဏတောပိ၊ သဏ္ဌာနတောပိ၊ ဂန္ဓတောပိ၊ အာသယတောပိ၊ ဩကာသတောပိ၊ အသုစိ၊ ဇေဂုစ္ဆိ၊အပ္ပဋိကူလံ။ ။

မြန်မာသက်သက် စီးဖြန်းပုံ။

ဆံပင်တို့မည် သည် အဆင်းအားဖြင့်ရင်း၊ သဏ္ဌာန်အားဖြင့်ရင်း၊ အနံ့အားဖြင့်ရင်း၊ အကျိုးဆက်အားဖြင့်ရင်း၊ တည်ရာအရပ်အားဖြင့်ရင်း၊ မစင်ကြယ်။ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီးပါတကား။ ။

မွေးညှင်းတို့သည်.... .... ရှေးနည်းတူဆိုလေ။ ။

လက်သည်း-ခြေသည်းတို့သည်........။
သွားတို့သည်.... .... .... .... ။
အရေတို့သည် အဆင်းအားဖြင့်၎င်း၊ သဏ္ဍာန်အားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ အကျိုးဆက်အားဖြင့်၎င်း၊ တည်ရာ အရပ်အားဖြင့်၎င်း၊ မစင်ကြယ်။ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီး ပါတကား။ ။

---

တနည်း ဆင်ခြင်ပုံ၊ ၁။ ဆံပင်တို့သည် မစင်ကြယ်၊ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီး ပါတကား။

၂။ မွေးညှင်းတို့သည် မစင်ကြယ်၊ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီးပါတကား။

၃။ လက်သည်း-ခြေသည်းတို့သည် မစင်ကြယ်၊ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီး ပါတကား။

၄။ သွားတို့သည် မစင်ကြယ်၊ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီး ပါတကား။

၅။ အရေတို့သည် မစင်ကြယ်၊ စက်ဆုပ်ဘွယ်၊ ရွံရှာဘွယ်ကြီး ပါတကား။

( အရကျဲက် )

ဤကဲ့သို့ အိပ်ရာဝင်တိုင်း အိပ်ရာဝင်တိုင်း ဆင်ခြင်။ **တနည်း-** နံနက်ဆယ်ကြိမ်၊ နေ့ဆယ်ကြိမ်၊ ညဆယ်ကြိမ်၊ တနေ့ အကြိမ်သုံးဆယ်ဆင်ခြင်။ (ဝါ) သတိရတိုင်း ရတိုင်း **ဆင်ခြင်၍** ပေးလေ။

နောက်က ပြဆိုခဲ့တဲ့ အတိုင်း ရှင်သီဝလိ ရှင်နိတ ရှင်ဒဗ္ဗတို့ ဝတ္ထုသွားကိုထောက်၍၊ ဤတစပဉ္စက ကမ္မဋ္ဌာန်းသည် နောင်သောအခါ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရစေရောက်စေနိုင်သောအကြောင်း ကောင်းကောင်း ဖြစ်သည်ကို သိ၍ အသက်ထက်ဆုံးလက်ကိုင်ထား၍ ပွါးများအားထုတ်ကြပါလေ။

ဤလို ယခုဘဝက အားထုတ်၍ မထားလျှင် နောင်သောအခါ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်မည်မဟုတ်ဟု သိ။ ။

---

**တနည်း ပါဠိသက်သက် ဆင်ခြင်ပုံ။**

ကေသာနာမ ဣမသ္မိံ သရီရေ ပါဠိယက္ကော ကော ကောဋ္ဌာသော၊ အ စေတနော၊ အ ဗျာကတော ၊ သုညော၊ နိသတ္တော၊ ထဒ္ဓေါ ပထဝီဓါတု။

လောမာနာမ ။ပ။ နခါနာမ။ပ။ ဒန္တာနာမ ။ ပ ။ တစောနာမ၊ ဣမသ္မိံ သ ရီ ရေ ပါဠိယက္ကော

ဧကော ကောဋ္ဌာသော၊ အစေတ
နော၊ အဗျာကတော၊ သုညော၊
နိသတ္တော၊ ထဒ္ဓေါ ပထဝီဓါတု။

( အရကျက် )

မြန်မာသက်သက်ဆင်ခြင်ပုံ။

ဆံပင်တို့မည်သည်ကား ဤ ငါ၏ခန္ဓာ ကိုယ် ၌ မွေး ညှင်း စ သည် တို့ မှ အ သီး အ ခြား တ ပါး တ စု ဖြစ် သော အစုတခု တည်း၊ သိတတ် စေ့ဆော်တတ်သော စိတ် စေတနာမရှိ၊ ရုပ်တရား သက်သက် သာတည်း။ သတ္တ- ဇီဝ- နိစ္စ- သုခ- အတ္တ- သုဘ သဘောမှ ဆိတ်သုဉ်းကုန်၏။ သတ္တဝါလည်းမဟုတ် ကြမ်းတန်း ခက် မာသော ပထဝီလွန်ကဲသော အစုတခု သာတည်း။ ။

မွေးညှင်းတို့ မည်သည်ကား အထက် နည်းအတိုင်း ဆိုလေ။

လက်သည်း ခြေသည်းတို့သည်ကား....။

သွားတို့မည်သည်ကား....။ ။

အရေမည်သည်ကား....။ ။

(အရကျက်)

ဤကား ဓါတ်အားဖြင့် ဆင်ခြင်ပုံတည်း။ ။

**တနည်းပါဠိသက်သက် ဆင်ခြင်ပုံ။** ကေသာ သုညာ အတ္တေနဝါ အတ္တနိယေနဝါ နိစ္စေနဝါ ဓုဝေနဝါ သဿတေနဝါ အဝိပရိဏာမေနဝါ။ ။

လောမာ သုညာ။ပ။နခါသုညာ။ပ။ ဒန္တာသုညာ။ပ။တစောသုညော၊အတ္တေနဝါ အတ္တနိယေနဝါ နိစ္စေနဝါ ဓုဝေနဝါ သဿတေနဝါ အဝိပရိဏာမေနဝါ။ ။

**မြန်မာသက်သက် ဆင်ခြင်ပုံ။** ဆံပင်တို့သည်အစိုးရခြင်း အလိုသို့လိုက်ခြင်း အနှစ်အသားရှိခြင်း အတ္တမှဍင်း။ အတ္တ၏ ဥစ္စာမှဍင်း။ အသစ်မဖြစ်သဖြင့် မြဲခြင်းမှဍင်း။ မပျက်သဖြင့် မြဲခြင်းမှဍင်း။ အခါခပ်သိမ်း တည်သဖြင့် မြဲခြင်းမှဍင်း။ မဘောက်မပြန်ခြင်းမှဍင်း။ (ဝါ)သဘောမှဍင်း။ ဆိတ်သုဉ်းကုန်၏။ (ဆိတ်သုဉ်းတယ်ဆိုတာ ဘာတခုမှ မဖြစ် မရှိတဲ့ သုညသဘော သက်သက်သာ) ။

မွေးညှင်းတို့သည် .... အထက်နည်းအတိုင်းဆိုလေ။

လက်သည်းခြေသည်းတို့သည် .... ဍင်း ။

သွားတို့သည် .... .... .... ဍင်း ။

အရေသည် .... .... .... ဍင်း ။

(အရကျက်)

ဤကား ဆိတ်သုဉ်းသောအားဖြင့် ဆင်ခြင်ပုံတည်း။

ပြဆိုခဲ့ပြီးသော ပါဠိမြန်မာ နှစ်ဘာသာတို့တွင် မိမိကြိုက်နှစ်သက်ရာနှင့်ပင် ဆင်ခြင်နိုင်လေသည်။ သို့ရာတွင် မြန်မာလူမျိုးတို့မှာ မြန်မာဘာသာနှင့် ဆင်ခြင်က ထင်လွယ်မြင်လွယ်သောကြောင့် ပိုမို၍ သင့်လျော် လျောက်ပတ်လေသည် ဟု သိမှတ်လေ။ ။

(မှာထားချက်) ။ ။ နောက်က ဘော်ပြခဲ့တိုင်း စက်ဆုပ်ဘွယ်အားဖြင့်ဆင်ခြင်၍ ထင်မြင်လျှင် ပဌမ ဈာန်ကိုရ၏။ အဆင်းအားဖြင့် ဆင်ခြင်၍ ထင်မြင်လျှင် (ဒု-တ-စ) ပဥ္စမ ဈာန်တိုင်အောင် ရ၏။ ဓါတ်အားဖြင့် ဆင်ခြင်၍ ထင်မြင်လျှင် အပ္ပနာသို့မရောက်၊ ဥပစာရ သမာဓိကိုရ၏။ ထိုသမာဓိမှ တဆင့်တက်၍ ထုံးစံအတိုင်း ရုပ်နာမ်ပိုင်းခြားကာရုပ်နာမ်အကြောင်းကိုသိမ်းဆည်းပြီး အကြောင်းနှင့်တကွသော ရုပ်နာမ်တို့ကို ဝိပဿနာ ဉာဏ်အဆက်ဆက်ဖြင့် ရှုမှတ်ပွါးများ အားထုတ်သွားပါလျှင်မူကား မဂ်ဖိုလ်နိဗ္ဗာန်သို့ပင် ရနိုင် ရောက်နိုင်၏ဟု ကျမ်းဂန်တို့၌ ပြဆိုထားကြ၏။ ။

ဤတွင် အကျဉ်းပြ တစပဥ္စက ကမ္မဋ္ဌာန်းနည်း ပြီး၏။

.................................

## (ဆောင်ပုဒ်များ)

အရေလျှင် ငါးခုမြောက်ရှိတဲ့ ၊တစပဥ္စက ကမ္မဋ္ဌာန်းကိုကွယ်၊ ဆင်ခြင်ပွါးများကြရမယ်၊ နောက်အခါဝယ်၊ ကြောက်

စရာမတွယ်၊ အပါယ်ဝေး၍၊ မဂ်ဖိုလ်ရရေး အစစ်အမှန် တကယ်။ ။

ဒို့ဘုရားလက်ထက်တော်ဝယ်၊ လာဘ်ပေါများတဲ့ ရှင်သီဝလိဟာကွယ်၊ ရှင်ပြုတဲ့ခါမယ်၊ ဤကမ္မဋ္ဌာန်းကိုဘဲစီးဖြန်း၍ ဆံရိတ်တယ်၊ ခေါင်းပေါ်က ဆံတထွေးကျလာတော့ သောတာပန်ဖြစ်တယ်၊ ဆံနှစ်ထွေး ကျလာတော့ သကဒါဂါမ် ဖြစ်တယ်၊ ဆံသုံးထွေးကျလာတော့ အနာဂါမ်ဖြစ်တယ်။ ဆံရိတ်သင်ခုန်းပြီးဆုံးတော့ ရဟန္တာကြီးဖြစ်လာတယ်၊ ရှင်နိတလဲထို့အတူကွယ်၊ ရှင်ဒဗ္ဗလဲ ထို့အတူကွယ်။ (မှတ်ကြကွယ် မှတ်ကြကွယ်) ရှေးကောင်းမှုကြောင့် ဤလိုဖြစ်နိုင်တယ်။

"အရကျက်၊ မပြတ်ပွါး၊ မဂ်ဖိုလ်ရတဲ့တရား"

ဤလို ဤပုံ နောင်သောခါ ချမ်းသာလွယ်ကူစွာ ရှင်သီဝလိ ရှင်နိတ ရှင်ဒဗ္ဗတို့လို ဆံရိတ်လို့လဲပြီး ရဟန္တာကြီးလဲ ဖြစ်ဆိုဘဲ့ မဂ်ဖိုလ်ကို ရက်တိုနှင့်ဘဲ ရစေရောက်စေတတ်သော အရေလျှင် ငါးခုမြောက်ရှိသော အကျဉ်းနည်းဖြစ်သော ဤ တစပဋ္ဌက ကမ္မဋ္ဌာန်းနှင့်ဘဲ အားမရ တင်းမတိမ် မကျေနပ်နိုင်ကြသေးဘဲ လက်ရှိဘဝ၌ဘဲ မဂ် ဖိုလ် နိဗ္ဗာန် ကို ရ လို ရောက် လို ကြ တဲ့ အမျိုး ကောင်း သား အမျိုးကောင်းသမီးတို့မှာ ရှေး၌ ဘော်ပြပါ "ကာယဂတာသတိ ကမ္မဋ္ဌာန်း" ဟူ၍ငင်း၊ "ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း" ဟူ၍ငင်း "ကာယာနုပဿနာ သတိပဋ္ဌာန်း

၂၁၇၇၄

သုံးဘွဲ့ခံကမ္မဋ္ဌာန်းကို ပါဠိသက်သက်ဖြစ်စေ မြန်မာသက်သက် ဖြစ်စေ၊ ပါဠိမြန်မာ နှစ်ဘာသာဖြစ်စေ၊ တမျိုးမျိုးတို့တွင် မိမိတို့ကြိုက်နှစ်သက်ရာ စွမ်းဆောင်နိုင်ရာ တမျိုးမျိုးကို ကြိုးစားအားထုတ်ကြပါလေ။ ။

ကာယဂတာ သတိကမ္မဋ္ဌာန်းအကျဉ်း ပြီး၏။

……………….o…………….

ဒိဋ္ဌသက်နည်း၊ ဒိဋ္ဌခွါနည်း နိသျည်း၊ သည်ကအစ

## (ဂ) ကာယဂတာ သတိကမ္မဋ္ဌာန်း အကျယ်

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ - လောမာ - နခါ - ဒန္တာ - တစော - မံသံ - နှာရု - အဋ္ဌိ - အဋ္ဌိမိဉ္ဇံ - ဝက္ကံ - ဟဒယံ - ယကနံ - ကိလောမကံ - ပိဟကံ - ပပ္ဖါသံ - အန္တံ - အန္တဂုဏံ - ဥဒရိယံ - ကရီသံ - မတ္ထလုင်္ဂံ - ပိတ္တံ - သေမှံ - ပုဗ္ဗော - လောဟိတံ - သေဒေါ - မေဒေါ - အဿု - ဝသာ - ခေဠော - သိင်္ဃာနိကာ - လသိကာ - မုတ္တံ။ ( ပါဠိ )

(အနက်) မေ၊ ငါ၏။ ဣမသ္မိံ ကာယေ၊ ဤအလျား တလံ အနံတထွာ ရှုပ်ကာယ်ပုပ် ခန္ဓာပုပ်ကြီး၌….

၁။ ကေသာ၊ နှစ်ကုဋေရှ ငါးသန်းခန့်ရှိသော ဆံပင် တို့သည်ရှင်း။

၂။ လောမာ၊ ကိုးသောင်းကိုးထောင်၊ (ဝါ) ကိုးသိန်း ကိုးထောင်ခန့်ရှိသော မွေးညှင်းတို့သည်ရှင်း။

၃။ နခါ၊ ငါးကြင်းကြေးသဘွယ် လက်သည်းတဆယ် ခြေသည်းတဆယ် နှစ်ဆယ်သော ခြေသည်း - လက်သည်း တို့သည်ရင်း။

၄။ ဒန္တာ၊ သုံးဆယ့်နှစ်ချောင်းသော သွားတို့သည် ရင်း၊ အတ္ထိသန္တိ၊ ထင်ရှားမသေ့ ရှိကြလေကုန်၏။

၅။ တစော၊ တကိုယ်လုံးကိုခွါ၍ လုံးသည်ရှိသော် ဇီးစေ့ခန့်မျှရှိသော အထူးထူးသော အဆင်းရှိသော အပေါ်ရေ ဟုခေါ်သော အရေပါး၊ ဖြူသောအဆင်းရှိသော တပူပြား တထုတ္တာထူသော အတွင်းရေဟုခေါ်သော အရေထူအားဖြင့် နှစ်မျိုးနှစ်စားရှိသော အရေရင်း။

၆။ မံသံ၊ တိုက်နံရံကို လိမ်းကျံသော မြေစိုင်ကဲ့သို့ အရိုးကိုလိမ်းကျံသော ကိုးရာသော အသားတစ်ရင်း။

၇။ နှာရု၊ နံရံကိုဖွဲ့သော ကြိမ်နွယ်ကဲ့သို့ အရိုးကို ဖွဲ့သော ကိုးရာသော အကြောကြီး အရသာကိုဆောင်သော ခုနစ်ထောင်သောအကြောငယ်အားဖြင့် နှစ်မျိုးနှစ်စားရှိသော အကြောရင်း။

၈။ အဋ္ဌိ၊ သုံးရာသော အရိုးကြီး အရိုးငယ်ရင်း။

၉။ အဋ္ဌိမိဉ္ဇံ၊ ကျက်စွာပေါင်း၍ ဝါးကျည်တောက်၌ ထည့်အပ်သော ကြိမ်ညွန့်နှင့် သဏ္ဌာန်တူသော ဖြူသော အဆင်းရှိသော ရိုးတွင်းခြင်ဆီရင်း။

၁၀။ ဝက္ကံ၊ ရေမျှိမှသက်သော အကြော၏အဆုံး၌ နှလုံးသားကို ခြံရံ၍တည်လျက် သရက်သီးနှစ်လုံးပြွတ် နှစ်လုံးပူးနှင့် သဏ္ဍာန်တူသော အနည်းငယ် နီသောအဆင်းရှိသော အသားဆိုင်နှစ်ခုဟု ဆိုအပ်သော အညို့ ၎င်း။

၁၁။ ဟဒယံ၊ သားမြွတ် နို့အုံနှစ်ခုတို့၏ အကြား အလယ် ကိုယ်အတွင်း ရင်ချိုင့်နှစ်ခုတို့၏ အကြား၌ တွဲလျားဦးစောက် (ဝါ) စောက်ထိုးတည်သော ပညာရှိသောသူအား အနည်းငယ်ပွင့်ကားသော ပညာမရှိသော သူအား စုန့်ကျဉ်းသော အပေါ်ဖက်ကို ခွါ၍ပစ်အပ်သော ပဒုမ္မာကြာငုံတမျှ ပြင်ဘက်က ပြေပြစ်သန့်ရှင်း အတွင်းက သပွတ်အူသဘွယ် အလယ်၌ ပုန်းညက်စေ့တစေ့ ဆံ့လောက်ရုံမျှသော တွင်းငယ်၌ စရိုက်နှင့်အညီ "နီမြန်းရာဂ၊ ဒေါသ မည်းငြား၊ သားဆေးမောဟ၊ တက္ကပဲရည်၊ ဝိသည်သဒ္ဓါ၊ ပညာပြိုးပြက်၊ ဇောတလျက်သွင်၊ အရောင်ထင်သော" မနော ဓာတ် မနောဝိညာဏဓာတ် စိတ်စေတသိက်တို့၏မှီရာ ဟဒယဝတ္ထုရုပ် တည်းဟူသော တလက်ဘက်မျှလောက်သော နှလုံးသွေးရှိသော နှလုံးခွန်သား၎င်း။

၁၂။ ယကနံ၊ သားမြွတ်နှစ်ခုတို့၏အတွင်း၌ လကျ်ာနံပါးကို မှီ၍တည်လျက် ကသစ်ရွက်သဏ္ဍာန်နှင့်တူသော ဖြော့တော့တော့ နီသောအဆင်းရှိသော ပညာရှိသူအား ငယ်သည်ဖြစ်၍ နှစ်ခုသုံးခု ပညာမရှိသူအား ကြီးသည်ဖြစ်၍ တခုတည်းသော အသည်း(အသဲ)၎င်း။

၁၃။ ကိလောမကံ၊ ဖြူသောအဆင်းရှိသော အသား တစ်ကိုရစ်သော အဝတ်ဖြူကဲ့သို့၊ (ဝါ) မယမ်းကဲ့သို့ အညို့ နှလုံးကိုဖုံး၍ တည်သောအမြှေး ကိုယ်အလုံး၌ အရေ၏ အောက်မှ တည်သောအမြှေးအားဖြင့် နှစ်ပါးသောအမြှေး (အမှေး)ရှင်း။

၁၄။ ပိဟကံ၊ နှလုံးသား၏ လက်ဝဲနံပါး၌တည်လျက် လက် ခုနစ်သစ်ခန့်မျှ နွားလျှာသဏ္ဌာန် ညိုသောအဆင်း ရှိသော ဝမ်းလျှာ သရက်ရွက် ဟု ဆိုအပ်သော အသား ဖျဉ်းရှင်း။

၁၅။ ပပ္ဖါသံ၊ အညို့နှလုံးကို ဖုံး၍တည်လျက် မုံ့ရက်ပျက်သဏ္ဌာန် နီသောအဆင်းရှိသော သုံးဆယ့်နှစ်ခု သော အသားလွှာတည်းဟူသော ကလအုံး ဆောင်းထပ်ဟု ဆိုအပ်သောအဆုတ်ရှင်း။

၁၆။ အန္တံ၊ သွေးပြည့်သောကျဉ်း၌ မြွေအရေကို ဆတ်၍ ထည့်အပ်သော မြွေကဲ့သို့ လည်ချောင်းမှ ဝစ္စမဂ် တိုင်အောင် ကိုယ်တွင်း၌တည်သော ယောကျာ်း သုံးဆယ့် နှင့်တောင်၊ မိန်းမ နှစ်ဆယ့်ရှစ်တောင်ရှိသော နှစ်ဆယ့်တပတ် ခွေ၍နေသော ဖြူသောအဆင်းရှိသော အူမကြီးရှင်း။

၁၇ အန္တဂုဏံ၊ ခြေသုတ်ကြိုးဝန်းကိုဖွဲ့သော ကြိုး သေးကဲ့သို့ နှစ်ဆယ့်တပတ် ခွေရာ၌ အူမကြီးကိုဖွဲ့သော မှော် မြစ်အဘူ ဖြူသောအဆင်းရှိသော အူသိမ်အူယင်ရှင်း။

၁၇။ ဥဒရိယံ၊ အစွန်းနှစ်ဘက်ကို ကိုင်၍ ညှစ်အပ်သော စိုသောပုဆိုး၏ အလယ် လေဖေါင်းဖုနှင့်တူသော အထက်မှ တဆယ့်ရှစ်ပတ် အောက်မှ ဆယ်ပတ်ခွေ၍နေသော အူမကြီး၏ အလယ် အဖုဟု ဆိုအပ်သော သုံးဆယ့်နှစ်မျိုးသော ပိုးမျိုးတို့၏နေရာ အစာသစ်အိမ်၌တည်သော ခွေးစားကျင်း၌ ခွေးအန်ဖတ်ကဲ့သို့သော မျိုအပ်သော အစာသစ်ငင်း။

၁၉။ ကရီသံ၊ ကျည်တောက်၌ ထည့်အပ်သော မြေညက်ကဲ့သို့ အူမကြီး၏အဆုံး အစောက် လက်ရှစ်သစ်ခန့်မျှသော အစာဟောင်းအိမ်၌တည်သော အစာသစ်မှကျက်၍ကျသော အစာဟောင်းတည်းဟူသော ကျင်ကြီးငင်း။

၂၀။ မတ္တလုင်္ဂံ၊ ဗူးအုံ၌ထည့်သော မုံ့ညက်ဆိုင်နှင့်အတူ ဖြူသော ဦးနှောက်ငင်း။

၂၁။ ပိတ္တံ၊ ရည်ပြည့်သော သပွတ်ခါးသီးသဏ္ဍာန်၊ နှလုံး အဆုတ်တို့၏ အလည်အသည်း(အသဲ)ကို မှီ၍တည်သော နောက်ကျုသော သစ် မဉ် စည် ဆီနှင့်တူသော အအိမ်ဖြင့် ဖွဲ့အပ်သော ဗဒ္ဓ သည်းခြေ၊ ဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွားတို့၏ အသားမှ လွတ်ရာအရပ် ခြောက်ကပ်ကြမ်းတန်းသော အရေကိုထားလျက် မုံ့ရက်၌ ဆီကဲ့သို့ တကိုယ်လုံး နှံ့၍ တည်သော ညိုးနွမ်းသော ပန်းအဆင်းရှိသော အအိမ်ဖြင့် မဖွဲ့အပ်သော အဗဒ္ဓ သည်းခြေအားဖြင့် နှစ်ပါးသော သည်းခြေငင်း။

၂၂။ သေမှ်၊ မစင်တွင်းကို ပိတ်သော ပျဉ်ကြီး တစ်ပြားတွင်း အထက် မြေမြှုပ်ချွေးချက်သော အမြှုပ်လွှာတရှိ ရေညှိပမာ အစသာစ်ကိုပိတ်လျက် အူမဦးတည်သော ဖြူသောအဆင်း ရှိသော တကွမ်းစားမျှလောက်သော၊(ဝါ)တစလယ်မျှလောက် ဖြစ်သော သလိပ်ရင်း။

၂၃။ ပုဗ္ဗော၊ အစေးရှိသော သစ်ပင်၏ ခါးခုတ်ရာ စသည်တို့၌ စုဝေးသော အစေးကဲ့သို့ အမာ(အနာ)ပေါက်ရာ ခလုတ်ထိရာ ဆူးငြိရာ မီးလျှံသင့်ရာ စသည်တို့၌ သွေးပုပ် စုဝေး၍ဖြစ်သော ဖြော့တော့သော အဆင်းရှိသော ပြည်ရင်း။

၂၄။ လောဟိတံ၊ ချိပ်ရေအဆင်းကဲ့သို့ ကိုယ်လုံး အနှံ့ အကြောကို လျှောက်၍တည်သော ရွေ့ရှားသော ကြည်လင်သော သွေး၊ အသည်း (အသဲ)တည်ရာ အောက် အဘို့ကို ပြည့်စေ၍ နှလုံးအညှို့ အဆုတ်အထက် တစက် စက် ယိုစီးလျက် နှလုံးအဆုတ် အညှို့ တို့ကို စွတ်စိုစေ၍ တည်သော တကွမ်းစားမျှလောက်သော ပြစ်ချွဲသော မရွေ့ ရှားသော သွေးအားဖြင့် နှစ်ပါးသော သွေးရင်း။

၂၅။ သေဒေါ၊ ရေမှုန့်နှုတ်အပ်သော ကြာစွယ် ကြာ မြစ်ကြာရိုး မှယိုစီးသော ဆီကြည်အဆင်းရှိသော အာပေါဓါတ် တည်းဟူသော ချွေးရင်း။

၂၆။ မေဒေါ၊ဆူဝသောသူအား တကိုယ်လုံး၊ကြုံလှီ သောသူအား မြင်းခေါင်းသား စသည်၌တည်သော နနွင်းဆိုး သော ပုဆိုးကဲ့သို့ ဝါသော အဆင်းရှိသော အဆီခဲရင်း။

၂၇။ အသုံးငိုကြွေးမည်တမ်း ရယ်ပန်းကြီးသောခါ မလျော်ကပ်သော ဥတု အာဟာရမျိုး မီးခိုးမြူမှုန် ထိပါးသောအခါ စသည်တို့၌ မျက်စိမှ ယိုစီးသော ဆီကြည် အဆင်းရှိသော အာပေါဓါတ်တည်းဟူသော မျက်ရည်ဂုဏ်း။

၂၈။ ဝသာ၊ထမင်းချိုး၌ သွန်းလောင်းသော ဆီကဲ့သို့ မီးပူသောအခါ စသည်တို့၌ များသောအားဖြင့် လက်ဘမိုး လက်ဘဝါး ခြေဘမိုး ခြေဘဝါး နှာသီးဖျား နဖူးပြင် ပခုံးစွန်းတို့၌ တည်သော အုန်းဆီအဆင်းနှင့်တူသော ဆီကြည်ဂုဏ်း။

၂၉။ ခေဠော၊ ချဉ်သီးကို မြင်သောအခါ စသည်တို့၌ လက်ယက်တွင်းမှထွက်သော လျှာရင်း၌ ချွဲသော အမြှုပ်နှင့်ရောသော အာပေါဓါတ်ဟူသော တံထွေးဂုဏ်း။

၃၀။ သိဃာဏိကာ၊ ငိုကြွေးမည်တမ်းခြင်း၊ မလျော်ကပ်သော ဥတုအာဟာရ၏ အစွမ်းဖြင့် ဓါတ်ချောက်ချားခြင်းကြောင့်ဖြစ်သော နှသော ထန်းသီးဆံနှင့်တူသော ဦးနှောက်မှ ယိုစီးသော အာပေါဓါတ်ဟူသော နှပ်ဂုဏ်း။

၃၁။ လသိကာ၊ ဝင်ရိုးကို နယ်ဆီသုတ်သကဲ့သို့ တဆစ်ရှစ်ဆယ်သော အရိုးဆက်တို့၏ အကြားဝယ် နယ်ဆီကိစ္စကို ပြီးစေ၍တည်သော မဟာလှေခါးစေ့နှင့်တူသော ပြစ်ချွဲသောအစေးဂုဏ်း။

၃၂။ မုတ္တံ၊ တစီးတွင်း၌ မှောက်ခုံပစ်အပ်သော အဝ ကျဉ်းသော အိုးတွင်း၌ဝင်သော တံစီးရေကဲ့သို့ စည်ဖေါင်း အိမ်၌တည်သော ပဲကြီးပြားရေ အဆင်းရှိသော ကျင်ငယ်ရင်း။

အတ္တိ၊ ခန္ဓာကိုယ်အတွင်းသားထည်းမှာ သူ့နေရာနှင့်သူ အသီးသီး ထင်ရှားမသွေ ရှိကြလေ၏။

.................................

ဣမေ ဒွတ္တိံသာကာရာ၊ ဤ သုံးဆယ့် နှစ်ပါးသော အခြင်းအရာအစုတို့သည်။ ဝဏ္ဏတောပိ၊ အဆင်းအားဖြင့်ရင်း။ သဏ္ဌာနတောပိ၊ သဏ္ဌာန်အားဖြင့်ရင်း။ ဂန္ဓတောပိ၊ ညှီနံ့ ပုပ်ဟောင်း မကောင်းသော အနံ့အားဖြင့်ရင်း။ အာသယ တောပိ၊ ဖြစ်ရာအကျိုးဆက်အားဖြင့်ရင်း။ ဩကာသတောပိ၊ တည်ရာအရပ်အားဖြင့်ရင်း။ အသုစိဘာဝေန၊ မစင်ကြယ် သည်၏ အဖြစ်ဖြင့်။ ဇေဂုစ္ဆိဘာဝေန၊ စက်ဆုပ်ဘွယ်၏ အဖြစ်ဖြင့်။ ပဋိကူလဘာဝေန၊ ရွံရှာဘွယ်၏ အဖြစ်ဖြင့်။ ဒုဂ္ဂန္ဓဘာဝေန၊ မကောင်းသောအနံ့၏ အဖြစ်ဖြင့်။ အသုဘ ဘာဝေန၊ မလှပ မတင့်တယ်သည်၏ အဖြစ်ဖြင့်။ ပညာယ မာနာ၊ ထင်ရှားကုန်လျက်။ အတ္ထိသန္တိ၊ ထင်ရှားရှိကုန်၏။

**မှာထားချက်။** ။စာသိ ပထမံ, ငါသိ ဒုတိယံ, နှင့် အညီ ပဌမစာသိ, ဒုတိယ ငါသိဖြစ်ပါစေ၊စာထည်း မှာက အဆိုရှိ၊ ငါထည်းမှာက နဂိုရှိဟု တွဲတွဲသိပြီးလျှင် စာသိမှ ငါသိသို့ မိတ္တူကူးယူခဲ့ပါ၊ စာသိပေါ်တွင် သောင်တင် ကာ အသိဉာဏ်အားကုန်၍ မနေပါစေနှင့်၊ ဤဆံစသော

အဆိုတွေဟာ ငါထည်းမှာ ရှိနေတဲ့ဟာတွေကို ဆိုနေတဲ့ အဆိုပါတကားဟု သိလေ မှတ်လေ။

ဣတိ၊ ဤသို့။ ပဏ္ဍိတေန၊ ဝိပဿနာ ပညာရှိသော။ ကုလပုတ္တေနဝါ၊ အမျိုးကောင်းသားသည်ရင်း။ ကုလဓိတရေနဝါ၊ အမျိုးကောင်းသမီးသည်ရင်း။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ သဇ္ဈာယိတဗ္ဗံ၊ သရဇ္ဈာယ်အပ်၏။ ပစ္စဝေက္ခိတဗ္ဗံ၊ သတိနှင့်မကွာ ပညာနှင့်မကင်း အဘန်တလဲလဲ ဆင်ခြင်အပ်၏။ မနသိကာတဗ္ဗံ၊ သတိနှင့်မကွာ ပညာနှင့် မကင်း အဘန်တလဲလဲ နှလုံးသွင်းအပ်၏၊ သွင်းရမည်၊ သွင်းလေ။ သမ္မသိတဗ္ဗံ၊ ကြိမ်ဖန်များစွာ အခါခါ မှီဝဲအပ်၏။ ဗဟုလိကာတဗ္ဗံ၊ အရာမက အထောင်မက ကြိမ်ဖန်များစွာ ပြုအပ်၏။ ပရိစိတဗ္ဗံ၊ လေ့ကျက်အပ်၏။ ဂေဓံ၊ မိမိကိုယ်ခန္ဓာ၌ တပ်နှစ်သက်ခြင်းကို။ နကာတဗ္ဗံ၊ မပြုအပ်။ အသုဘဘာဝနာ ကိုပွါး၍ ပယ်ဖျောက်အပ်၏။ တဏှာဝသေန၊ မိမိခန္ဓာကိုယ်ကို နှစ်သက်သည်၏အစွမ်းဖြင့်။ဧတံမမာတိဝါ၊ ဤဆံပင် မွေးညှင်း စသောသုံးဆယ့် နှစ်ခု သုံးဆယ့် နှစ်စုကြီးသည်။ငါ့ဟာငါ့ဥစ္စာ ဟူ၍ရင်း။ မာနဝသေန၊ စောင်မာန်ကြွားကြွား ထောင်လွှား ခြင်း၏ အစွမ်းဖြင့်။ ဧသော ဟသ္မီတိဝါ၊ ဤဆံပင် မွေးညှင်း စသော သုံးဆယ့်နှစ်စုသည် ငါ၏ကိုယ် ဖြစ်သည်ဟူ၍ရင်း။ နပရာမသိတဗ္ဗံ၊ အနိစ္စ ဒုက္ခ အနတ္တ အသုဘမှတပါး မှားသော အားဖြင့် ငါ, ငါ့ဟာ, ငါ့ကိုယ်ဟူ၍ မသုံးသပ်အပ်။ ဣတိ၊ ဤသို့။ ဝိညာတဗ္ဗံ၊ သိအပ်၏။

**မှာထားချက်**။ ။ဤပါဠိအနက်ကို နှုတ်ရ ကျက်ထားနိုင်လျှင် အလွန်ကောင်းလှ၏။ နှုတ်ရမကျက်နိုင်စေကာမူ ဤစာတမ်းကို ခဏခဏဘတ်ပါ၊ အကြိမ်ကြိမ်ဘတ်ပါ၊ အကြိမ်များစွာဘတ်ပါ။ အချိန်ထား၍ ဘတ်ပါ။ သွားလေရာရာ ယူဆောင်၍ အားလပ်ခွင့် ရတိုင်းဘတ်ပါ၊ ဘတ်တဲ့အခါ ဤဩ အဆိုပါအနက်အတိုင်း မိမိကိုယ်မှာ အမှန်ကေန်ရှိနေတဲ့ အပြင်ကောဋ္ဌာသ အတွင်းကောဋ္ဌာသတို့၏ သူ့နေရာနှင့်သူ အသီးအသီးတည်ရှိနေကြပုံတို့ကိုစိတ်ထဲဉာဏ်ထဲမှာ ကွက်ကွက်ကွင်းကွင်းကြီး ထင်မြင်သိရှိ သဘောမိ သဘောပေါက်အောင် ဖြေးဖြေးလေးလေး စဉ်းစားရင်း ဆင်ခြင်ရင်း ဘတ်သွားပါလေ။ ယခုပြဆိုခဲ့တဲ့ ဆံအစ ကျင်ငယ်အဆုံးရှိတဲ့ အဆိုတွေဟာ ငါ့ကိုယ်ထဲမှာ ရှိနေတဲ့ဟာတွေကို ဆိုနေတာပါကလား ဟုလည်း သိပါလေ။

အဆိုပါ ဆံအစ ကျင်ငယ်အဆုံးရှိတဲ့ သုံးဆယ့်နှစ်ခု သုံးဆယ့်နှစ်စုတွေဟာ ဘယ်နည်းနှင့်မှ ငါထင်တဲ့ ငါကောင်၊ သူထင်တဲ့ သူကောင်၊ ယောကျ်ားမိန်းမထင်တဲ့ ယောကျ်ားမိန်းမခေါင်ကား လားလားမျှမဟုတ် မမှန်ပေ၊ အထင်မှားအမြင်မှား ( အမှတ်မှား - အသိမှား - အယူမှား ) ဝိပလ္လာသတရားကြောင့် မှားခြင်းမျှသာ ဖြစ်သည်။ အစစ်အမှန်မှာ ဆံ စ သော သုံးဆယ့်နှစ်ခု သုံးဆယ့်နှစ်စု သည်ကား ( ရုပ်တရား )။ ထိုရုပ်လျှင် အာရုံရှိသော၊ (ဝါ)ရုပ်ကို အာရုံပြု၍နေသော စိတ်စေတသိက်ကား(နာမ်တရား) ဤရုပ်နာမ်က

အပို ပုဂ္ဂိုလ်သတ္တဝါမရှိ။ ဤရုပ်နာမ်ကိုလွတ်၍ ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ ဤရုပ်နာမ်မျှသာ ဟူ၍ငင်း။

## ( ဣစ္စတ္ထိ သတ္တော နာမဥ္စ ရူပဥ္စ )နှင့် အညီတည်း။

ဤရုပ်နာမ်သည်လည်း ထာဝရ ဘုရားသခင်ဘန် ဆင်း၍ဖြစ်သည်လည်းမဟုတ်၊ အကြောင်းမရှိ အကြောင်းမဲ့ အကြောင်းကင်း၍ ယောက်ယားဘာသာ ဖြစ်ပေါ်လာသည် လည်းမဟုတ်။ စင်စစ်ကေန်အမှန်မှာ (အဝိဇ္ဇာ - တဏှာ - ကံ) စသောအကြောင်းကြောင့်ဖြစ်၏။

ထို့ကြောင့် အဝိဇ္ဇာ-တဏှာ-ကံစသည်ကား အကြောင်း တရား၊ ရုပ်နာမ်ကား အကျိုးတရား ဤအကြောင်းအကျိုးက အပို ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ဤအကြောင်းအကျိုးကို လွတ်၍ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ဤအကြောင်း အကျိုးမျှသာ ရှိ၏ဟူ၍ငင်း၊

## သုဒ္ဓသင်္ခါရ ပုဉ္ဇောယံ နယိဓသတ္တူပလဗ္ဘတိ့နှင့် အညီတည်း။

ဤအကြောင်းနှင့်တကွသော ရုပ်နာမ်သည်လည်း ပဋိ သန္ဓေမှ စုတိသေနေ့ကျအောင် (ဥပါဒ်-ဌီ-ဘင်) အစဉ်မပြတ် စပ်ကာစပ်ကာ ထပ်ကာထပ်ကာ မြစ်ရေယဉ်ပမာ လျင်စွာ လျင်စွာဖြစ်၍၊ လျင်စွာလျင်စွာ ပျက်တတ်သောကြောင့် မမြဲဆင်းရဲ အစိုးမရ မလှပ မတင့်တယ်တဲ့ (အနိစ္စ-ဒုက္ခ-အနတ္တ- အသုဘ )စင်စစ်ကေန် ဖြစ်၏ ဟူ၍ငင်း။ ။

အဆိုပါ အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘစင်စစ် ကောန်ဖြစ်တဲ့ ရုပ်နာမ် ခန္ဓာသည်လည်း လေးပါးသောသစ္စာတို့တွင် ပဋိသန္ဓေမှ စုတိ သေနေ့သို့ကျအောင် ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်းစစ်မှန်လှသောကြောင့်(ဒုက္ခသစ္စာ) ။....ထိုဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကို တဘဝ တခန္ဓာ အသစ်အသစ် ဖြစ်စေတတ်သော ရှေးဘဝက တဏှာလောဘသည် (သမုဒယသစ္စာ)။ ........ တဏှာပယ်သော မဂ်အကျင့်ကြောင့် ထိုဒုက္ခ သမုဒယ သစ္စာ နှစ်ပါးတို့၏ တဘန်အသစ်မဖြစ်ရာ နိဗ္ဗာန်သည် (နိရောဓသစ္စာ)။........ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်း တဏှာပယ်သော မဂ်အကျင့် မဂ္ဂင်ရှစ်ပါးသည် (မဂ္ဂသစ္စာ) ဟူ၍ရင်း။ ။

ဤလိုဤပုံ သူ ငါ ကျား မ စသော ပညတ်ကျော်ဖေါက် ရုပ်နာမ်ဟူသော ပရမတ်ပေါက်။ အနိစ္စ - ဒုက္ခ - အနတ္တ ဟူသော လက္ခဏာရေးဆိုက်။ ဒု-သ-နိ-မ-ဟူသော သစ္စာ လေးပါးကို ကိုက်သွားအောင် အသိမှန်သိ၊ အမြင်မှန်မြင်၍ အယူမှန်ကို ယူနိုင်ပြီးလျှင် တဘဝလုံး တသံသရာလုံးကြီးက အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘဖြစ်တဲ့ ရုပ်နာမ်ခန္ဓာကိုပင် ငါ့ကိုယ်အတ္တဟု ယူမှားခဲ့သော မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သက္ကာယ ဒိဋ္ဌိ အယူမှားကြီးကို တားဆီးနိုင်တဲ့။ ဒိဋ္ဌိပဋိသေဓေ တရားဆိုး တရားယုတ်ကြီးကို (ဝါ)ဘယ်ဘဝ ဘယ်ကမ္ဘာကမှ မတားဆီးနိုင်ခဲ့တဲ့ ဒိဋ္ဌိပဋိသေဓေ တရားကို ယခုလက်ရှိဘဝ သေနေ့က မဦးခင် အရင်လက်ကိုင် ရရှိထားအောင် ကြိုးစား အားထုတ်ကြပါ

လေဟု နှိုးဆော်ခြင်းကို ပြုလိုက်ပါသည်။ ပါယ်လွတ်နိဗ္ဗာန် ကေန်လိုရှိ သပ္ပုရိအပေါင်း သူတော်ကောင်းတို့။ ။

..................................

(ဆောင်ပုဒ်)

အမှန်သိမြင်၊ အမှားစင်၊ ဤတွင်ငြိမ်းရာ နိဗ္ဗာန်ဘဲ။
လင်းရောင်ပေါ်ပေါက်၊ မိုက်မှောင်ပျောက်၊ ပုံထောက် အမှန်ဘဲ။
မဂ္ဂင်ပညာ၊ ရအောင်ရှာ၊ ရခါမဂ်ဝင်ပွဲ။ ။

---

## (၉) ထင်မြင်အောင် ဆင်ခြင်ရန်

၁။ ဆံပင်အစ၊ ကျင်ငယ်အဆုံး၊ သုံးဆယ့်နှစ်ခု၊ ဤအစုကား၊ ယောကျ်ားမိန်းမ၊ မဟုတ်ကြ၊ ရုပ်ဓမ္မ သက်သက်တည်း။

၂။ ဤကားဆံပင်၊ ဤလျှင်ကျင်ငယ်၊ တကယ်၊ သိငြား၊ ထိုတရားလည်း၊ ယောကျ်ားမိန်းမ၊ မဟုတ်ကြ၊ နာမ်ဓမ္မသက်သက်တည်း။

၃။ ရုပ်နာမ်နှစ်ပါး၊ ထိုတရားလည်း၊ ယောကျ်ား မိန်းမ၊ မဟုတ်ကြ၊ ကြောင်းကျိုးနှစ်ဝသက်သက် တည်း။

၄။ ကြောင်း ကျိုး နှစ် ဝ၊ ထို ဓမ္မာ လည်း၊ ယောကျ်ားမိန်းမ၊ မဟုတ်ကြ၊ လက္ခဏာသုံးဝ သက်သက်တည်း။

၅။ လက္ခဏာသုံးဝ၊ ဤဓမ္မလည်း၊ ယောကျ်ား မိန်းမ၊ မဟုတ်ကြ၊ ဒုက္ခသစ္စာ သက်သက်တည်း။

၆။ သစ္စာဒုက္ခ၊ ဤဓမ္မလည်း၊ ယောကျ်ား မိန်းမ၊ မဟုတ်ကြ၊ အနတ္တသက်သက်တည်း။

၇။ ဤလိုဆင်ခြင်၊ ငါပင်သူမှတ်၊ အတ္တပြတ်က၊ အနတ္တ၊ ကောင်းကောင်းလှလှ ထင်သတည်း။ ။

၈။ အနတ္တထင်၊ အတ္တစင်မြဲ၊ မင်္ဂဝင်ပွဲ၊ မလွဲမုချပေ။ ထင်အောင်မဲ၍ခဲကြလေ။ ။

၉။ သို့မှအပါယ်၊ လွတ်ကြမယ်ဟု၊ စိတ်ဝယ် ရည်မှန်း၊ ဤကမ္မဋ္ဌာန်း ကြိုးပမ်းကြပါလေ။ ။

၁၀။ ကြိုးပမ်းသမှု၊ အားထုတ်ပြုက၊ ခုဘဝပင်၊ အပါယ်စင်၍၊ လူ့ခွင်နှင့်နတ်၊ ဗြဟ္မာရပ်၊ ဆုံးသတ် နိဗ္ဗာန်ပေ။ ။

## (၁၀) ကာယဂတာသတိ ကမ္မဋ္ဌာန်းစီးဖြန်းပုံ

**ပါဠိသက်သက် အနုလုံ စီးဖြန်းပုံ**

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ။ ။

**ပါဠိသက်သက် ပဋိလုံစီးဖြန်းပုံ**

မုတ္တံ၊ လသိကာ၊ သိင်္ဃာဏိကာ၊ ခေဠော၊ ဝသာ၊ အဿု၊ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ၊ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ အန္တံ၊ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။ ။

**မြန်မာသက်သက် အနုလုံစီးဖြန်းပုံ**

ဆံပင်၊ မွေးညှင်း၊ လက်သည်းခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊

အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံထွေး၊
နှပ်၊ အစေး၊ ကျင်ငယ်။ ။

**မြန်မာသက်သက် ပဋိလုံဆင်ခြင်ပုံ** ကျင်ငယ်၊ အစေး၊ နှပ်၊ တံထွေး၊ ဆီကြည်၊ မျက်ရည်၊ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

(မှာထားချက်) ဤသုံးဆယ့် နှစ်ပါးသော ကာယဂတာသတိ ကမ္မဋ္ဌာန်း၌ မြတ်စွာဘုရားသည် မတ္ထလုင်္ဂကို သီးခြားဟောတော်မမူခဲ့ပေ၊ ခြင်ဆီသို့သွင်း၍ သုံးဆယ့်တစ်ပါးသာ ဟောတော်မူခဲ့ပေသည်။

ထို့ကြောင့် ဘုရားဟောတဲ့ ကာယဂတာသတိ ကမ္မဋ္ဌာန်းမှန်လျှင် မတ္ထလုင်္ဂ မပါဟု သိလေ၊ ရှင်သာရိပုတ္တရာ ဟောတဲ့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာသာ မတ္ထလုင်္ဂကို သီးခြား ထုတ်၍ ဟောတော်မူခဲ့ပေသည်။ သို့ရာတွင် ပထဝီဓါတ် နှစ်ဆယ်ပြည့်အောင် ရေတွက်စေနိုင်ခြင်း အကျိုးငှါ ဤ၌ကား မတ္ထလုင်္ဂကို သီးခြားဘော်ပြထားပေသည်။ ။

(၁၁) **လွန်ကဲသောအစု**။ ။ ကေသာအစ၊ မတ္တလုင်္ဂ အဆုံးရှိသော အစုနှစ်ဆယ် သည်ကား ပထဝီ လွန်ကဲသော အစုမည်၏။ ။
ပိတ္တံအစ၊မုတ္တံ အဆုံးရှိသော ဆယ့်နှစ်စုသည် အာပေါလွန်ကဲသော အစု မည်၏။

**အဖြစ်**။ ။ ဥဒရိယံ၊ ကရီသံ၊ ပုဗ္ဗော၊ မုတ္တံ။ ဤလေးပါး ကား ဥတုကြောင့်ဖြစ်၏။
သေဒေါ၊ အဿု၊ ခေဠော၊ သိင်္ဃာဏိကာ။ ဤ လေးပါးကား စိတ်ကြောင့်ဖြစ်၏။
ကြွင်း နှစ် ဆယ့် လေး ပါး ကား ကံ စိတ် ဥတု အာဟာရကြောင့် ဖြစ်၏ဟု မှတ်လေ။ ။

( **တူပုံဥပမာ** ) နှလုံးသားကား ပြင်ပပြင်ဘက်၌ ပြေပြစ် ချောမော၏၊ အတွင်း၌ကား သပွတ်အူနှင့် တူလှ၏။ ။ ထိုနှစ်လုံးသား အတွင်း၌ ပုန်းညက်စေ့တစေ့ ဆံ့ရုံမျှလောက် တွင်းငယ်တခုရှိ၏။ ထိုတွင်း၌ တလက်ဘက် ထက်ဝက်ခန့် နှလုံးသွေးရှိ၏။ ထိုနှလုံးသွေး၌ ဟဒယဝတ္ထုရုပ် တည်၏။ ထိုဝတ္ထုရုပ်ကိုမှီ၍ မနောဓါတ် မနောဝိညာဏဓါတ် ခေါ်သော စိတ်စေတသိက်တို့သည် ဖြစ်ကြရကုန်၏။ ထိုစိတ် စေတသိက်ကြောင့် စိတ္တဇရုပ်နှင့် ထိုနှလုံးသွေး ရောနှောခြင်း ကြောင့် ရာဂဖြစ်သောသူအား နှလုံးသွေးနီ၏။ ဒေါသဖြစ် သောသူအား မဲ၏။ မောဟဖြစ်သောသူအား သားဆေးရည် နှင့်တူ၏။ ဝိတက်ဖြစ်သောသူအား ပဲပြုတ်ရည်နှင့်တူ၏။ သဒ္ဓါ

ဖြစ်သော သူအား မဟာလှေခါးပန်းကဲ့သို့ ဝါ၏။ ပညာ ဖြစ်သူအား ပတ္တမြားကဲ့သို့ ပြိုးပြိုးပြက်ပြက်ထင်၏။

ထို့ကြောင့် "နီမြန်းရာဂ၊ ဒေါသမည်းငြား၊ သားဆေး
မောဟာ၊တက္ကပဲရည်၊ ဝါသည်သဒ္ဓါ၊ပညာ
ပြိုးပြက်၊ ဇောတရက်သို့၊ ထိန်လျက်
ရောင်လျှံထင်းသတည်း" ဟု ပညာရှိတို့
ဆိုကြလေသည်။ ။

အသည်း(အသဲ)ကား။ ပညာရှိသူမှာ နှစ်ခုသုံးခု၊ ပညာမရှိ
သူမှာ တခုဟုဆိုသောကြောင့်၊ ဒွိ
ဟိတ်မှာ နှစ်ခု တိဟိတ်မှာ သုံးခု
ဖြစ်ဘွယ်ရှိ၏။ ။

အစာသစ်အိမ်ကား။ ။ အစွန်းနှစ်ဘက်၌ ကိုင်၍ ညှစ်အပ်သော ပုဆိုး၏အလယ် လေဖုကဲ့သို့ အူမ၏ အလယ် အဖုသည် အစာသစ်အိမ်မည်၏။ ထိုအဖုမှ တဘက်တချက် ကြက်တွန့်တက်သကဲ့သို့ အစာသစ်အိမ်မှ အောက်အထက် အူမ ခွေ၌ နေ၏။ ထိုအစာသစ်အိမ်၌ တည်သော အစာကို ငါးစု ပြု၍ တစုကို ပိုးစား၊ တစုကို ဝမ်းမီးစား၊ တစု ကျင်ကြီး၊ တစု ကျင်ငယ်၊ တစုကား အသွေးအသား ဖြစ်၏။

ထို့ကြောင့် "ပိုးစာလောင်မီး၊ ကျင်ကြီး ကျင်ငယ်၊
တသွယ် သွေး သား၊ ဖြစ်လေငြားသည်၊

ငါး ပါး အ စာ ခွဲဝေတည်း ”ဟု ဆိုကြ
လေသည်။ ။

ဘာဝရှုပ်ကား။ ။ ကာယပသာဒ၊ ရွှေ့ရှားသော
သွေး၊ ဇီဝိတိန္ဒြေ၊ ဗဒ္ဓ၊ သည်းခြေ၊ သုက်၊ ဤခြောက်ပါးကား
အသားမှ လွတ်သော အမွေး, ခြေသည်း, လက်သည်း, သွား,
ခြောက်သွေ့ ကြမ်းတန်းသော အရေမှဘပါး တကိုယ်လုံးနှံ့၍
တည်၏။ ပြည်, ချွေး, အဆီခဲ,ဆီကြည်,တို့လည်း ယခင်နည်း
တည်ကောင်း၏။

ထို့ကြောင့် “ဘောပသာဒ၊ လောဟိတ၊ ဇီဝသည်း
ခြေသုက်။ ကိုယ်လုံးနှံ့ဖြာ၊ တည်နေရာ၊
ကျမ်းလာမြဲမှန်ထုတ်” ဟူ၍ စပ်ဆိုထား
ကြလေသည်။ ။

သည်းခြေသည်။ ။ အအိမ်ဖြင့် ဖွဲ့သော ဗဒ္ဓသည်း
ခြေ၊ အအိမ်ဖြင့် မဖွဲ့သော အဗဒ္ဓသည်းခြေဟူ၍ နှစ်မျိုးရှိရာ
အဗဒ္ဓသည်းခြေပျက်သော် မျက်စိဝါ၏။ မျက်လုံး လှည့်၏။
ကိုယ်ဘုန်လှုပ်၏။ ယားယံ၏။ ဆေးကု၍ ချမ်းသာ၏။ ဗဒ္ဓ
သည်းခြေ ပျက်သော်ကား ရူးသွပ်တော့၏။ ဆေးကု၍ မရပြီ
ဟု ဆို၏။

သလိပ်ကား။ ။ မစင်တွင်းကို ပိတ်သော ပျဉ်ပြား
ကဲ့သို့ရင်း၊ ရေအပြင်ကို ဖုံးလွှမ်းသော ရေညှိကဲ့သို့ရင်း၊ အစာ
သစ်ကို ဖုံးလွှမ်း၍ တည်၏။ မှော်ရေညှိအသက် အငွေ

ကျောက်လုံးတက်ကျသော် မှော်ရေညှိကို ခွဲ၍ ရေထဲသို့ အငုံ့ ကျောက်ဝင်လျှင် မှော်ရေညှိက တဘန် ရေအပြင်ကို ဖုံးလွှမ်းသကဲ့သို့၊ ထမင်းခဲဘွယ်ကို စားမျိုလတ်သော် သလိပ်ကိုခွဲ၍ အစာအိမ်သို့ ထမင်းခဲဘွယ်ဝင်လျှင် လွှမ်းပြန်၏။ ထိုသလိပ်အားနည်းသောအခါ ခံတွင်းမှ အနံ့မကောင်းဖြစ်၏။ ။

**မရွှေ့သောသွေးကား ။ ။** အသဲ အောက်အဘိုကို ပြည့်စေလျက် နှလုံး အညှို့ အဆုတ်အထက် တစက်စက် ယိုစီးလျက် အညှို့စသည်ကို စွတ်စိုစေလျက် တည်၏။ ထိုသွေးတို့သည် အညှို့စသည်ကို မစိုစွတ်သော် သတ္တဝါတို့သည် ရေငတ်ကြကုန်၏။ အစေးနည်းသောသူအား ထခြင်း ထိုင်ခြင်း သွားလာခြင်း ကွေးဆန့်ခြင်းတို့၌ အရိုးဆက်တို့သည် ကျွတ်ကျွတ် မြည်တတ်ကုန်၏။ ခရီးကြာကြာသွားလျှင် လေပျက်၍ ကိုယ်၌ ဆင်းရဲဖြစ်တတ်၏။ အစေးများသူကား ထိုအဖြစ်မျိုး မဖြစ်နိုင်ပေ။

အထက်က ပြဆိုခဲ့သမျှတွေဟာ မိမိ ခန္ဓာထည်းမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေကို ပြဆိုနေတာ၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ နာမ်ရုပ် အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဒုက္ခ သစ္စာဟုသာ သိလေ။ ။

.....................

## စားတဲ့သောက်တဲ့အခါ အထူး သတိထားရန်ကို ပြဆိုဦးအံ့

သဗ္ဗာဝါသူငါတို့သည် လည်ပင်း လည်ချောင်းဟု ခေါ်ဆိုကြသော ပါးစပ်အာခေါင်အတွင်း လျှာခင်၏ နောက်ဘက်၌

(၁) ရင်ခေါင်း အဆုတ်တွင်းသို့သွားသော ရှေ့ဘက်၌ အပေါက်တခု၊ ဤအပေါက်၏ နောက်ဘက်၌-

(၂) ရေနှင့်အစာတို့ ဝင်သွားသော ပြွန်တံနှင့်တူသော ကျောရိုးအနီးသို့ ကပ်၍သွားသော အပေါက်တခု၊ ဤကဲ့သို့ အပေါက်နှစ်ခု ရှိ၏။

ထိုနှစ်ပေါက်တို့တွင်(၁)နံပါတ် အပေါက်သည်ကား အသက်ရှူသောလေသည် ဝင်၍ အဆုတ်တွင်းသို့ ရောက်ပြီးလျှင် ပြန်၍ထွက်သော အပေါက်ဖြစ်၏။ ဤအပေါက်သည် သဏ္ဍာန်အားဖြင့် ပဒိုင်းပွင့် သခွတ်ပွင့် ဆီသွတ်ကတော့ သဏ္ဍာန်နှင့်တူသော ကတော့နှစ်ထပ် ရှိ၏။ ရေနှင့်အစာကို မျိုလျှင် ရင်ဘတ်ဘက်သို့ မသွားရအောင် အဆိုပါ ကတော့နှစ်ထပ်တွင် အပြင်ဘက်က ကတော့သည် အထက်သို့တက်၍ ပိတ်ပြီးလျှင် အောက်သို့ပြန်ဆင်း၍ နေ၏။ ရေနှင့်အစာသည် တိုက်၍ ဖိသောကြောင့် ကုလားနှင့်တူသော လျှာခင်သည် နှာခေါင်းပေါက်သို့ ရေအစာ မသွားရအောင် ပိတ်၍ထား ၏။ အားထုတ်၍ ရေအစာတို့ကို မမျိုဘဲ အမှတ်တမဲ့ မျိုမိလျှင် ခံတွင်း၌ရှိသော တစုံတခုသော စားဘွယ်သောက်ဘွယ် သည် ဝင်သွား၍ ကတော့လျှာခင်တို့သည် မပိတ်မိသော ကြောင့် ဝင်သွားသောအစာသည် နှာခေါင်းပေါက်သို့ဝင်လျှင် နှာခေါင်းမှ ထွက်လာ၏။ အဆုတ်ပေါက်သို့ ဝင်သွားမိလျှင် ပြင်းထန်စွာ ချောင်းဆိုး၏။ သီးတတ်နင်တတ်၏။ အခန့်သင့် လျက် ထွက်၏။ ပြေ့သောအစာမျိုး ဖြစ်လျှင်လည်း တဖြေးဖြေး ကြေညက်၍ ထွက်၏။ သို့မဟုတ် လမ်းဝင်မှား

သော အစာသည် မာသောအစာဖြစ်၍ မကြေနိုင်လျှင် ချောင်းဆိုးနာ အဆုတ်နာဖြစ်၍ သေတတ်၏။ သေနာဖြစ်တတ်၏ဟု ဆိုသည်။

ထို့ကြောင့် မာသောအစာမျိုးကို အမှတ်တမဲ့ မစားရာ၊ ခံတွင်း၌ငုံ၍ မထားရာ၊ အစားအသောက်ကို စားသောက်တဲ့ခါ သတိမထားဘဲ အမှတ်တမဲ့ မစားရာ၊ စားသောက်နေတုန်းကို စကားမပြောရာ၊ တစုံတရာကို မထွေးတော မကြံစည်ရာ၊ အထူးသဖြင့် သတိထားရာသည်။ စိတ်ကြောင့်ဖြစ်သော ပါယောဓါတ် မပြန့်နှံ့သောကြောင့် ပြင်ဘက်ကတော့ မပိတ်မိ၍ ဤပုံဖြစ်ရလေသည်ဟု သတိပြုပါလေ။

.....................................

| | |
|---|---|
| တနည်း ပါဠိသက်သက် အနုလုံ စီးဖြန်းပုံ | ၁။ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ (တစပဥ္စက ငါးခုတစု) |
| | ၂။ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဥ္ဇံ၊ ဝက္ကံ၊ (ဝက္ကပဥ္စက ငါးခုတစု) |
| | ၃။ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ (ပပ္ဖါသပဥ္စက ငါးခုတစု) |
| | ၄။ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ (မတ္ထလုင်္ဂပဥ္စက ငါးခုတစု) |

၅။ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊
(မေဒ ဆက္က ခြောက်ခု တစု)

၆။ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ၊
(မုတ္တ ဆက္က ခြောက်ခု တစု)

(အရကျက်)

ပါဠိသက်သက် ပဋိလုံ စီးဖြန်းပုံ

၁။ မုတ္တံ၊ လသိကာ၊ သိင်္ဃာဏိကာ၊ ခေဠော၊ ဝသာ၊ အဿု၊
(မုတ္တဆက္က ခြောက်ခု တစု)

၂။ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ၊
(မေဒဆက္က ခြောက်ခု တစု)

၃။ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊
(မတ္ထလုင်္ဂပဥ္စက ငါးခု တစု)

၄။ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊
(ပပ္ဖါ ပဥ္စက ငါးခု တစု)

၅။ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊
(ဝက္ကပဥ္စက ငါးခု တစု)

၆။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊
ကေသာ၊
(တစပဉ္စက ငါးခု တစု)
(အရကျက်)

.................................

**မြန်မာသက်သက် အနုလုံ စီးဖြန်းပုံ**

၁။ ဆံပင်၊ မွေးညှင်း၊ လက်သည်း - ခြေသည်း၊ သွား၊ အရေ၊ ၅-ခု၊ ၁-စု။

၂။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ ၅-ခု၊ ၁-စု။

၃။ နှလုံး၊ အသည်း၊ အခြမ်း၊ အဖျဉ်း၊ အဆုတ်၊ ၅-ခု၊ ၁-စု။

၄။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ ၅-ခု၊ ၁-စု။

၅။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ ၆-ခု၊ ၁-စု။

၆။ မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ ၆-ခု၊ ၁-စု။

( အရကျက် )

**မြန်မာသက်သက် ပဋိလုံ စီးဖြန်းပုံ။**

၁။ ကျင်ငယ်၊ အစေး၊ နှပ်၊ တံထွေး၊ ဆီကြည်၊ မျက်ရည်၊ ၆-ခု ၁-စု။

၂။ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ၆-ခု ၁-စု။

၃။ ဦးနှောက်၊အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ ၅-ခု ၁-စု။

၄။ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ ၅-ခု ၁-စု။

၅။ အညှို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ ၅-ခု ၁-စု။

၆။ အရေ၊ သွား၊ ခြေသည်း-လက်သည်း၊ မွေးညှင်း၊ ဆံပင်၊ ၅-ခု ၁-စု။

( အရကျက် )

**မှတ်ထားချက်။** ။တစပဉ္စကကို အနုလုံ ၅-ရက်၊ ပဋိလုံ ၅-ရက်၊ အနုလုံ ပဋိလုံ နှစ်ရပ်ပေါင်း ၁၅-ရက်။ ဝက္က ပဉ္စကကို ရှေးနည်းအတူ ၁၅-ရက်၊ တစ-ဝက္က နှစ်ရပ်ပေါင်း ၁၅-ရက်၊ ပပ္ဖါသ ပဉ္စကကို ၁၅-ရက်၊ တစ-ဝက္က-ပပ္ဖါသ သုံးရပ်ပေါင်း ၁၅-ရက်၊ မတ္တလုင်္ဂကို ၁၅-ရက်၊ ရှေးနည်းတူ ပေါင်း ၁၅-ရက်၊ မေဒ ဆက္ကကို ၁၅-ရက်၊ ရှေးနည်းတူ ပေါင်း၍ ၁၅-ရက်၊ မုတ္တာဆက္ကကို ၁၅-ရက်၊ ရှေးနည်းတူပေါင်း ၁၅-ရက်၊ ဤသို့လျှင် ၁၅-ရက်ပေါင်း တဆယ့်တစ်ဖြစ်၍ အခွဲနှင့်တကွ ၆-လ၊ (ဝါ) ၅-လနှင့် ၁၅-ရက် စီးဖြန်းရမည်ဟု ခုဒ္ဒက ပါဠိ ဋ္ဌကထာ၌ ဆို၏။ ယခုဘဝ မင်္ဂဖိုလ်မရသော်လည်း အပါယ်

ဘေးနှင့်ဝေး၍ နတ်ရွာသုဂတိနှင့်တကွ နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိသောကြောင့် များမြတ်သောအကျိုးကို x တည်၏ဟု ကျမ်းဂန်တို့၌ အဆိုရှိလေသည်။

## သောတာပန်

ဤပုံ ဤနည်း ရှေးအခါ သီဟိုဠ်ကျွန်းမှာ နှစ်နိကာယ် သုံးနိကာယ်ဆောင်တဲ့ မထေရ်ကြီး နှစ်ပါးတို့ဟာ ကမ္မဋ္ဌာန်းဆရာ မဟာရေဝတထံမှာ ကမ္မဋ္ဌာန်းတောင်းကြတဲ့ခါ ယခုပြဆိုခဲ့တဲ့တိုင်း နှုတ်ဖြင့်လေးလ, ဆင်ခြင်ကြလေဟု ပေးလိုက်တဲ့အတိုင်း နှုတ်ဖြင့်ပင်လေးလ, ဆင်ခြင်ကြတဲ့ခါ လေးလစေ့တဲ့နေ့မှာ ပဋိကူလသညာထင်၍ နှစ်ပါးလုံး သောတာပန်ဖြစ်သွားကြသည်ဟု ခုဒ္ဒကပါဌ အဋ္ဌကထာမှာ လာရှိသည်။ ထို့ကြောင့် ယုံကြည်စိတ်ချစွာ အားထုတ်ကြပါလေ။

……………………………………

**တနည်း ပါဠိသက်သက် ဆင်ခြင်ပုံ။**

ကေသာနာမ ဝဏ္ဏတောပိ၊ သဏ္ဌာနတောပိ၊ဂန္ဓတောပိ၊ အာသယတောပိ၊ ဩကာသတောပိ၊ အသုစိ၊ ဇေဂုစ္ဆိ၊ ပဋိကူလံ။

လောမာနာမ ...ပ။

မုတ္တံနာမ၊ ဝဏ္ဏတောပိ၊ သဏ္ဌာနတောပိ၊ ဂန္ဓတောပိ၊ အာသယတောပိ၊ ဩကာသတောပိ၊ အသုစိ၊ ဇေဂုစ္ဆိ၊ပဋိကူလံ။

မြန်မာသက်သက် ဆင်ခြင်ပုံ။

ဆံပင်တို့မည်သည်ကား အဆင်းအားဖြင့်ရင်း၊ သဏ္ဌာန်အားဖြင့်ရင်း၊ အနံ့အားဖြင့်ရင်း၊ အကျိုးဆက် အားဖြင့်ရင်း၊ တည်ရာအရပ်အားဖြင့်ရင်း၊ မစင်ကြယ်။ စက်ဆုပ်ဘွယ်။ ရွံရှာဘွယ်ကြီးပါတကား။ မွေးညှင်းတို့မည်သည်ကား....ပ။ ရှေးနည်းအတိုင်း ကျင်ငယ်ကျအောင် ကောဋ္ဌာသကို လွှဲပြောင်း၍ လွှဲပြောင်း၍ ဆိုလေ။ ဤကား စက်ဆုပ်ဘွယ် အားဖြင့် ဆင်ခြင်ပုံ။

( အရကျက် )

..................................

တနည်း ပါဠိသက်သက် ဆင်ခြင်ပုံ။

ကေသာနာမ ဣမသ္မိံ သရီရေ၊ ပါဠိယက္ကော ဧကော ကောဋ္ဌာသော၊ အစေတနော၊ အဗျာကတော၊ သုညော၊ နိသတ္တော၊ ထဒ္ဓေါ ပထဝီဓာတု။ လောမာနာမ။ပ။မတ္ထလုင်္ဂံနာမ၊ပ။ ထဒ္ဓေါ ပထဝီဓာတု။ ပိတ္တံနာမ ဣမသ္မိံ သရီရေ ပါဠိယက္ကော ဧကော ကောဋ္ဌာသော အစေတနော၊ အဗျာကတော၊ သုညော၊ နိသတ္တော၊ ယူသဘူတော၊ အာပေါဓာတု။

အဿုနာမ ဣမသ္မိံ သရီရေ
ပါဠိယက္ကော ဧကော ကောဋ္ဌာသော၊
အ စေ တ နော ၊ အဗျာကတော၊
သုညော၊ နိသတ္တော၊ ယူသဘူတော
အာပေါဓာတု။

**မြန်မာသက်သက် ဆင်ခြင်ပုံ။** ဆံပင်တို့မည်သည်ကား ဤငါ၏ ခန္ဓာ
ကိုယ်၌ မွေးညှင်းစသည်တို့မှ အသီးအခြား
တပါး တခု ဖြစ်သော အစုံတစုံတည်း။
စိတ်စေတနာမရှိ၊ ရုပ်တရား သက်သက်
သာတည်း။ ပုဂ္ဂလ- သတ္တ- အတ္တ- ဇီဝ-နိစ္စ-
သုခ-သုဘသဘောမှ ဆိတ်သုဉ်း၏။
သတ္တဝါမဟုတ်၊ ကြမ်းတန်းခက်မာသော
ပထဝီဓါတ် လွန်ကဲသော အစုံတည်း။
( ပထဝီ ဓါတ်ချည်းတည်း )။

သည်းခြေမည်သည်ကား ငါ၏ခန္ဓာ
ကိုယ်၌ သလိပ်စသည်တို့မှ အသီးအခြား
တပါးတခုဖြစ်သော အစုတစုတည်း၊ စိတ်
စေတနာမရှိ၊ ရုပ်တရားသက်သက်တည်း၊
ပုဂ္ဂလ သတ္တ အတ္တ ဇီဝ နိစ္စ သုခ အတ္တ
သဘောမှ ဆိတ်သုဉ်း၏၊ သတ္တဝါမဟုတ်
အစေးဖြစ်၍ ပြစ်သော အာပေါလွန်ကဲ
သော အစုတည်း။ သလိပ်မည်သည်ကား

စသဖြင့် မျက်ရည်ကျအောင် ကောဋ္ဌာ သလဲ၍ လဲ၍ ဆိုလေ။ ( အာပေါဓါတ် ချည်းတည်း )။

ဤကား ဓါတ်အားဖြင့် ဆင်ခြင်ပုံ။

( အရကျက် )

---

တနည်းပါဠိသက်သက် ဆင်ခြင်ပုံ။

ကေသာ သုညာ၊ အတ္တေနဝါ၊ အတ္တနိယေနဝါ၊ နိစ္စေနဝါ၊ ဓုဝေနဝါ၊ သဿတေနဝါ၊ ဝိပရိဏာမ ဓမ္မေနဝါ။ လောမာသုညာ ။ပ။ နခါသုညာ။ပ။ ဒါဌာသုညော ။ပ။ မံသံသုညံ။ပ။ နှာရုသုညော။ပ။ အဋ္ဌိသုညံ ။ပ။ အဋ္ဌိမိဉ္ဇံသုညံ။ပ။ သေမှံသုညံ ။ပ။ ပုဗ္ဗောသုညော ။ပ။ လောဟိတံ သုညံ ။ပ။ သေဒေါ သုညော ။ပ။ သိင်္ဃာဏိကာသုညာ ။ပ။ မုတ္တံသုညံ၊ အတ္တေနဝါ၊ အတ္တနိယေနဝါ၊ နိစ္စေနဝါ၊ ဓုဝေနဝါ၊ သဿတေနဝါ၊ ဝိပရိဏာမ ဓမ္မေနဝါ။

မြန်မာသက်သက် ဆင်ခြင်ပုံ။

ဆံပင်တို့သည် သူ ငါ ကျား မ ခေါ် ဆိုကြ သော အတ္တအစိုးရ အလိုသို့ လိုက်သော အတ္တအဖြစ်မှရှင်း၊ အတ္တ၏ ဥစ္စာအဖြစ်မှ

ငင်း၊ အသစ်မဖြစ်သောအားဖြင့် မြဲခြင်းမှ
ငင်း၊ မပျက်သောအားဖြင့် မြဲခြင်းမှငင်း၊
အခါခပ်သိမ်းတည်ခြင်းမှငင်း၊ မဘောက်
မပြန်သောအားဖြင့် မပျက်စီးခြင်းမှငင်း၊
(ဝါ) သဘောမှငင်း၊ ဆိတ်သုဉ်းကုန်၏။
မွေးညှင်းတို့သည် စသည်ဖြင့် ကောဋ္ဌာသ
လဲ၍လဲ၍ ကျင်ငယ်ကျအောင် ရှေးနည်း
တူဆိုလေ။ ဤကား ဆိတ်သုဉ်းခြင်းအား
ဖြင့် ဆင်ခြင်ပုံတည်း။

( အရက်ကျက် )

**မှာထားချက်။** ။ဤလို ဤပုံ ပြဆိုခဲ့ပြီးသော နည်းအများ
တို့တွင် တပါးပါးကိုပင် သတိနှင့်မကွာ
ပညာနှင့်မကင်း ဉာဏ်နှင့်စဉ်းစားဆင်ခြင်၍ မထင်ထင်အောင်
မမြင်မြင်အောင် အဘန်တလဲလဲ ဆင်ခြင် နှလုံးသွင်းတဲ့ခါ
စက်ဆုပ်ဘွယ်အားဖြင့် ဆင်ခြင်၍ ထင်မြင်လျှင် ပဋိဘာဂနိမိတ်ကို
ရနိုင်၏။

ဓါတ်အားဖြင့် ဆင်ခြင်၍ ထင်မြင်လျှင် အပ္ပနာသို့
မရောက်၊ ဥပစာ သမာဓိသို့ ရောက်၏။ ထိုမှတဆင့် ဝိပဿနာ
ထုံးစံအတိုင်းရုပ်နာမ်ပိုင်းခြား ရုပ်နာမ်အကြောင်း သိမ်းဆည်း
ပြီး၊ အကြောင်းနှင့် တကွသော ရုပ်နာမ်တို့ကို ဝိပဿနာဉာဏ်
အဆက်ဆက်ဖြင့် ရှုမှတ်ပွါးများ အားထုတ်လျှင် မဂ် ဖိုလ်
နိဗ္ဗာန်တိုင်အောင် ရောက်နိုင်၏ ဟု ကျမ်းဂန်တို့၌ ဆိုသည်။

ဆင်ခြင်ရန်မှာ။ ။နံနက်ဆယ်ကြိမ်၊ နေ့ဆယ်ကြိမ်၊ ညဉ့်ဆယ်ကြိမ် တနေ့ အကြိမ်သုံးဆယ် ဆင်ခြင်လျှင် ယခုလက်ရှိဘဝ၌ပင် မဂ် ဖိုလ် နိဗ္ဗာန်သို့ သော်လည်း ရောက်၏ ရ၏။ ပါရမီဉာဏ် အခြေခံနုလှ၍ ယခု လက်ရှိဘဝ မဂ်ဖိုလ်ကို မရသော်လည်း အပါယ်နှင့်ဝေး၍ နတ်ရွာသုဂတိနှင့်တကွ နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိ၍ များမြတ်သော အကျိုးတို့ကိုယူ၍ တည်၏ဟု ဆို၏။ နောင်သောအခါ ပါရမီ မဂ်မျိုး ဖိုလ်မျိုးဖြစ်စေရန် ရည်ရွယ်သောသူတို့မှာ အဆင်းအားဖြင့်၎င်း၊ စက်ဆုပ်ဘွယ်အားဖြင့်၎င်း၊ ဓါတ်အားဖြင့်၎င်း၊ မဆင်ခြင်ဘဲ၊ ဆံပင်အစု၊ မွေးညှင်းအစု စသည်ဖြင့် အစုကောဋ္ဌာသအားဖြင့်သာ ဆင်ခြင်ရမည်ဟုဆိုသည်။

---

ဤလို ဤပုံ အပြည့်အစုံ အကုန်လုံးကို ထားဘိဦး။ "ကေသာဒိသု ကေက ကောဋ္ဌာသေသု အရဟတ္တ ပတ္တာနိ ဘိက္ခုနမ္ပိ၊ ဘိက္ခုနီနမ္ပိ၊ ဥပသကာနမ္ပိ၊ ဥပါသိကာနမ္ပိ၊ ပရိစ္ဆေဒေါ နတ္ထိ" နှင့် အညီ ဆံပင်စသည်တို့တွင် တခုတစုကိုပင် စွဲစွဲမြဲမြဲ ဆင်ခြင်ပွါးများ အားထုတ်၍ အရဟတ္တ မဂ်သို့ ရကြ ရောက်ကြတဲ့ ရဟန်းယောကျာ်း၊ ရဟန်းမိန်းမ၊ လူယောကျာ်း၊ လူမိန်းမတို့ဟာ ဤ၍ ဤမျှရှိပြီဟူ၍ အရေအတွက် အပိုင်းအခြားမရှိတော့ဘူးတဲ့၊ (ဝါ) မရေတွက်နိုင်အောင် မဂ်ဖိုလ်ကို ရကြ ရောက်ကြတဲ့သူတွေ များလှလေပြီတဲ့။

( ဒိဋ္ဌိ - ဖြစ် - မဖြစ် ) ခန္ဓ ဝိနိမုတ္တဿ သတ္တဿ ဂဟိ တတ္တာ ဒိဋ္ဌိဂတိနာမ ဟောတိ နှင့်အညီ တလောကလုံးမှာ သစ္စာခန္ဓာမှလွတ်သော ပုဂ္ဂိုလ်သတ္တဝါ မရှိပါဘဲလျက် သစ္စာ ခန္ဓာမှအလွတ် ပုဂ္ဂိုလ် သတ္တဝါရှိ၏ဟုယူလျှင် ဒိဋ္ဌိဖြစ်၏။သစ္စာ ခန္ဓာမှလွတ်သော ပုဂ္ဂိုလ်သတ္တဝါရယ်လို့ လူမျိုးသီးခြား မရှိ တော့ပြီဟု ယူလျှင် သက္ကာယဒိဋ္ဌိမဖြစ်ဟု သိလေ။ သတ္တိယာ ဝိယ ဩမဋ္ဌောဒယှ မာနေဝ မတ္ထကာနှင့် အညီ' ဒိဋ္ဌိပြုတ်ရန် အရေး ပေါ့ပေါ့နေးနေး လေးလေးပြုအပ်သော အမှုမဟုတ်။ ရင်ဝလှံစူး ထိပ်ဦးမီးလောင်သော သူထက်ပင် အရေးကြီးလှ သည်ဟု သိလေ မှတ်လေ။

## သူငါဟူက မြူမျှမရှိ

**တနည်းဒိဋ္ဌိပြုတ် ဆင်ခြင်ပုံ။**

ဘော်ပြခဲ့ပြီးတဲ့ ဆံပင်အစ ကျင်ငယ် အဆုံးရှိတဲ့ ၃၂ - တုံး၊၃၂ - ခု၊ ၃၂-စု တို့ဟာ အခြားနေရာမှာ ရှိနေတာ မဟုတ်၊ မိမိ၏ ခြေဆုံး ခေါင်းဆုံး တ ကို ယ် လုံး တကောင်လုံး ကြီးဘဲ ဖြစ်နေတာပါ တကားဟု အမှန်သိ အမှန်မြင် အမှန်ယူကြလေ။ ။

"ဆင်စီး၍ အထီးမှန်း အမမှန်းမသိ၊ မြင်းစီး၍ အထီး မှန်း အမမှန်းမသိ"ဆိုတာလို မဖြစ်ကြစေနှင့်၊ မိမိမှာ မိမိ ကိုယ်မှာ ရှိနေတဲ့ တရားတွေကို ပြဆိုနေပါလျက် ပြမှန်းမသိ မရိပ်မိ ဘိတ်မသိမဖြစ်ကြစေနှင့်၊ ငါကတခြား ဆံပင်တွေက

တခြား ဖြစ်မနေစေနှင့်၊ ငါဆိုတဲ့ငါ သူတပါးဆိုတဲ့ သူတပါးက လားလားမှမရှိ၊ ဘိတ်မရှိ၊ လုံးဝမရှိ၊ ခေါ်စရာနာမည် ပညတ်မျှဟုသိ၊ အဟုတ်ရှိအမှန်ရှိက ဆံအစ ကျင်ငယ်အဆုံးရှိတဲ့ ၃၂-တုံး၊ ၃၂-ခု၊ ၃၂-စု၊ ရုပ်ပရမတ်သာ ရှိ၏ဟူ၍ သိလေမှတ်လေ။ ။

လောကဌ် ပြောကြတဲ့သူ ငါဆိုတာ ယောကျ်ားမိန်းမဆိုတာ ဘယ်လိုဟာကို ခေါ်တာလဲ တချက်ထဲ အမှန်ကျအောင် ပြောစမ်းပါလို့ မေးခဲ့လျှင် စက်ဆုပ်စရာ ရွံရှာအော့ချင်စရာ အန်ချင်စရာတွေကို စုပေါင်းထားတဲ့ ဆံအစ ကျင်ငယ်အဆုံးရှိတဲ့ ၃၂-တုံး၊ ၃၂-ခု၊ ၃၂-စု ကိုဘဲ သူ ငါ ဟူ၍၎င်း၊ကျား မ ဟူ၍၎င်း၊ ဖြူမဲဟူ၍၎င်း၊ ခေါ်ဆိုရတာဘဲဟု ဖြေလျှင် အမှန်ဆုံးဘဲဟုသိလေ၊ သူ-ငါ-ကျား-မ-ဖြူ-မဲ စသည်ကား မဟုတ်မမှန်၊ စက်ဆုပ် ရွံရှာစရာကောင်းတဲ့ အစုအဝေးအစုအပုံကြီးသာ ဟုတ်မှန်၏ဟု သိလေ မှတ်လေ။ ။

သူ ငါ ကျား မ စသည်ဖြင့် ပညတ်အားဖြင့် ခေါ်ဆိုကြရတဲ့ ဤခန္ဓာကိုယ်ကြီး၌ စေ့စေ့ငုငု ဉာဏ်စက္ခု ဉာဏ်မျက်စိ ပညာမျက်စိဖြင့် ကြည့်ရှုသည်ရှိသော် "နာမဥ္စ ရူပဥ္စ ဣဓတ္ထိ သစ္စတော နဟေတ္ထ သတ္တော မနုဇောဝ ဝိဇ္ဇတိ" ဆိုတဲ့ ဝိသုဒ္ဓိ မဂ်နှင့်အညီ သူငါဟူက မြူမျှမရှိ၊ ကျား-မ ဟူ၍ မြူမျှမရှိ၊ ဖြူ မဲ ဟူ၍ မြူမျှမရှိ၊ ဘိတ်မရှိ၊ လုံးဝမရှိပေ။ အမှန်ရှိသည်မှာကား ဆံပင်အစ ကျင်ငယ်အဆုံး ၃၂-တုံး၊ ၃၂-ခု၊ ၃၂-စု တို့သာ မုချရှိ၏။ ထို ၃၂-စု တို့သည်လည်း သူ ငါ

ကျွေး မ မဟုတ်ကြကုန်။ ဆံအစ ဦးနှောက်အဆုံးရှိတဲ့ အစု ၂၀-က ဘာတခုကိုမှ သိတတ်သော သဘောမရှိသော ရုပ်တရား ဥပါဒ်-ဌီ-ဘင် မျှဖြစ်၍ ပျက်ကြသောကြောင့် မမြဲ ဆင်းရဲ အစိုး မရတဲ့ လက္ခဏာရေးသုံးပါး၊ ဆင်းရဲတာမှန်ဘဲ့ ဒုက္ခသစ္စာ ဟူ၍သာ အသိမှန်သိ အမြင်မှန်မြင် အယူမှန်ကိုသာ ယူကြ ပါလေ။ ။

သူ ငါ ကျွေး မ စသည်ဖြင့် အမြင်မှား အယူမှားကို ပယ်စွန့်ကြပါလေ၊ သည်းခြေအစ ကျင်ငယ်အဆုံးရှိတဲ့ ၁၂-စု ကလဲ ဘာတခုကိုမှ သိတတ်သောသဘော မရှိသော ရုပ်တရား၊ ဆင်းရဲတာမှန်တဲ့ ဒုက္ခသစ္စာဟူ၍သာ အသိမှန်သိ၊ အမြင်မှန် မြင်၍ အယူမှန်ကို ယူကြပါလေ၊ သူ ငါ ကျွေး မစသည်ဖြင့် အသိ မှား အမြင်မှား၍နေတဲ့ အယူမှားကို ပယ်စွန့်ကြပါလေ ။ ။

အမှန်မှာ ဤခန္ဓာမှာရှိတဲ့ ဆံအစ ကျင်ငယ်အဆုံးရှိတဲ့ ၃၂-ခု၊ ၃၂-စု တို့သည်ကား သူငါကျွေးမ စသော ပညတ်တို့နှင့် မရောယှက် ရုပ်ပရမတ်သက်သက်၊ ဒါဆံပင်၊ ဒါမွေးညှင်း၊ ပါ၊ ဒါကျင်ငယ်စသည်ဖြင့် သိတတ် စေ့ဆော်ဘတ်တဲ့ စိတ်အစု စေတသိက် အစုတို့ကလဲ သူ ငါ ကျွေး မ စသော ပညတ်တို့နှင့် မရောမယှက်၊ နာမ်ပရမတ်သက်သက်၊အနိစ္စ ဒုက္ခ အနတ္တအစစ်၊ ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာသာဖြစ်၏ဟု အသိမှန်သိ အမြင် မှန် မြင်၍ အယူမှန်ကို ယူနိုင်ကြပါလျှင်၊ (ဝါ) သူငါစသော ပညတ် ကွယ်ပျောက် ရုပ်နာမ်ဟူသော ပရမတ်ပေါက်၊ အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာရေးဆိုက်၊ ဒု - သ ဟူသော

သစ္စာကိုက်အောင် ယုံမှားမရှိ ထိုးထွင်း၍ သိသွားပါလျှင် အယူမှား ဒိဋ္ဌိ ချုပ်ငြိမ်း၍ အပါယ် ဇာတ်သိမ်းနိုင်ကြလိမ့်မည်ဟူလို။

...................................

## (၁၂) တနည်း အရိုးစု အသားစု ထင်အောင် ဆင်ခြင်ပုံ။

၁။ ဆံပင်အစ ကျင်ငယ်အဆုံးရှိသော သူငါ ကျားမ စသည်ဖြင့် အခေါ်ခံရသော ဤခြေဆုံး ခေါင်းဆုံး တကိုယ်လုံး တကောင်လုံးကြီးသည်ကား လောက၌ ပြောဆိုနေကြတဲ့အတိုင်း သူ ငါ ကျား မ စသည်ကား တကယ် မဟုတ်ကြပါလေ ပညတ်မျှသာပေ။

အဟုတ်အမှန်မှာ ခေါင်းပါးခွန်မှေး သစ်ထဲဆွေးသို့ ညစ်ကျေးပြည့်လျှံ သွားရိုးကိုချန်၍ ကြွင်းကျန်သော အရိုး(၃၀၀)တို့ကို အိမ်တိုင်ကဲ့သို့ စိုက်ထောင်၍ အိမ်ဆောက်သကဲ့သို့ တည်၏ဟု မိမိစိတ်ထဲ ဉာဏ်ထဲမှာ တတ်တတ်ထင်ထင် တွဲတွဲကြီး ထင်မြင်အောင် ဆင်ခြင်လေ။ ရှေ့ကိုလည်းနည်းတူ သိလေ။ ။

### အရိုး (၃၀၀) ဆောင်ပုဒ်

လက်ခြေရိုးနှ စတုသဋ္ဌိ ဒွေပဏ္ဍိထက် ဖမျက်မြင်း ခေါင်း လေးချောင်းစီဖြစ် ပုဆစ်ပေါင်ခါး နှစ်ပါးစီသာ ကျောက်မှာဆယ် ရှစ်ခု စတုဝီသ နံရိုးကျလိမ့် စုဒ္ဒသ ရင်ဖုံး နှစ်လုံးတမျိုး ညှပ်ရိုးလက်ပြင် မောင်းတွင်း နှစ်ပါး မောင်းဖျားလေးသာ လည်မှာခုနစ် နှစ်ခုမေးရိုး

တမျိုးနှာတွင်း မျက်ကွင်းနှစ်ပါး နားတွင်းနှစ်ခါ နလာဌေက မုဒ္ဒကော် ခေါင်းခွံကားကိုး မော်ကွန်း ထိုးသည် အရိုး - ၃၀၀ ပြည့်သတည်း။

၂။ ၁၀၀ - သော အရိုးဆက်တို့ဖြင့် ဆက်စပ်၍ ဆက်စပ်၍ တည်၏။

၃။ ၉၀၀ - သော အကြောဟူသော ကြိမ်နွယ်တို့ဖြင့် ဖွဲ့ချည် တုပ်နှောင်အပ်၏။

၄။ ၉၀၀ - သော သားတစ်တို့ဖြင့် မွမ်းမံလိမ်းကျံအပ်၏။

၅။ စိုသောအရေတို့ဖြင့် မြှေးရှက်အပ်၏။

၆။ အရေပါးဖြင့် လွှမ်းခြုံအပ်၏။

၇။ ဖွတ်၊ ပဒတ်၊ မြွေတို့၏ နေရာကဲ့သို့ အပေါက်ကြီး အပေါက်ငယ်ရှိ၏။

၈။ အဆီပြည့်ဖြိုးသော အိုးကဲ့သို့ အမြဲမပြတ် အောက် အထက် ယိုစီးစိမ့်ဝင်လျက်ရှိ၏။ (ထင်မြင်အောင ဆင်ခြင်)။

၉။ ပိုးမျိုး (၈၀) တို့၏ နေရာ ကျင်ကြီးကျင်ငယ်စွန့်ရာ အိမ်ထောင်သားမွေးရာ သုသာန်ဖြစ်၍ တည်၏။

၁၀။ ၉၆ - ဖြာသော ရောဂါဝေဒနာတို့၏ ဖြစ်ပွါး ပေါ်

ပေါက်ရာ ဆင်းရဲဒုက္ခတို့၏ စုပေါင်းကျရောက်ရာအခင်း သဘွယ် ဖြစ်၍တည်၏။

၁၁။ ပေါက်ပြဲရင့်မာသော အနာကဲ့သို့ မျက်စိနှစ်ဘက်မှ မျက်ဝတ်မျက်ချေး နားနှစ်ပေါက်မှနဖါချေး၊နှာခေါင်း နှစ်ပေါက်မှ နှပ်ချေး၊ ပါးစပ်ပေါက်မှ တံထွေး ချွဲကမ်း အန်ဖတ် သွားရည် လျှာရည်၊ ကျင်ကြီးပေါက်မှ ကျင်ကြီး ကျင်ငယ်ပေါက်မှ ကျင်ငယ်ဟူသော အထက် ခုနစ်ပေါက် အောက်ခုနစ်ပေါက်အားဖြင့် ကိုးပေါက် ကိုးဒွါရတို့မှ အပေါက်ရှိတဲ့ အပုပ်အိုးကြီးပမာ နေ့ညဥ့် မစဲ အမြဲမပြတ် တလစပ် တစက်စက် တဒီးဒီးယိုစီး၍ ထွက်ရာသော ဖြစ်၏။

၁၂။ ကိုးသောင်း ကိုးထောင်၊ (ဝါ) ကိုးသိန်း ကိုးထောင် သော မွေးညှင်းပေါက်တို့မှ မစင်မကြယ် စက်ဆုပ် ဘွယ်သော ချွေးအစေး အရည်တို့ဖြင့် ယိုစီး၍ကျ၏၊ ယင်မပဲရှိုင်းတို့ တရုံးရုံး ဝိုင်းရံကုန်၏။

၁၃။ ဤခန္ဓာကိုယ်ကြီးကို တပူစားခြင်း မျက်နှာသစ်ခြင်း ခေါင်းလျှော်ခြင်း ဆီလိမ်းခြင်း ရေချိုးခြင်း အဝတ် တန်းဆာ ဝတ်ရုံဆင်မြန်းခြင်းကို မပြုလုပ်ဘဲ မိမွေး တိုင်း ဘမွေးတိုင်း ထားခဲ့သည်ရှိသော် မင်းသည်ငှင်း၊ ဆင်းရဲသားသည်ငှင်း၊ ပန်းမှုိက်သွန် ဒွန်းစဏ္ဍား သည်ငှင်း၊စက်ဆုပ်ရွံရှာဘွယ် ရှိသည်၏ အဖြစ်၌ ထူး ခြားကွဲလွဲ တော့သည်မဟုတ်၊အတူတူသာလျှင်တည်း။

၁၄။ ဤခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီး သည်ကား မလှပ မတင့်တယ် မဘွယ်မရာ အသုဘသာဖြစ်သော်လည်း ရေချိုးခေါင်းလျှော် မျက်နှာသစ် သွားချေးပွတ်သပ် ဝတ်စားတန်းဆာ ပန်းနံ့သာ ပုတီးနားဋ္ဌောင်း လက်ကောက် လက်ကြပ် ခြေကျဉ်း ဆင်ယင်လိုက်သည်ရှိသော် သစ်သားရုပ် ခြင်းကြားရုပ်ကို ဝတ်စားတန်းဆာ ဆင်သကဲ့သို့ဖြစ်၍ ငါ - ငါ၏ ဥစ္စာ ငါ့ကိုယ်ဟု တဏှာမာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းမှတ်ယူကုန်လျက် ထိုအသုဘ သဘောသွားကို လားလားမှ မသိမမြင်ကြကုန်သော (ပညာမျက်စိ ဉာဏ်မျက်စိလည်းမရှိ) ကန်းကုန်သောလူပြိန်း လူဖျင်း လူအညံ့စားတို့သည် ယောကျ်ားတို့သည် မိန်းမတို့၌ မိန်းမတို့သည် ယောကျ်ားတို့၌ အလွန်အကြူးအထူးသဖြင့် မူးမူးမေ့မေ့ တပ်မက်နှစ်ခြိုက် ချစ်ကြိုက်ကြကုန်၏။

**ဥပမာကား။** ။ အပုပ်အိုးကြီးတခုက အပုပ်အိုးကြီး တခုကို အလိုရှိဘိသကဲ့သို့ပေတည်း။ ။

သူငါကျားမ ခေါ်ဆိုကြသော (၀ါ) အခေါ်ခံရသော ဤခန္ဓာကိုယ်ကြီးသည်ကား အမှန်အားဖြင့် ဆံအစု မွေးညှင်းအစု အရေပါးအစု **အ**ရေထူအစု အသားအစု အကြောအစု အရိုးအစု ခြင်ဆီအစုဆိုတဲ့ အစုအပေါင်း မကောင်းဆိုးဝါးတွေသာ ဟုတ်၏။ သူငါကျားမ ကား အဟုတ်မဟုတ်ချေ။

အဆိုပါ ဆံအစ အရိုးအဆုံးရှိသော အပေါင်းအစု သည်လည်း ထာဝရဘုရား ဖန်ဆင်း၍ ဖြစ်သည်လည်းမဟုတ်၊ အဝိဇ္ဇာတဏှာစသော အကြောင်းကြောင့်ဖြစ်သော အကျိုး တရားသက်သက်သာဖြစ်၍ ဥပါဒ် - ဌီ - ဘင်မျှ ဖြစ်၍ဖြစ်၍ ပျက်ကျသောကြောင့် မမြဲဆင်းရဲ အစိုးမရတဲ့ အနိစ္စ ဒုက္ခ အနတ္တတို့သာ စစ်မှန်ကုန်၏။ ထိုအနိစ္စ ဒုက္ခ အနတ္တ ဖြစ်သော တရားတို့သည်လည်း လေးပါးသော သစ္စာတို့တွင် တဏှာမှ တပါးသော ရုပ်နာမ်ခန္ဓာတို့သည် ဒုက္ခသစ္စာ။ ထိုဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကို အသစ်အသစ် ဖြစ်စေတတ်သော ရှေးဘဝ၌ ဖြစ်သောတဏှာသည် သမုဒယသစ္စာ။ ထိုဒုက္ခသစ္စာ သမုဒယ သစ္စာ နှစ်ပါးတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်သည် နိရောဓ သစ္စာ၊ ထိုနိဗ္ဗာန်ကို မျက်မှောက်မြင်သိတတ်သော မဂ္ဂင်ရှစ်ပါး သည် မဂ္ဂသစ္စာသာဖြစ်၏။

ဤလိုဤပုံ သတိနှင့်မကွာ ပညာနှင့်မကင်း ခန္ဓာ တွင်းသို့ ဉာဏ်သွင်းကာ သွင်းကာ အဖန်တလဲလဲ ဆင်ခြင် နှလုံးသွင်းခြင်းဟူသော ယောနိသော မနသိကာရမှုကို အကြိမ် ကြိမ် ပြုသည်ရှိသော် ပရိညာ သုံးပါးပေါက်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုလေတော့သတည်း။ ။

.................................

## (၁၃) ပရိညာသုံးပါး

**ထို့ကြောင့်။** "ဤသည်တို့ကား၊ အရိုးများဟု၊ ပိုင်းခြား သိထ၊ (**ဉာတပရိညာ**)။ ထိုများစွာတို့၊ ရုံခါ ခမြဲ၊ ဖေါက်လွဲကုန်ကြ၊ အနိစ္စဟု၊ သိမှု

နှိုင်းချိန်(**ပရိညာ တိရဏ**)။ ချိန်နှိုင်းဆလျက်၊
မဂ်သို့ရောက်လျှင်း၊ တပ်ခြင်းပယ်ထ(**ပဟာန
ပရိညာ**)။ ဝေါဟာထွေပြား၊ ဤသုံးပါးဖြင့်၊
ပိုင်းခြားသိမြင်သတည်း....” ဟု ရှေးဆရာတို့
ဆိုကြလေသည်။ ။

( အရကျက် )

**မှာထားချက်**။ ။ဤ၌ ဆံအစုကစ၍ အရိုးစုအထိ သူငါ
ကျားမ ဖြူမဲဟူက မြူမျှမရှိ၊ လုံးဝမရှိ။
ဉာဏ်နှင့်ကြည့်က ဆံစသော ၃၂-ခု၊ ၃၂-စု၊ ရုပ်အပေါင်းအစုမျှ
သာရှိ၏ ဟု ပိုင်းခြား၍ သိသော အသိဉာဏ်ကို ( **ညာတပရိ
ညာ**)ဆိုသည်။ ထိုဆံစသော ရုပ်အပေါင်းအစု၊ ထိုရုပ်လျှင်
အာရုံရှိသောစိတ် စေတသိက်ဟူသော နာမ်အပေါင်းအစု၊
ဤရုပ်နာမ် အပေါင်းအစုသည်လည်း ဥပါဒ်- ဌီ- ဘင်မျှဖြစ်၍
ဖြစ်၍ ပျက်ကြသောကြောင့် မမြဲဆင်းရဲ အစိုးမရတဲ့ အနိစ္စ
ဒုက္ခ အနတ္တဟု လက္ခဏာရေး သုံးပါးကို ပိုင်းခြား၍သိသော
အသိဉာဏ်ကို (**တိရဏ ပရိညာ**)ဆိုသည်။ ထိုဆံစသော ရုပ်
အပေါင်းအစု၌ တပ်မက်မှု တဏှာ ဆန္ဒရာဂကို ပယ်သတ်
သော မဂ်ဉာဏ်ကို (**ပဟာန ပရိညာ**)ဆိုသည်ဟု သိလေမှတ်
လေ။ ။

ဤကား သူငါကျားမစသော ပညတ်ကွယ်ပျောက်
ပ-အာ-တေ-ဝါဟူသော ဓါတ်ကြီးလေးပါးပေါက်၊ ပရိညာ သုံး
ပါးသို့ ရောက်၍ မဂ်ပေါက်ပုံကို ပြဆိုချက်တည်း။ ။

## (၁၄) တနည်း ဓါတ်အားဖြင့် ဆင်ခြင်ပုံ

"ဆဓါတုယော ဘိက္ခု အယံ ပုရိသော" နှင့်အညီ ဤ ယောကျ်ား မိန်းမဟူသည် ပထဝီဓါတ် အာပေါဓါတ် တေဇော ဓါတ် ဝါယောဓါတ်၊ အာကာသဓါတ်၊ ဝိညာဏဓါတ် ဟူသော ဓါတ်ခြောက်ပါး ပရမတ္ထတရားအပေါင်းအစုကိုသာ ယောကျ်ား မိန်းမဟု ပညတ်အားဖြင့် ခေါ် ဆိုရသည်။ ဓါတ်ခြောက်ပါးကို နှုတ်ထားလျှင် ယောကျ်ား မိန်းမ မရှိတော့ပြီ။ ထို့ကြောင့် ဓါတ်ခြောက်ပါးကိုသာ ယောကျ်ား မိန်းမ ခေါ် ဆိုရသည်ဟုသိ၊ ထိုတွင် ပ- အာ- တေ- ဝါ- အာကာဆိုတဲ့ ရှေ့ဓါတ်ငါးပါးကလဲ ယောကျ်ား မိန်းမ့မဟုတ်၊ ( ရုပ္ပန လက္ခဏံ ရုပံ ) နှင့်အညီ ပူအေးသော ဆန့်ကျင်ဘက် အကြောင်းတို့နှင့် ပေါင်းဆုံမိတဲ့ခါ (ဝါ)တိုက်ပွဲဖြစ်ကြတဲ့ခါ ထောင်းခနဲ ထောင်းခနဲ ဘောက် ပြန်တတ်တဲ့ ရုပ်ဓါတ် ရုပ်တရားသက်သက်မျှသာ ဖြစ်သည်ဟု သိလေ။ ။

နောက်ပိတ်ဆုံးဖြစ်တဲ့ ( ဝိညာဏ ) ဓါတ်ကလဲ ယောကျ်ား မိန်းမ မဟုတ်၊ (နမဏ လက္ခဏံ နာမံ) နှင့်အညီ ညွတ်စရာ ဖြစ်စရာ အကြောင်းတို့နှင့် ပေါင်းဆုံမိတဲ့အခါ(ဝါ) တိုက်ပွဲဖြစ်တဲ့ခါ ထောင်းခနဲ ထောင်းခနဲ ညွတ်တတ် ဖြစ်တတ် တဲ့နာမ်တရားသက်သက်သာ ဖြစ်သည်ဟုသိလေ။ ။

အဆိုပါ ဓါတ်ခြောက်ပါးတို့တွင် အာကာသဓါတ်ဆိုသည် မှာ အခြားမဟုတ် (အာကာသဓာတု ပရိစ္ဆေဒရူပံနာမ) ဟု သင်္ဂြိုဟ်ကျမ်းတွင် လာသော အတူတကွ တပြိုင်နတ် ဖြစ်ကြ

သော ရုပ်ကလာပ်ချင်းချင်းငင်း ရှေ့နောက်စဉ်၍ ဖြစ်ကြသော ရုပ်ကလာပ် ချင်းချင်းငင်း၊တခုသော ရုပ်ကလာပ်နှင့်တခုသော ရုပ်ကလာပ်တို့ဟာ အချင်းချင်း မရောမယှက်ရအောင် ကြား၌ ကြား၌ ပိုင်းခြား၍ ပိုင်းခြား၍ ထားခြင်းမျှသာတည်း။

ဥပမာ နှမ်းနှင့် ပဲ တဖျာထဲ လှန်းတဲ့ခါ (ဝါ) အစားမှားဆေးနှင့် ငန်းဆေး တလင်ဗန်းထဲ လှန်းတဲ့ခါ တမျိုးနှင့် တမျိုး မရောယှက်စေခြင်းငှါ အလယ်ခေါင်မှာ နှီးပြားကို ဖြစ်စေ၊ ဝါးခြမ်းစိတ်ကို ဖြစ်စေ ခြား၍ခြား၍ ထားသကဲ့သို့ ပေတည်း။ ။

ထိုအာကာသ ဓါတ်မှာ သဘောအားဖြင့် အသီးအခြား မရအပ်၊ လက္ခဏာရေးတင်၍ မဆင်ခြင် မသုံးသပ်အပ်၊ ( ဝါ ) ဝိပဿနာမရှုအပ်၊ သို့မရှုအပ်သော်လည်း ရုပ်ကလာပ်တိုင်း ရုပ်ကလာပ်တိုင်းတို့၌ တခုသော ရုပ်ကလာပ်နှင့် အခုသော ရုပ်ကလာပ်တို့ဟာ မရော မယှက်ရအောင် အမြဲတမ်း ပိုင်းခြား၍ ပိုင်းခြား၍ ပေးနေရသော အဆိုပါ အာကာသဓါတ်ကို ဉာဏ်ဖြင့် မမြင်လျှင် တပြိုင်နက် အတူတကွ ဖြစ်ကြ၍ တလုံးတည်း တခဲတည်းကဲ့သို့ မှတ်ထင်ရသော ရုပ်ကလာပ်တို့ကိုလည်း ခွဲဝေ၍ မမြင်နိုင်၊ ရှေ့နောက်စဉ်၍ ဖြစ်ကြသဖြင့် အကြား အပြတ်မရှိသကဲ့သို့ ထင်မှတ်ရသော ရုပ်ကလာပ်တို့၏ ပျက်ပျက်သွားသော ဘင် နှင့် အသစ် အသစ်ဖြစ်လာသော ဥပါဒ်၏ အကြားကိုလည်း မမြင်နိုင်၊ (ဝါ) ဘင်- ဥပါဒ် အကြားကို မမြင်ကလည်း ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ ဥဒယဝယကို မမြင်နိုင်။

ဖြစ်ချက်ကို မမြင်ကလည်း မမြဲသော အနိစ္စလက္ခဏာ၊ ဆင်းရဲသော ဒုက္ခလက္ခဏာ၊ အစိုးမရသော အနတ္တလက္ခဏာကို မထင်မြင်နိုင်၊ လက္ခဏာရေး သုံးပါး မထင်ရှားကလည်း မဂ် ဖိုလ် နိဗ္ဗာန်ကို မရနိုင် မရောက်နိုင် ဖြစ်လေတော့သည်။ ထို့ကြောင့် လက္ခဏာရေး သုံးပါး ထင်ထင်ရှားရှားကြီး ထင် မြင်စေခြင်းငှါ ဤအာကာသဓါတ်ကို ညှပ်ထည့်၍ ဟောတော် မူရသည်ဟု သိလေ မှတ်လေ။ ။

သက်တော်ထင်ရှား မြတ်ဘုရားရှိစဉ်က ရောမနိုင်ငံ တက္ကသိုလ်တိုင်းပြည် ပက္ကုသာတိ မင်းကြီးအား ဤဓါတ် ခြောက်ပါးကို ဟောတော်မူတဲ့ခါ သူ ငါ ယောကျ်ား မိန်းမ စသော ပညတ်ကွယ်ပျောက်၊ ပ-အာ-တေ-ဝါ-အာ- ဝိ- ဟူသော ဓါတ်ခြောက်ပါး ပေါက်သွား၍ လက္ခဏာရေး တင်၍ ဆင်ခြင် လိုက်တဲ့ခါ ဓါတ်ပရမတ်-အနတ္တတရား ကောင်းကောင်း လှလှကြီး ထင်ရှား၍ သောတာပတ္တိ မဂ်မှ အနာဂါမိ မဂ်သို့ တရှိန်တည်း တဟုန်တိုး တက်သွားလေသည်။အနာဂါမ်အဖြစ် နှင့် စုတေ၍ သုဒ္ဓါဝါသဘုံ၌ ဖြစ်ဆဲခဏ အရဟတ္တ မဂ်သို့ ဆိုက်ရောက်သည်ဟု ဆိုသည်။ ။

ဤကား သူ ငါ ကျား မစသော ပညတ်ကွယ် ပျောက်- ပ-အာ-တေ-ဝါ-အာ-ဝိ-ဟူသော ဓါတ်ခြောက်ပါးပေါက်၍ မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်ပုံကို ပြဆိုချက်တည်း။ ။

## (၁၅) တနည်း ဓါတ်အားဖြင့် ဆင်ခြင်ပုံ

၁။ ဆံအစ ဦးနှောက်အဆုံးရှိသော အစုနှစ်ဆယ်သည် ပထဝီဓါတ်၊

၂။ သည်းခြေအစ ကျင်ငယ်အဆုံးရှိသော အစုတဆယ့်နှစ်စုသည် အာပေါဓါတ်၊

၃။ တရက်ချန် နှစ်ရက်ချန် ဖျားခြင်းသည် သန္တပ္ပန တေဇောဓါတ်၊

၄။ အပူတပြင်း အပူမကျ ဖျားခြင်းသည် ဒဟန တေဇောဓါတ်၊

၅။ ဆံဖြူသွားကျိုးခြင်းစသည် ဇီရဏ တေဇောဓါတ်၊

၆။ စားမျိုသော အစာ၏ ကြေညက်ခြင်းသည် ပါစက တေဇောဓါတ်၊

(နံပါတ်၃-မှ-၆-သည် တေဇောဓါတ် - ၄- ပါး)

၇။ အထက်သို့ အန်သော လေဟူသော ဥဒ္ဓင်္ဂမ ဝါယောဓါတ်၊

၈။ အောက်သို့ စုန်သော လေဟူသော အဓောဂမ ဝါယောဓါတ်၊

၉။ ဝမ်းတွင်း၌တည်သော ကုစ္ဆိဋ္ဌ ဝါယောဓါတ်၊

၁၀။ အူပြင်၌တည်သော ကောဋ္ဌာသယ ဝါယောဓါတ်၊

၁၁။ အင်္ဂါကြီးငယ်၌ သွားလာသော အင်္ဂမင်္ဂနုသာရိ ဝါယောဓါတ်၊

၁၂။ ထွက်သက်ဝင်သက် လေဟူသော အဿာသ ပဿာသ ဝါယောဓါတ်၊

(ဝါယောဓါတ် - ၆-ပါး)

ယခုလောက၌ သူ ငါ ကျား မ ဖြူမဲစသည်ဖြင့် တသက်လုံး ခေါ်ဝေါ်ပြောဆိုနေကြတဲ့၊ (ဝါ) အခေါ်ခံရတဲ့ သူငါတို့၏ ခြေဆုံးခေါင်းဆုံး တကိုယ်လုံး တကောင်လုံးကြီးမှာ "**အတ္တနော ကာယေ ဉာဏံ ဩတာရေတွာ အာရဒ္ဓ္တ္ဗေ္ဗာ နိသိဒိ**"နှင့် အညီ မိမိခန္ဓာကိုယ်အတွင်းသို့ ဉာဏ်သွင်းပြီးလျှင် စေ့စေ့ ငုငု ဉာဏ်စက္ခုဖြင့် ကြည့်ရှု၍ နေသည်ရှိသော်၊ (ဝါ) သတိနှင့် မကွာ ပညာနှင့်မကင်း အဘန်တလဲလဲ ဆင်ခြင်နှလုံးသွင်း၍ နေသည် ရှိသော် ယခု - သူ ငါ ကျား မ ခေါ်ဆိုကြတဲ့ တကိုယ်လုံး တကောင်လုံးကြီးထဲမှာ သူမပါ ငါမရှိ၊ သူ ငါ ကျား မ- ဟူက မြူမျှမရှိ၊ ဘိတ်မရှိ၊ လုံးဝမရှိ။ အဟုတ် ကေန်အမှန် ရှိ၍ နေသည်ကား မာတဲ့သဘော နူးညံ့တဲ့သဘောရှိတဲ့ ဆံအစ ဦးနှောက် အဆုံးရှိသော (ပထဝီဓါတ်-၂၀)၊ ဖွဲ့စည်းယိုစီးခြင်း သဘောရှိတဲ့ သည်းခြေအစ ကျင်ငယ်အဆုံးရှိသော (အာပေါဓါတ်-၁၂- ပါး)၊ (တေဇောဓါတ်-၄-ပါး)၊ (**ဝါယောဓါတ် ၆-ပါး**)၊ ပေါင်း-ဒွါစတ္တာလီသ-၄၂-ပါးသော ဓါတ်ကြီးတို့ကား ရုပ်သက်သက်၊ ထိုရုပ်လျှင် အာရုံရှိတဲ့ နာမ်သက်သက်၊ ရုပ်နာမ်ဖြစ်ပျက်အဆက်ဆက်၊ အနိစ္စ - ဒုက္ခ-အနတ္တ- အသုဘ

စင်စစ် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာဖြစ်၏ ဟု အသိမှန်သိ အမြင်မှန်မြင်၍ အယူမှန်ကို ယူကြပါလေ။ ။

(မှတ်ချက်) ပ-အာ-တေ-ဝါ-ဟူသော ဓါတ်ကြီးလေး ပါးသာ ရှိတယ် ဆိုပေသည့် မာတဲ့ သဘော နူးညံ့တဲ့သဘော အမူအရာမျှ သာ ရှိသည်။ ဤသဘောမှလွဲ၍ ပထ ဝီဓါတ်ဟူ၍ သီးခြားမရှိတော့ပြီ၊ ကျန် ဓါတ်တို့၌လည်း နည်းတူသိလေ။ ။

ယခုပြဆိုခဲ့တဲ့အတိုင်း ထိုးထွင်း၍ သိသွားအောင် အားထုတ်၍၊ သူငါစသော ပညတ်ကျော်ဖေါက်-၄၂-ပါးသော ဓါတ်ကြီးပေါက်၊ လက္ခဏာရေးဆိုက်၍ သစ္စာ-၄-ပါး ကိုက် အောင် အသိမှန်သိ အမြင်မှန်ရ၍ အယူမှန်ကို သေနေ့မဦးခင် ယူသွားနိုင်ကြပါလျှင် ယခုဘဝမှစ၍ အပါယ်ဘေးနှင့် တကယ် ဝေးပြီး နတ်ရွာ သုဂတိနှင့်တကွ နိဗ္ဗာန်ဝင်လမ်း နိဗ္ဗာန်သွား လမ်း နိဗ္ဗာန်စံလမ်း ဖြောင့်တန်းပြီဟု သိလေ။ မှတ်လေ။ ထိုသို့မဟုတ် အဖျင်းအပျင်းကြီး အဖျင်းထူ အပျင်းထူ နေ၍ ထိုးထွင်း၍ သိအောင် အားမထုတ်၍ အဆိုပါ - ၄၂ - ပါးသော ဓါတ်ပရမတ်ကိုပင် သူ ငါ ကျား မ စသောအားဖြင့် အသိမှား အမြင်မှား အယူမှား၍ နေကြသေကြလျှင်မူကား ရောက်မြဲနေမြဲဖြစ်တဲ့ ဒုံရင်းခေါ် အပါယ်ဝင်လမ်း အပါယ် သွားလမ်း အပါယ်စံလမ်း ဖြောင့်တန်းပြီဟု သိလေ မှတ်လေ။ ။

တနည်းပြဦးအံ့ ........၊ စေ့စေ့ ငုငု ဥာဏ်စက္ခုဖြင့် မိမိစိတ်ထဲ ဥာဏ်ထဲမှာ ထင်အောင် မြင်အောင်ရှုလေ ........။ ဥပမာ အလုံးအရပ်အားဖြင့် မကြီးမငယ် အလယ် အလတ်ဖြစ်သော လူတယောက်၏ ခန္ဓာကိုယ်၌ ပရမာဏုမြူမျှချေထု အမှုန့်ပြု၍ အလွန်နူးညံ့ သိမ်မွေ့လှသော တစိတ်သားမျှ ဥာဏ်နှင့် စုပုံ၍ထားပါ၊ထိုတစိတ်သားမျှရှိသော ပထဝီဓါတ်ကို နှစ်ပြည်သားမျှရှိသော အာပေါဓါတ်သည် ဖရိုဖရဲမကွဲ မပျက်ရအောင် ဖွဲ့စည်းပေါင်းစုအပ်သည်ဖြစ်၍ တေဇောဓါတ်သည် အာပေါဓါတ်၏ အစွမ်းဖြင့် စွတ်စိုပြေ့အိ၍ မသွားရအောင် ပေါင်းနွေး စောင့်ရှောက်အပ်သည်ဖြစ်၍ ဝါယောဓါတ်သည် တေဇောဓါတ်၏အစွမ်းဖြင့် ဖရိုဖရဲ မကြဲရအောင် ထောက်ကန် ဖိညှပ်အပ်သည် ဖြစ်၍ မုံ့ညက်ဆိုင်ကဲ့သို့ ထိုမှ ဤမှ မကြဲမလွန်ဘဲ မိန်းမအသွင် ယောကျ်ားအသွင် စသည်ဖြင့် ကွဲပြားခြင်းသို့ ရောက်၏။ ။

အချင်းချင်း ကျေးဇူးပြုပုံကား....၊ ပထဝီဓါတ်သည် မိမိမှ ကြွင်းသော ဓါတ်သုံးပါးတို့အား တည်ရာအားဖြင့် ကျေးဇူးပြုသည်။ အာပေါဓါတ်သည် မိမိမှကြွင်းသော ဓါတ်သုံးပါးတို့အား ဖရိုဖရဲ မကြဲရအောင် ဖွဲ့စည်းသောအားဖြင့် ကျေးဇူးပြုသည်။ တေဇောဓါတ်သည် မိမိမှကြွင်းသော ဓါတ်သုံးပါးတို့အား ရင့်မာအောင် ပေါင်းနွေးသောအားဖြင့် ကျေးဇူးပြုသည်။ ဝါယောဓါတ်သည် ကြွင်းသော ဓါတ်သုံးပါးတို့အား ကြံ့ကြံ့ တင်းတင်း ခိုင်ခံ့အောင် ထောက်ကန် ဖိညှပ်သောအားဖြင့် ကျေးဇူးပြုလေသည်။

## ပညတ် ဖုံးလွှမ်း

ဤလိုဤပုံ.... ဓါတ်ပရမတ်တို့၏ သဘာဝဓမ္မအတိုင်း (သဘာဝံ ဓာရေတီတိ ဓာတု) ဆိုသည်နှင့်အညီ ပထဝီစသော ဓါတ်ကြီးလေးပါးတို့သည် သူ့သဘောကို သူဆောင်၍ နေကြရာ ယောကျ်ားသဏ္ဌာန် မိန်းမသဏ္ဌာန် ဆံပင်သဏ္ဌာန် မွေးညှင်းသဏ္ဌာန်စသည်ဖြင့် ဖြစ်ပေါ်နေတဲ့ခါ ပညာမျက်စိ လုံးဝ မရှိကြတဲ့ အန္ဓပုထုဇဉ်တို့က တကယ်ယောကျ်ား တကယ်မိန်းမ တကယ်ဆံပင် တကယ် မွေးညှင်းဘဲဟု ထင်မြင်နေရသော်လည်း ထင်မြင်တဲ့အတိုင်း ဘာတခုမှ အဟုတ်မဟုတ်၊ အမှန်မဟုတ်ကုန်၊ အမှန်မှာ မိမိသဘောကို မိမိဆောင်နေကြတဲ့ဓါတ်ကြီးလေးပါး အပေါင်းအစုဟူသော၊ (ဝါ)၃၂ ・စုဟူသော သမူဟပညတ် ဖုံးလွှမ်းချက် ဓါတ်ကြီးလေးပါးဟူသော ၃၂-ခု ပေါင်းစုထား၍ တသားထဲ တခုထဲကဲ့သို့ ထင်မှတ်နေရတဲ့ ဃနပညတ် ဖုံးလွှမ်းချက်။

ဃနပညတ် ဖုံးလွှမ်းချက်ကြောင့် ယောကျ်ားသဏ္ဌာန် မိန်းမသဏ္ဌာန် ဆံပင်သဏ္ဌာန် မှတ်ထင်နေရတဲ့ သဏ္ဌာနပညတ် ဖုံးလွှမ်းချက်။ ယောကျ်ား မိန်းမ ဆံပင် မွေးညှင်းဟု မှည့်ခေါ်ထားတဲ့ နာမပညတ် ဖုံးလွှမ်းချက်။ဤလိုသမူဟ ဃန သဏ္ဌာန နာမ ပညတ်ဆိုတဲ့ ပညတ်တွေ ဖုံးလွှမ်းထားချက်ကို သက်သက်မသိ မရိပ်မိ၊ ဓါတ်ပရမတ် ရုပ်နာမ်ကို မြင်သိနိုင်သော ဉာဏ်မျက်စိမရှိသည့်အတွက် မျက်လှည့်ရုပ်အသွင်ကဲ့သို့ စိတ်ထဲတွင် ထင်မြင်ရသော ဓါတ်ရိပ် ပရမတ်ရိပ် အရောင်မျှသာဟု သိလေ မှတ်လေ။

အမှန်အားဖြင့်ကား ရုပ်ဓါတ်ကြီးလေးပါးတို့၏ အကြား အကြား၌ အာကာသဓါတ် ခြား၍ခြား၍ စုပေါင်းတည်နေသော များစွာသော ဓါတ်ပရမတ် ရုပ်နာမ် အပေါင်း အစုမျှသာဟု သိ။ (ဝါ) ဓါတ်ကောင် ပရမတ်ကောင် ရုပ်ကောင် နာမ်ကောင် အနိစ္စကောင် ဒုက္ခကောင် အနတ္တကောင်ဟု သိလေ။

.....................................

## (၁၆) မြူငါးမျိုး။

မြူသည် လိက္ခာမြူ၊ ရထရေဏုမြူ၊ တဇ္ဇာရီမြူ၊ အဏုမြူ၊ ပရမာဏုမြူ ဟု ငါးမျိုးရှိရာ သန်းဦးခေါင်းကည်ပ်ချေးတခုသည် လိက္ခာမြူ မည်၏။ ၎င်းကို ၃၆ - စိတ်စိတ်၍ တစိတ်သည် ရထားလမ်းဘေး၌ ရှိနေသော ရထရေဏုမြူ တလုံးဖြစ်၏။ ၎င်းကို ၃၆ - စိတ် စိတ်၍ တစိတ်သည် တိုက်ခန်းအတွင်း နံရံပေါက်မှ ဝင်လာသော နေရောင်နှင့် ပနာရတဲ့ခါ ပိုးကောင်ကလေးတွေပမာ မြင်ရသော တဇ္ဇာရီမြူတလုံးဖြစ်၏။ တဘန် ၎င်းကို ၃၆ - စိတ် စိတ်၍ တစိတ်သည် လူတို့၏ မျက်စိနှင့် မမြင်နိုင်သော အဏုမြူတလုံးဖြစ်၏။ ၎င်းကို ၃၆ - စိတ် စိတ်၍ တစိတ်သည် ပရမာဏုမြူတလုံးဖြစ်၏။ ထိုပရမာဏုမြူမှာပင် ဓါတ်ကြီးလေးပါးများစွာ ပါဝင်လျက်ရှိ၏။ သို့ရာတွင် ထိုပရမာဏုမြူထက် သေးငယ်နူးညံ့သော မြူဟူ၍ မရှိသောကြောင့် ခွဲစိတ်၍ မဖြစ်နိုင်တော့ပေ။

ထို့အတူ နေရောင် လရောင် ကြယ်ရောင် အရိပ် အသံ အနံ့ စသည်တို့၌လည်း အဆိုပါ ဓါတ်ကြီးလေးပါး အာကာသ

ခြား၍ခြား၍ အပြည့်အစုံရှိနေ၏ဟု သိလေမှတ်လေ။ ဤလိုဤပုံ ဓါတ်ပရမတ်တို့၏ သိမ်မွေ့ နူးညံ့လှ၍ တခုတခုသော ဓါတ် ပရမတ္ထ ဓမ္မမည်သည်ကို ပကတိ မျက်စိဖြင့်မြင်ရ၊ လက်ဖြင့်တွေ့ ထိရလောက်အောင် အငယ်အကြီး အတိုအရှည် အလုံးအပြား အဝိုင်းအထောင့်စသော သဏ္ဌာန်ဟူ၍ မရရှိကောင်းပေ။

သို့ရာတွင် အာပေါဖွဲ့စည်းမှုကြောင့် ဓါတ်လေးပါး ပေါင်းများစွာ စုမိ၍သော ဆံ အမွေး သန်းဥ သန်းဖြူ အဆိုပါ အရ ပရမာဏုမြူပေါင်း ၃၆ - လုံး ပေါင်းမိလျှင် အဏုမြူတလုံး ဖြစ်၏။ ၎င်း ၃၆ - လုံး ပေါင်းလျှင် တဇ္ဇာရီမြူတလုံး၊ ၎င်း ၃၆ - လုံးပေါင်းလျှင် ရထရေဏုမြူတလုံး၊ ၎င်း ၃၆ - လုံး ပေါင်း လျှင် လိက္ခာမြူတလုံး၊ ၎င်း လိက္ခာမြူ ၃၆ - လုံးမှ ဆံပင် သဏ္ဌာန် ဖြစ်ပေါ်လာနိုင်သည်ဟု **သိ**လေမှတ်လေ။

ထိုမှတပါး အဆိုပါ လိက္ခာမြူ ခုနစ်လုံးကို စပါးတလုံး၊ စပါးခုနစ်လုံးကို တလက်သစ်၊ တဆယ့် နှစ်လက်သစ်ကို တထွာ၊ နှစ်ထွာကို တတောင်၊ ခုနစ်တောင်ကို တတာ၊ တာနှစ်ဆယ်ကို တဥသဘ၊ ဥသဘ ရှစ်ဆယ်ကို တဂါဝုတ်၊ လေးဂါဝုတ်ကို တယူဇနာ။ ၆ - တိုင်နှင့် ၄ - ရာတွင်း ၁၂ - မိုင် ကျော်ကျော်၊ ယူဇနာ (၄၀၀၀)ရှိသော အသူရိန် နတ်မင်းကြီးသဏ္ဌာန် စသည်ဖြင့် မြင်သာ ထင်သာရှိအောင် ဖြစ်ပေါ်လာသည်မှာ အဆိုပါ ပရမာဏုမြူပေါင်းများစွာ မရေမတွက်နိုင်အောင် ပေါင်းစုမိမှသာ ဆံပင်သဏ္ဌာန် မုံညင်းစေ့သဏ္ဌာန် ပဲနောက် စေ့သဏ္ဌာန်စသည် ဖြစ်ပေါ်လာသည်ဟု သိလေ မှတ်လေ။

ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အလွန်သိမ်မွေ့လှစွာသော ခါတ်ကြီးလေးပါးတို့တွင် တကိုယ်လုံး အပြည့်ရှိသော တေဇောဟူသော မီးဓါတ်သည် အတူတကွ ဖြစ်သော နီးစပ်သော ရုပ်ကလာပ်တို့ကို ပူလောင်ခြင်းကိစ္စ၊ အသစ်အသစ်ဖြစ်သော ရုပ်ကလာပ်တို့ကို ပွါးစေခြင်းကိစ္စ၊ ကြံနှစ်ပါးသော ကိစ္စတို့ကို မျက်တောင်တခတ်စာမျှ မရပ်မစဲ အမြဲတစေ တွင်ကျယ်စွာ ရွက်ဆောင်၍နေသောကြောင့် ထိုဥတုခေါ်သော တေဇောမီး၏ အစွမ်းဖြင့် မျက်တောင်တခတ်စာမျှ မစဲရအောင် တကိုယ်လုံး တကောင်လုံး အကုန်ဖြစ်၍ ဖြစ်၍၊ တကောင်လုံး အကုန် ပျက်၍ပျက်၍၊ တဘဝလုံး တသက်လုံး ဖြစ်ပျက်နေကြသော ဖြစ်တရား ပျက်တရား၊ ဖြစ်သမား ပျက်သမား ဖြစ်ပျက်မနားတဲ့ ရုပ်တရားတွေဟူ၍သာ လျှော်ခါးထစ်တထစ်ကျ မှတ်ရစ်ကြလေ။ ။

ဤလိုဤပုံ ဖြစ်ပျက်မနားတဲ့ ရုပ်တရားတွေဟာ သူ-ငါ-ကျား-မ- ဟုတ်နိုင်ပါ့မလား........၊ ရုပ်နာမ် ဓမ္မ သဘာဝတို့၏ အချက်ကို သက်သက်မသိ၊ မရိပ်မိ၊ (ဝါ) ဤလို ဤပုံ သိနိုင်တဲ့ ဝိပဿနာ ပညာမျက်စိမရှိ မရ၍သာ သူ-ငါ-ကျား-မ- စသည် မှတ်ထင်၍ အထင်မှား အမြင်မှား အယူမှားနေကြသည်။

အသညသတ်ဘုံမှာ ရုပ်သာရှိ နာမ်မရှိ၊ အရူပလေးဘုံမှာ နာမ်သာရှိ ရုပ်မရှိ၊ ကျန်-၂၆- ဘုံတို့မှာ ရုပ်ရောနာမ်ပါရှိနေသောဘုံများဖြစ်သောကြောင့် ရုပ်ဆိုလျှင် နာမ်ပါပြီ၊ နာမ်ဆိုလျှင် ရုပ်ပါပြီ၊ သို့ဖြစ်၍ ရေအယဉ် ဆီမီးလျှံ

ပမာ- ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ပဋိသန္ဓေမှ စုတိသေနေ့သို့ ကျအောင် ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ-ဒုက္ခ-အနတ္တ အစစ်၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာ ဖြစ်၏ ဟူ၍ ပရမတ်မြင် ပရမတ်သိ သမ္မာဒိဋ္ဌိ အမှန်သိဖြစ်၍ မဂ်ဝင်ခဏ်း နိဗ္ဗာန်သွားလမ်း ဟုသိ။ ထိုသို့မဟုတ် အဆိုပါ ဆံအစကျင်ငယ် အဆုံးရှိတဲ့ ဓါတ် ပရမတ်တွေကိုဘဲ သူဘဲ ငါဘဲ ကျားဘဲ မ-ဘဲ စသည်ဖြင့် ပညတ်မြင် ပညတ်သိ မိစ္ဆာဒိဋ္ဌိ အမှားသိဖြစ်နေလျှင် အပါယ်ဝင်ခဏ်း အပါယ်သွားလမ်းဟု သိလေ၊ ဤမျှ ရုပ်အချက်ကို ပြဆိုလျှင် ရုပ်အကြောင်းကို ကောင်းကောင်း သိနိုင်လောက်ပြီ။ ။

ဤမျှ သိလျှင် ပြီးရောလား ........ မပြီးသေးပါ၊ အသိအဆုံးသို့ မရောက်သေးပါ။ ဒါကတော့ **"အမှန်သိမြင်၊ အမှားစင်၊ ဤတွင်ငြိမ်းရာ နိဗ္ဗာန်ဘဲ"**။ ဆိုတဲ့ အဆိုနှင့် အညီ၊

အနတ္တလို့ အမှန်သိမြင်လျှင်၊ (ဝါ) ယုံမှားကင်းလျှင် မိမိခန္ဓာဟာ အနတ္တအစစ် ဖြစ်ပါလျက် ငါ့ကိုယ်အတ္တ ဟု ယူမှားတဲ့ အယူမှားစင်ပြီး ဤတွင် အယူမှား ဒိဋ္ဌိ ငြိမ်း၍ အပါယ်ငြိမ်းရုံသာ ရှိပါသေးသည် ဟူလို။ ။

..................................

## (၁၇) ဝိမုတ္တိရသ

အလုံးစုံသော ကိလေသာတို့မှ လွတ်မြောက်ခြင်း (နိဗ္ဗာန်) ဟူသော (ဝိမုတ္တိရသ)

လူ နတ် ဗြဟ္မာ သတ္တဝါတို့အား သနားခြင်း မဟာကရုဏာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည်(ကာမ-ရူပ - အရူပ)ဟူသော ဘုံ ၃- ပါး၊ အပြားအားဖြင့် ၃၁- ဘုံတို့၌ နစ်တုံ ပေါ်တုံ တမှုန်မွှားမွှား ဆုံလည်သည့်နွားရဟတ်ချားသို့ ပြေးသွား ကျင်လည်၍ နေကြသော လူ နတ်ဗြဟ္မာ သတ္တဝါတို့အား ရင်ဝယ်မွေးဘွား ရာဟုသာနှင့် မခြားတမူ သနားတော်မူလှသောကြောင့် ဟောကြားတော် မူအပ်သော တရားတော်မြတ်သည်ကား ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်၊အင်္ဂါအားဖြင့် ကိုးပါး၊ နိကာယ်အားဖြင့် ငါးဖြာ၊ ပိဋကတ်အားဖြင့် သုံးပါး၊ ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ဝိမုတ္တိရသအားဖြင့် တပါးသာရှိလေသည်။

(နိဗ္ဗာန်) ထိုတွင် ဘုရားရှင်ကြီး၏ အလိုတော်အရှိဆုံးမှာ အလုံးစုံသော ကိလေသာတို့မှ ကျွတ်လွတ် ထွက်မြောက်ရာ နိဗ္ဗာန်ဟူသော ဝိမုတ္တိရသ တပါးတည်းကိုသာ ရအောင်ရောက်အောင် အမြန်ဆုံး အားထုတ်စေလိုသော ဆန္ဒတော်အရှိဆုံးဖြစ်သည်ဟု သိလေ။ ။

## အနတ္တလက္ခဏာ လိုရင်းကြီး

ထိုဝိမုတ္တိရသ ဟူသော နိဗ္ဗာန်ကို အမြန်ရဘို့ ရောက်ဘို့ကလည်း အခြားမဟုတ်၊ လက္ခဏာရေးသုံးပါးတို့တွင် အနိစ္စ ဒုက္ခတို့ထက် အနတ္တလက္ခဏာကို ရှေးဦးစွာ ကောင်းကောင်း

ကြီး ထင်ထင်မြင်မြင်ရှိမှ အတ္တ အယူပျောက်၍ အနတ္တ အယူ ရောက်မှ မျက်မှောက်လက်ရှိဘဝမှာ ချမ်းသာလှယ်ကူစွာ မင်္ဂဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် တရားတော်မြတ်ကို ရနိုင်ရောက် နိုင်ကြပေမည်။

(မှတ်) လယ်တီ ဆရာတော်ဘုရားကြီးရေး (အနတ္တ ဒီပနီကျမ်း)နံပါတ်(၇၁)မှာ အနတ္တကောင်းကောင်း ထင်မြင် လျှင် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသော သောတာပတ္တိ မင်္ဂဉာဏ်သို့ ရောက်၍ သောတာပန် အရိယာပုဂ္ဂိုလ် အဖြစ်သို့ ရောက်၏ဟု ရေးသားထားတော်မူသည်။ ။

ထို အနတ္တကိုလည်း ( **အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ နပညာယတိ**) နှင့်အညီ ဘုရားဖြစ်တော်မူသော အခါကာလ နှင့်ကင်း၍ မထင်နိုင်၊ ဘုရားပွင့်တော်မူတဲ့ သာသနာတွင်းမှာ သာ ထင်နိုင်မြင်နိုင်သည်ဟု ကျမ်းဂန်လာသည်။ လူတို့ အသက် အနှစ်ခြောက်သောင်းတန်းမှာ ဘုရားလောင်း(အရက သတ္တာ)လို့ လူပညာရှိကြီးတယောက်ဖြစ်လာတဲ့ခါ နေ့ညဉ့်မစဲ ရောက်လာတဲ့ပရိသတ်တို့အား အနိစ္စ ဒုက္ခတရားကို ထင်အောင် မြင်အောင် ဟောပြသော်လည်း မင်္ဂဖိုလ်တရား မရကြ။ ထိုအ ခါက အကယ်၍သာ အနတ္တလက္ခဏာကို ထင်အောင် မြင် အောင် ဟောပြလိုက်နိုင်ပါက မင်္ဂဖိုလ်တရားကို ရနိုင်ရာ၏ဟု အဆိုရှိလေသည်။ ဤမျှ အနတ္တလက္ခဏာ ထင်နိုင်ဘို့ရာ အရေး ကြီးသည် သတိရှိစေ။ ။

**အဘယ်ကြောင့်ဆိုသော် "တသ္မိံ ဟိ သတိ သစ္စသံ ပဋိဝေဓေ ဉာတိ နာသတိ"ဆိုတဲ့** ဝိသုဒ္ဓိမဂ်ဋီကာနှင့်အညီ ထိုရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာ၌ အနတ္တလက္ခဏာ ကောင်းစွာ ထင်သည်ရှိသော် သစ္စာလေးတန်ကို မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းသည် ပြည့်စုံ၏။ ထိုရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာ၌ အနတ္တ လက္ခဏာ မထင်သည်ရှိသော် သစ္စာလေးတန်ကို မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းသည် မပြည့်စုံသောကြောင့်ပေတည်း။

## အနိစ္စ ဒုက္ခကား ထင်ရှား၏၊ အနတ္တကား မထင်ရှား

"အနိစ္စဉ္စ ဒုက္ခဉ္စ ပါကဋံ၊အနတ္တာဝေ အပါကဋာ ။ပ။ ဉာဒံ ဟိ အနတ္တ လက္ခဏံနာမ အဝိဘူတံ၊ ဒုဒ္ဒသံ၊ ဒုပ္ပညာပနံ"။ ဆိုတဲ့ မူ - ပဏ် - ဌာ နှင့်အညီ သုံးဆောင်နေကျ အိုးခွက် ကွဲသည်ရှိသော် "ဩော်.... မမြဲ.... အနိစ္စ" ဟု၊ ဆူးစူး သည် ရှိသော် "ဩော်... ဆင်းရဲ....ဒုက္ခ "ဟု သာသနာပ၌ ဆိုတတ်ကြသော်လည်း "အစိုးမရ အနတ္တ"ဟု သိတတ်သူ ပြောဆိုတတ်သူကား လုံးလုံးမရှိကြကုန်။.... ထို့ကြောင့် ဤ အနတ္တ လက္ခဏာသည် မထင်ရှား၊ အနိစ္စ ဒုက္ခတို့ထက် လွန်ကဲ နက်နဲ၏။ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏ ဟု ကျမ်းဂန်တို့၌ အဆိုရှိသည်။

## လက္ခဏာရေး သုံးပါး

လက္ခဏာရေးသုံးပါးကို အနိစ္စ, ဒုက္ခ, အနတ္တ,ဟု ရှေ့ နောက်အစဉ်ထား၍ ဟောကြားတော်မူသည်မှာ ရှေးဘုရားတို့ ဟောရိုး ဟောစဉ်အတိုင်း ဒေသနက္ကမအားဖြင့်သာ ဟော

တော်မူခြင်းဖြစ်သည်။ သို့ရာတွင် အနတ္တ လက္ခဏာကို ကောင်းကောင်း လှလှကြီး ထင်မြင်ပြီး အတ္တဒိဋ္ဌိကို ပယ်သတ်၍ သောတာပတ္တိ မဂ်သို့ အလျင်အမြန် ရောက်စေလိုသော ဆန္ဒရှိတော်မူသည်။ အဘယ်ကြောင့်ဆိုသော် လောကုတ္တရာဘက်မှာ မဂ်လေးပါး ဖိုလ်လေးပါး ဟူရှိရာ သောတာပတ္တိမဂ်သည် အတ္တဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်သတ်သော မဂ်ပေတည်း။

(ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာပါယဂမနော သောတာပန္နောနာမ ဟောတိ)ကို ထောက်မြှော်လေ။ အတ္တဒိဋ္ဌိကို ပယ်နိုင်ဘို့ရာကလည်း အနတ္တ လက္ခဏာ ကောင်းကောင်းလှလှ ထင်နိုင်မှ ဖြစ်နိုင်ပေမည်။ထို့ကြောင့် ခန္ဓာကိုယ် အနတ္တကို ရှေးဦးစွာ ထင်ထင်မြင်မြင်ကြီး ရှိဘို့ရာ အလွန်လိုအပ်နေပေသည်။

## အသိခက် အမြင်ခက်သည်

ဤလိုဤပုံ အနတ္တ လက္ခဏာကို ရှေးဦးစွာ ထင်စေမြင်စေလိုလျက် အနတ္တကို ရှေ့ထား၍ မဟောကြားဘဲ အနိစ္စ ဒုက္ခတို့ကို ရှေ့ထား၍ ဟောကြားတော်မူရသည်မှာ ဤအနတ္တ လက္ခဏာကို အလျင်အမြန် သိဘို့ရာမှာ မလွယ်ကူလှပေ၊ အလွန့်အလွန်မှ အသိခက် အမြင်ခက်နေသောကြောင့် ရှေးဦးစွာ အနိစ္စဖြင့်ရင်း၊ ဒုက္ခဖြင့်ရင်း၊ အနိစ္စဒုက္ခဖြင့်ရင်း၊ အနတ္တ လက္ခဏာကို ထင်နိုင် မြင်နိုင်အောင် ဟောတော်မူရခြင်း ဖြစ်သည်ဟု သိလေ။

## အနတ္တလို့ ဆိုရသည်

အဘယ် ကြောင့်ဆိုသော် ဤအနတ္တ လက္ခဏာဆိုသည်မှာ "(အနိသရတ္တာ၊ အနတ္တာ) (အဝသ ဝတ္တာ၊ အနတ္တာ) (အသာမိကတ္တာ အနတ္တာ) (အသာရကတ္တာ အနတ္တာ) (သုညတ္တာ အနတ္တာ) (အနတ္တာတိ၊ မာဇိယန္တု၊ မာမိယန္တု၊ ဝသေ ဝတ္တေတုံ နသက္ကောတိ။ အဝသဝတ္တနဋ္ဌေန အနတ္တာ၊ သုညာ၊ အသာမိကာ၊ အနိဿရာတိ အတ္ထော)"ဟု ထိုထို ကျမ်းဂန်တို့၌ လာသောကြောင့် အစိုးမရသောအဖြစ်၊အလိုသို့ မလိုက်သောအဖြစ်၊ အနှစ်အသားမရှိသောအဖြစ်၊ ပုဂ္ဂိုလ် သတ္တဝါတို့မှ ဆိတ်သုဉ်းသောအဖြစ်၊ ပိုင်သူဆိုင်သူ အရှင် သခင် မရှိသောအဖြစ်၊ မအိုပါစေကုန်သတည်း မနာပါစေကုန် သတည်း၊ မသေပါစေကုန်သတည်းဟု သတ္တဝါ သူ ငါ တို့၏ အလိုသို့ လိုက်စေခြင်းငှါ မစွမ်းနိုင်သောအဖြစ် ဤအဖြစ်မျိုး ဤအဖြစ်ဆိုးကို အနတ္တဆိုရသည်ဟု သိလေမှတ်လေ။

(ဥပမာ) အကြမ်းစားအားဖြင့် ခန္ဓာပြင်ဘက်ကနေ၍ ကြည့်မည်ဆိုလျှင် မအိုအောင် မနာအောင် မသေအောင် အစိုးမရတဲ့ အဖြစ်မျိုး အဖြစ်ဆိုးတွေဟာ အနတ္တဘဲတဲ့။ ဆံမဖြူအောင် သွားမကျိုးအောင် ခါးမကိုင်းအောင် နား မထိုင်းအောင် နဲနဲကလေးမှ အစိုးမရ အလိုသို့မလိုက်၊ သူ - ငါတို့ အကြိုက်သို့ မပါစေနိုင်တာလဲ အနတ္တဘဲ။

(တဘန်) မပူရအောင်၊ မအေးရအောင်၊ မအောင့် ရအောင်၊ မတောင့်ရအောင်၊ အစိုးမရ အလိုသို့ မလိုက်တာလဲ

အနတ္တဘဲတဲ့။ (တဘန်) ချောင်းမဆိုးရအောင်၊ နှာမစေး ရအောင်၊ မဖျားရအောင်၊ မသန်းမဝေရအောင် စသည်ဖြင့် ဘယ်နေရာမဆို ကိုယ်လိုသလိုမဖြစ်၊ ရုပ်နာမ်ဆိုတဲ့ သူတို့ သဘောအတိုင်းသာ ဖြစ်ချင်သလိုဖြစ်၍ ပျက်ချင်သလို ပျက် နေကြတဲ့ အဖြစ်ဆိုးတွေဟာလဲ အနတ္တတွေချည်းဘဲတဲ့။ မိမိ ကိုယ်မှာ အမှန်ရှိနေကြတာကတော့ အဆိုပါ အဖြစ်မျိုး အဖြစ်ဆိုး အနတ္တတရားတွေသာ ရှိနေကြသည်တို့ကို တဲ့တဲ့ မြင်အောင် ကြည့်ရှုကြပါလေ။

ဤ သူငါကျားမ ခေါ်ဆိုကြတဲ့ ခန္ဓာကိုယ်ထဲမှာ ဉာဏ်နှင့်ရှာလျှင် သူငါကျားမ ကိုကား လုံးဝမရှိ၍ လုံးဝ မတွေ့ရပေ။ အထက်အဆိုပါ အစိုးမရ အလိုသို့မလိုက်တဲ့ အဖြစ်ဆိုးတွေကိုသာ တွေ့တွေ့နေကြရပေမည်။ (ဝါ)အစိုးမရ အလိုသို့မလိုက် သူတို့ ဖြစ်ပျက်ချင်သလို ဖြစ်ပျက်နေကြတဲ့ အနတ္တ သဘောသွား အနတ္တ သဘောတရားတွေကိုသာ တွေ့မြင်တွေ့မြင် နေကြရပေမည်။ တွေ့မြင်အောင်လည်း ကြည့်ရှုကြလေ၊ အနတ္တထင်မှ အတ္တစင်၍ မဂ်ဝင်နိုင်ကြ ပေမည်။ ။

(တဘန်) အနုစိတ်အားဖြင့် ခန္ဓာအတွင်းသို့ ဉာဏ်သွင်း၍ ကြည့်မည်ဆိုလျှင်လည်း အဆိုပါ ဆံပင် မွေးညှင်းစသော ၃၂-ခု၊ ၃၂-စုကလဲ သူငါကျားမ မဟုတ်ကြ၊ အကျဉ်း အားဖြင့် ပါ-အာ-တေ-ဝါဟူသော ဓါတ်ကြီးလေးပါး မဟာဘုတ် ရုပ်တရားတို့ကလဲ အစိုးမရ အလိုသို့မလိုက်တဲ့

အနတ္တတရား။အပြားအားဖြင့် ပထဝီဓါတ်(၂၀) အာပေါဓါတ် (၁၂)ပါး၊ တေဇောဓါတ် (၄)ပါး၊ ဝါယောဓါတ် (၆)ပါး၊ ပေါင်း(၄၂)ပါးသော ဓါတ်ကြီးတို့ကလဲ သူ ငါ ကျား မ လုံးဝ မဟုတ်ကြ၊ အစိုးမရ အလိုသို့မလိုက်တဲ့ အနတ္တတရားတို့သာ ဟုတ်မှန်ကြကုန်၏။ ။

ဤ သူ ငါ ခေါ် ဆိုကြတဲ့ တကိုယ်လုံး တကောင်လုံးကြီး ကို ခန္ဓာပြင်ဘက်ကဘဲ ကြည့်ကြည့် ခန္ဓာအတွင်းသို့ ဉာဏ် သွင်း၍ဘဲ ကြည့်ကြည့် ဉာဏ်မျက်စိ ပညာမျက်စိ ဝိပဿနာ မျက်စိနှင့် ကြည့်လျှင် ဤခန္ဓာကိုယ်ကြီးဟာ ဘာတခုကိုမှ အစိုးမရ အလိုသို့ မလိုက်တဲ့ အနတ္တဟုံး အနတ္တခဲ အနတ္တ အစုအပုံ အနတ္တ အသိုက်အအုံကြီးသာ ဖြစ်၏ဟု သိလေ မှတ်လေ။ ။

(**တဘန်**) အဆိုပါ ၄၂-ပါးသော ဓါတ်ကြီးတို့ကလည်း သူ ငါ ကျား မ လုံးဝမဟုတ်ကြ ရုပ်တရားသာ၊ ထိုရုပ် တို့တွင် ဟဒယရုပ်ကိုမှီ၍ ဖြစ်ကြတဲ့ စိတ်စေတသိက်တို့ကား နာမ်တရားသာ၊ ရုပ်နာမ်နှစ်ပါး အစိုးမရ အလိုသို့ မလိုက်တဲ့ အနတ္တတရားတို့သာဟုတ်မှန်၏ဟု အသိမှန်သိအမြင်မှန်မြင်ကာ အယူမှန်ကိုသာ ယူကြပါလေ၊ (ဝါ) အထက်အဆိုပါ အနတ္တ တရားကိုပင် ငါ့ကိုယ်အတ္တဟု အယူမှားတဲ့ အတ္တဒိဋ္ဌိ တရား ဆိုးကြီးကို အလဲထိုး အသေသတ်နိုင်တဲ့ သောတာပတ္တိမဂ်သို့ ဆိုက်ရောက်နိုင်ကြပါစေသတည်း။ ။

**သိမြင်ရန်** = ရုပ်နာမ်သည်။ ။ အနိစ္စ ဒုက္ခ အနတ္တ အသုဘ
အစစ် ကေန်ဖြစ်၏။ ။
နိဗ္ဗာန်သည် ။ ။ နိစ္စ သုခ အနတ္တ သုဘ အစစ်
ကေန် ဖြစ်၏။ ။

## ဆောင်ပုဒ်

၁။ အနိစ္စထင် နိစ္စမြင် မဂ်ဝင် ဖိုလ်ဖြစ်မြဲ။
၂။ ဒုက္ခထင် သုခမြင် မဂ်ဝင် ဖိုလ်ဖြစ်မြဲ။
၃။ အနတ္တထင် အနတ္တမြင် မဂ်ဝင် ဖိုလ်ဖြစ်မြဲ။

## ဆောင်ပုဒ်များ

၁။ ဆံပင်အစုံ၊ ငါကောင်ဟု၊ ယူမှုမရှိပါ။
(မေးညွှင်းစသည် ကျင်ငယ်ကျအောင်ဆိုလေ)
၂။ ဆံပင်အစု၊ အတ္တဟု၊ ယူမှုမရှိပါ။
၃။ ဓါတ်တရားစု၊ ငါကောင်ဟု၊ ယူမှုမရှိပါ။
၄။ ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ယူမှုမရှိပါ။
၅။ ရုပ်နာမ်အစု၊ အတ္တဟု၊ ယူမှုမရှိပါ။ ။
၆။ ဆံပင်အစု၊ အနတ္တဟု၊ ယူမှုရှိတော့တာ။
၇။ ဓါတ်တရားစု၊ အနတ္တဟု၊ ယူမှုရှိတော့တာ။
၈။ ရုပ်နာမ်အစု၊ အနတ္တဟု၊ ယူမှုရှိတော့တာ။

၉။ အနတ္တထင်၊ အတ္တစင်၊ မဂ်ဝင်တော့သည်သာ။
၁၀။ မဂ်ဝင်အောင်ခဲ၊ သို့မှဘဲ၊ ရောက်မြဲနိဗ္ဗူတာ။ ။

ရှေးရှေးသောဘဝ ကာလတို့က နိဗ္ဗာန်ကိုဆုတောင်း၍ ကောင်းစွာ ပြုလုပ်ခဲ့ကြသော မဂ်ဖိုလ်၏ ဥပနိဿယဖြစ်သော ဒါန သီလစသော ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် ရခဲသော လူ့ဘဝ ကြုံခဲသော သာသနာတော်ကြီးနှင့် ကံကောင်း ထောက်မ၍ ဖြစ်လာကြတဲ့ ယခုလက်ရှိဘဝကြီးမှာ စားစရာ စပါး၊ ဝတ်စရာအဝတ်၊ နေထိုင်စရာအိမ်၊ သုံးစွဲစရာ ဥစ္စာ ရွှေငွေ ပြည့်စုံကာမျှ မင်းစိုးရာဇာ ဖြစ်ရုံကာမျှ ရသေ့ရဟန်း ဖြစ်ရုံကာမျှနှင့် ဖြစ်ပျက်မွေးသေ သံသရာက မထွက်နိုင် သေး၍ ကိစ္စမပြီးသေးပေ၊ အေးမနေနှင့် နွေးမနေနှင့် လေးမ နေနှင့်ဦး (အမြန် အမြန်)။

ဤကျမ်းအစမှာ ဘော်ပြခဲ့ပြီးသော နည်းအတိုင်း လိုက်နာကျင့်ကြံ အားထုတ်မှသာ "ငါ၏ ခန္ဓာသည် ငါထင်တဲ့ ငါမဟုတ်၊ ငါထင်တဲ့ ငါကောင်မဟုတ်၊ ငါ့ကိုယ် အတ္တထင်တဲ့ ငါ့ကိုယ် အတ္တမဟုတ်၊ငါ့ကိုယ်မှာရှိနေဖြစ်နေတဲ့ တရားတွေဟာ ငါ့ကိုယ်မှာပင် ရှိနေ ဖြစ်နေပါသော်လည်း ဘာတခုကိုမှ ငါအစိုးမရ၊ ဘာတခုကမှ ငါ၏အလိုသို့မလိုက်၊ ငါ၏အကြိုက်သို့ မပါ၊ ဉာဏ်နှင့်ရှာလျှင် ခန္ဓာမှာ ဘာတခုမှ အနှစ်သာရမရှိ။ (သူ ငါ ကျား မ)စသော ပညတ်တို့မှ မရှိလုံးလုံး ဆိတ်သုဉ်း နေကြတဲ့ အနတ္တ အစစ် အနတ္တ သက်သက်သာ ဖြစ်ပါ၏ တကား"ဟု အနတ္တ လက္ခဏာကို ထင်ထင်မြင်မြင်ကြီး ရှိမှသာ

(ဝါ)ထိုးထွင်း၍သိမှသာ တသံသရာလုံး တဘဝလုံးကြီးက ငါ့ကိုယ် အတ္တဟု ယူမှားခဲ့တဲ့ အတ္တအယူပျက်မှ ပျောက်မှ အတ္တအယူ ချုပ်ငြိမ်းမှသာ ရှေးဦးစွာ အတ္တဒိဋ္ဌိ ကိလေသာ အပါယ်ခန္ဓာတို့၏ ချုပ်ငြိမ်းရာ အပါယ်လွတ်တရားရ နောက် ကာလ ဆက်လက်၍ ဝိပဿနာ ရှုမှတ်ကြပြန်တဲ့ခါ အလုံး စုံသော ကိလေသာ အလုံးစုံသော ခန္ဓာတို့၏ ကုန်ဆုံးချုပ်ငြိမ်း ရာ (ဝိမုတ္တိရသ) ခေါ်သော (နိဗ္ဗာန်)ကို ရနိုင် ရောက်နိုင် ကြမည်ဟု သိလေမှတ်လေ။ ။

ဤလို ဤပုံ ဝိမုတ္တိရသခေါ်သော နိဗ္ဗာန်ကိုရောက်မှ ရမှသာ ဘုရားအလိုတော်ကျ ဗုဒ္ဓဘာသာလူမျိုးတို့၏ ကိစ္စ၊ ဝဋ်ကိစ္စ၊ မွေးသေကိစ္စပြီးသည်ဟု သိကြပါလေ၊ သူတော် ကောင်းတွေတို့။

.................................

**ဆောင်ပုဒ်။** ။ဉာဏ်နှာနှင့် တရားကိုနှာ၊ ဉာဏ်မျက်စိနှင့် တရားကို ကိုယ်မှာရှာ၊ အလည်မပြတ်တဲ့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာ၊ ခန္ဓာကိုယ်အတွင်း မှာ ထင်လင်းသိရမှာ။

ဤဆောင်ပုဒ်အတိုင်း တရားနှာတဲ့အခါ ဘယ်လို အကြောင်း ဘယ်လိုအရာကို ဟောနေတာလို့ အတတ်သိ ရအောင် အသံဓါတ်မှာ ဉာဏ်ကပ်၍ နှာပါတဲ့၊ တရားရှာတဲ့ အခါမှာလဲ (တရားကို ကိုယ်မှာရှာ)ဆိုတဲ့အတိုင်း မိမိရဲ့ ခန္ဓာ ကိုယ်မှာ ဘယ်တရားတွေဘဲ ရှိနေတယ်ဆိုတာကို အတတ်

သိရအောင် ဥာဏ်မျက်စိနှင့်ကြည့်၍ တရားကို ကိုယ်မှာဘဲ ရှာပါတဲ့၊ ဤလို ဤပုံ ဉာဏ်နှားနှင့်တရားကိုနာ၍ ဉာဏ်မျက်စိနှင့်ဘဲ တရားကိုရှာတဲ့ခါ အဆိုပါ သူငါကျားမ ခေါ် ဆိုကြတဲ့ (ဝါ) အခေါ်ခံရတဲ့ မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးထဲမှာ ဆံအစ ကျင်ငယ်အဆုံးရှိတဲ့ ၃၂-ခု၊ ၃၂-စုကိုဘဲ တွေ့ရမယ်၊ သည့်အပြင် ဘာမှမရှိ၍ ဘာမှမတွေ့နိုင်ဘူး။

ဤ ၃၂-ခု၊ ၃၂-စုကလဲ သူ ငါ ကျား မ မဟုတ်ကြ၊ ဆံအစ ဦးနှောက်အဆုံးရှိတဲ့ အစု ၂၀-ကလဲ ပထဝီဓါတ်၊ သည်းခြေအစ ကျင်ငယ်အဆုံးရှိတဲ့ ၁၂-စုကလဲ အာပေါဓါတ်၊ မဟာဘုတ်တရားသက်သက်၊ ထိုရုပ်တို့တွင် ဟဒယဝတ္ထုကို မှီ၍ ဖြစ်တဲ့စိတ်စေတသိက်တို့ကလဲ ( သူ-ငါ-ကျား-မ )မဟုတ်ကြ၊ (နာမ်)တရားသက်သက်၊ ပုဂ္ဂိုလ်သတ္တဝါတို့နှင့် မရောယှက်၊ အလွတ်သက်သက်၊ ပဋိသန္ဓေမှ စုတိသေနေ့သို့ကျ အောင် ဥပါဒ်-ဌီ-ဘင် အစဉ်မပြတ် စပ်ကာ စပ်ကာ၊ ထပ်ကာ ထပ်ကာ၊ လျင်စွာ လျင်စွာဖြစ်၍၊ လျင်စွာ လျင်စွာ ပျက်ပျက်နေသော အလည်မပြတ်တဲ့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာ ရုပ် နာမ် ခန္ဓာ မမြဲ ဆင်းရဲ အစိုးမရတဲ့ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး ၃-ပါး ဝဋ္ဋတရားသက်သက်မျှသာ ဖြစ်ပါ၏တကားဟု သိရ မြင်ရပေလိမ့်မည်၊ (ဝါ)သိလေ မြင်လေ၊ အသိမှား အမြင်မှား အယူမှားငြိမ်းမှ အပါယ်ငြိမ်းမည်။

(**တဘန်**) ဆံပင်ဆိုတဲ့ အစုတခုထဲမှာဘဲ ဉာဏ်နှင့် ခွဲ၍ရှာလျှင် သူမပါ ငါမရှိ ပ-အာ-တေ-ဝါ-ဂ-ရ-ဩ ဟူသော

ဓါတ်ကြီးရှစ်ပါး အဋ္ဌကလာပ် ရုပ်တရား ဖြစ်ပျက်မနား အလည်မပြတ်တဲ့ ပဋိစ္စသမုပ္ပါဒ်တရား၊ ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာနှစ်ပါး၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးမျှသာ ဟု သိလေ။ အဆိုပါ ဆံအစုတခုထဲမှာပင် သူမပါ ငါမရှိဟု သိလျှင် ကျန် ၃၁-စုထဲမှာလဲ ထို့အတူဘဲ သိလေ။

၃၂-ခုထဲမှာ ၃၂-ခုနှုတ်လျှင် 'ဝ'လုံးသော်ငင်း သုည သော်ငင်း ကျန်ရှိပြားသော်လည်း သူငါထဲမှာ ကျားမထဲမှာ အဆိုပါ ၃၂-စုကို နှုတ်လိုက်ပါလျှင် 'ဝ'လုံးလဲမကျန်၊ သုညလဲ မကျန်နိုင်တော့ပြီ၊ ထို့ကြောင့် ၃၂-ခု၊ ၃၂-စုသော ပဋိစ္စ သမုပ္ပါဒ် ရုပ် နာမ် ခန္ဓာ ဒုက္ခသစ္စာ ဝဋ္ဋ ဒုက္ခကိုသာ ပညတ် အားဖြင့် လူဟူ၍ နတ်ဟူ၍ ဗြဟ္မာဟူ၍ သူငါကျားမဟူ၍ ခေါ်ရုံသာ ခေါ်ဆိုရသည်ဟု သိလေ မှတ်လေ၊ သို့မှသာ "အမှန်သိမြင် အမှားစင် ဤတွင်ငြိမ်းရာ နိဗ္ဗာန်ဘဲ" ဆိုတဲ့ အဆိုနှင့်ညီညွတ်၍ လူဖြစ်ကျိုး သာသနာတော်နှင့် ကြုံကျိုး၊ နပ်ချိမ့်မည်ဟု သိလေ မှတ်လေ။

.................................

## (၁၈) နာမ်, အကြောင်းကို အနည်းငယ် ပြဦးအံ့

၆-ဒွါရ၊ ၆-အာရုံ၊ ၆-ဝိညာဏ်ဟု သုံးမျိုးရှိကြရာ....

(၁) စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ ကာယဒွါရ၊ မနောဒွါရ ဟု ဒွါရ ၆-ပါး ရှိ၏။

(၂) ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗါရုံ၊ ဓမ္မာရုံဟု အာရုံ ၆ - ပါး ရှိ၏။

(၃) စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဝိညာဏ် ၆ - ပါး ရှိ၏။

ထိုတွင် မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည်ဟု သတ္တဝါတို့သန္တာန်မှာ တပါးသောရုပ်တို့ထက် အလွန်အကြူး အထူးသဖြင့် ကြည်လင်သောအကြည်ရုပ် ၆ - ပါး၊ အကြည်ရုပ် ၆ - မျိုး၊ သတ္တဝါတိုင်း သတ္တဝါတိုင်းတို့မှာ အသီးသီး ရှိနေကြရာ........

၁။ **စက္ခုဒွါရ**။ ။ စက္ခုပသာဒ ခေါ်သော မျက်စိအကြည်ရုပ် တည်နေပုံက မျက်နက်ဝန်း အလယ်ရှေ့၌တည်သော သူတို့၏ အရိပ်သဏ္ဌာန်ဖြစ်ရာ ထင်ရာ သန်းဦးခေါင်း ပမာဏမျှလောက်သော အရပ်၌ မျက်လှာ ခုနစ်လွှာကိုနှံ့၍ ဖြစ်၏။ ပြင်ပက အဆင်းအမျိုးမျိုးထင်နိုင်လောက်အောင် ကြည်၍နေ၏၊ ၎င်းကို မျက်စိဟုခေါ်ကြ၏။

၂။ **သောတဒွါရ**။ ။ သောတ ပသာဒ ခေါ်သော နားအကြည်ရုပ် တည်နေပုံက နားတွင်း၌ ကြေးနီ လက်စွပ်ကွင်းသဏ္ဌာန်

ရှိသော နှုးညံ့ သိမ်မွေ့သော မွေးနီနဲ့ အဆင်းရှိသော အရပ်ကို နှံ့၍ဖြစ်၏။ ပြင်ပက အသံအမျိုးမျိုးကို ကြားနိုင်သောက်အောင် ကြည်၍နေ၏။ ၎င်းကို နား ဟုခေါ်၏။

၃။ **ဃာနဒ္ဒါရ။** ။ ဃာနပသာဒ ခေါ်သော နှာခေါင်း အကြည်ရုပ် တည်နေပုံက နှာခေါင်း အတွင်း၌ဆိတ်ခွါသဏ္ဍာန်ရှိသော အရပ်ကို နှံ့၍ဖြစ်၏။ ပြင်ပက အနံ့ အမျိုးမျိုးကို နံနိုင် မွေးနိုင်လောက်အောင် ကြည်၍ နေ၏။ ၎င်းကို နှာခေါင်းဟု ခေါ်၏။

၄။ **ဇိဝှါဒ္ဒါရ။** ။ ဇိဝှါပသာဒ ခေါ်သော လျှာအကြည်နေပုံက လျှာလယ်၌ ကြာရွက်ဖျားပြတ်သဏ္ဍာန်ရှိသောအရပ်ကို နှံ့၍ တည်၏။ ပြင်ပက အရသာ အမျိုးမျိုးကို လျက်နိုင်လောက်အောင် ကြည်၍ နေ၏။ ၎င်းကို လျှာဟု ခေါ်၏။ ။

၅။ **ကာယ ဒ္ဒါရ။** ။ ကာယပသာဒ ကိုယ်အကြည်တည်နေပုံက တေဇောဓါတ်၏ တည်ရာကို၎င်း၊ အသားမှ လွတ်သော ဆံ မွေးညှင်း ခြေသည်းလက်သည်း သွား ခြောက်သော

အရေတို့ကိုငင်း ထား၍ အတွင်းအပကို နှံ့၍ဖြစ်၏။ ပြင်ပက ဖေါဋ္ဌဗ္ဗါရုံ အမျိုးမျိုး ကို တွေ့ထိနိုင်လောက်အောင် ကြည်၍ နေ၏။ ၎င်းကို ကိုယ်ဟု ခေါ်၏။ ။

၆။ **မနောဒွါရ**။ ။ ဟဒယဝတ္ထု နှလုံးအကြည် တည်နေ ပုံကား နှလုံးဗူး အိမ်အတွင်း၌ တလက် ဘက်ခွဲမျှလောက်သော နှလုံးသွေးကို နှံ့၍တည်သော ဟဒယ ဝတ္ထုရုပ်ကို မှီ၍ ဖြစ်၏။ ပြင်ပက ဓမ္မာရုံ အမျိုးမျိုးကို သိနိုင်လောက်အောင် ကြည်၍နေ၏။ ၎င်းကို နှလုံးအိမ်ဟု ခေါ်၏။ ။

**မှတ်ထားချက်**။ ထိုအကြည်ရုပ် -၆- ပါးတို့တွင် ရှေ့ အကြည်ရုပ် -၅- ပါးက ရုပ်အကြည်၊ နောက် -မနောအကြည် -၁- ပါးကနာမ် အကြည်၊ ဝီထိစိတ် မဖြစ်တဲ့ခါ ဖြစ်တဲ့ ဘဝင်စိတ်ကိုလည်း မနောအကြည် ဟူ၍ သိလေမှတ်လေ။ ဤ၌ မျက်စိ အကြည် ရုပ်သည်ပင် စက္ခုပသာဒ မျက်စိမည်၏။ စက္ခုပသာဒမှတပါး တမျိုးတခြားမျက်စိ ဟု မရှိတော့ပြီ။ သောတပသာဒ စသည် တို့၌လည်း နည်းတူသိလေ။

ဤကား အကြည်-၆- ပါးတည်း။ ။

## (၂) အာရုံ-၆-ပါး ဆိုသည်မှာ

ကောင်းဆိုး အဆင်းအမျိုးမျိုးကို (ရူပါရုံ) ဆိုသည်။
ကောင်းဆိုးအသံ အမျိုးမျိုးကို (သဒ္ဒါရုံ) ။
ကောင်းဆိုးအနံ့ အမျိုးမျိုးကို (ဂန္ဓာရုံ) ။
ကောင်းဆိုးအရသာ အမျိုးမျိုးကို (ရသာရုံ) ။
ကောင်းဆိုးတွေ့ထိ အမျိုးမျိုးကို (ဖောဋ္ဌဗ္ဗါရုံ) ။

အထက်အဆိုပါ အာရုံ ငါးပါးမှတပါး၊ (ဝါ) ပဥ္စာရုံမှ တပါးသော၊ (ဝါ) သုခုမရုပ်-၁၆၊ စိတ်စေတသိက် နိဗ္ဗာန် ပညတ်ကို (ဓမ္မာရုံ) ဆိုသည်ဟု သိလေ။ ။

ဤကား အာရုံ - ၆- ပါးတည်း။ ။

..................................

## (၃) ဝိညာဏ် - ၆- ပါးဆိုသည်မှာ

၁။ မျက်စိ အကြည်ရုပ်ကို မှီ၍မြင်အပ်သော အဆင်းရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်။

၂။ နားအကြည်ရုပ်ကိုမှီ၍ ကြားအပ်သော အသံ သဒ္ဒါရုံကိုကြားတတ်သော သောတဝိညာဏ်။

၃။ နှာခေါင်း အကြည်ရုပ်ကိုမှီ၍ နံအပ်သော အနံ့ဂန္ဓာရုံကို နံတတ်မွှေးတတ်သော ဃာန ဝိညာဏ်။

၄။ လျှာအကြည်ရုပ်ကိုမှီ၍ လျက်အပ် စားအပ်သော အရသာ ရသာရုံကို လျက်တတ်သော ဇိဝှါဝိညာဏ်။

၅။ ကိုယ်အကြည်ရုပ်ကိုမှီ၍ ထိအပ်သောအတွေ့ ဖောဋ္ဌဗ္ဗါရုံကို ထိတွေ့တတ်သော ကာယဝိညာဏ်။

၆။ နှလုံးအကြည်ရုပ်ကိုမှီ၍ သိအပ်သောအာရုံ ၆- ပါးကို သိတတ်သော မနောဝိညာဏ် - ဟူ၍ ဝိညာဏ် - ၆- ပါး။

**မှာထားချက်။** ဤ၌မြင်ခြင်းသည်ပင် စက္ခုဝိညာဏ် မည်၏။ မြင်ခြင်းမှ တပါး တမျိုး သီးခြား စက္ခုဝိညာဏ် မရှိတော့ပြီဟု သိလေ။ သောတဝိညာဏ် စသည်တို့၌လည်း နည်းတူသိလေ။ ။

ဤကား ဝိညာဏ် - ၆- ပါးတည်း။ ။

.....................................

အဆိုပါဒွါရ-၆- ပါး၊ အာရုံ-၆- ပါး၊ ဝိညာဏ်-၆- ပါး၊ သုံးစားတို့တွင် ဒွါရ-၆- ပါးတို့က အခံခါတ်၊ အာရုံ- ၆- ပါးတို့က အတိုက်ခါတ်၊ ဝိညာဏ်- ၆- ပါးတို့က အပွင့်ခါတ် အပေါ်ခါတ်ဟု သိရမည့်ပြင် ဒွါရအာရုံ နှစ်ပါးစုံတို့က ရုပ်ခါတ်သက်သက်၊ ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရောယှက်၊ ဝိညာဏ်- ၆- ပါးတို့က နာမ်ခါတ်သက်သက်၊ ပုဂ္ဂိုလ်သတ္တဝါတို့နှင့် မရောယှက်။

၆ - ဒွါရက အတွင်းဓါတ်၊ ၆- အာရုံက အပြင်ဓါတ် ဟူ၍လည်း သိလေ မှတ်ကြလေဦး။ ။

(ဥပမာ) မီးခတ်ကျောက်မှာ ဝါဂွမ်းတင်ကာ မီးခတ်ကျောက်နှင့် ခတ်လိုက်တဲ့ခါ ခတ်တိုင်း ခတ်တိုင်း မီး ပွင့်၍ ပွင့်၍ လာသကဲ့သို့တည်း။ ဤမီးခတ်ဥပမာ၌ မီးခတ်ကျောက်နှင့် မျက်စိအကြည်သည်တူ၏၊ မီးခတ်သံချောင်းနှင့် အဆင်းရူပါရုံသည်တူ၏၊ မီးပွင့်၍လာသည်နှင့် မြင်ဆိုတဲ့ စက္ခုဝိညာဏ်သည်တူ၏။ သောတ, သဒ္ဒ, သောတဝိညာဏ် စသည်တို့၌လည်း နည်းတူသိလေ။ ။

၁။ (ဥပမာ) ကိုယ်တွင်းက မျက်စိ အကြည်နှင့် ပြင်ဘက်က အဆင်းရူပါရုံ နှစ်ပါးတို့ ပေါင်းဆုံမိတဲ့ခါ၊ (ဝါ) တိုက်ပွဲဖြစ်ကြတဲ့ခါ မြင်ဆိုတဲ့ စက္ခုဝိညာဏ်စိတ်ဟာ ဘယ်သူကမှ ပြုလုပ်မပေးဘဲ၊ (ဝါ) ဘယ်ထာဝရ ဘုရားကမှ ဖန်ဆင်းမပေးဘဲ ဓါတ်သဘောအားဖြင့် လတ်တလော ဖြစ်ပေါ်၍ လာလေတော့သည်။ ထိုအခါ မြင်ဆိုတဲ့ စက္ခုဝိညာဏ်ဟာ မြင်ရုံသာ မြင်တတ်သည်၊ ဘာတခုကိုမှ ဖြူမှန်း မဲမှန်း လုံးလုံး မသိသေး၊ ထိုမြင်ဆိုတဲ့ စက္ခုဝိညာဏ် စိတ်ကလေးဟာ ဥပါဒ်၌- ဘင်- မျှ ခဏခြင်းဖြစ်၍ ပျက်သွားလေသည်။ ထိုမြင်ဆိုတဲ့ စက္ခုဝိညာဏ်စိတ်ကလေး ချုပ်ပျောက်သွားပြီးမှ - ဒါအဖြူဘဲ ဒါအမဲဘဲ စသည် သိတတ်သော နောက်လိုက် မနောဝိညာဏ် စိတ်တွေ များစွာ ဆက်လက်၍ ဖြစ်ပေါ်မှ သိနိုင်သည်ဟု သိလေ။ ။

ဤလို ဤပုံ-မျက်စိ - အဆင်း - စက္ခုဝိညာဏ်- သုံးပါး ပေါင်း ဆုံမိကြ၍ မြင်သိမှု ဖြစ်ပေါ်လာတဲ့ အထဲမှာ မြင်တတ် သိတတ်သော သူမပါ ငါမရှိ၊ သူငါဟူက မြူမျှ ရှာမရ၊ မြင်- သိ- ဆိုတဲ့ မြင်ရုံ မြင်တတ်တဲ့ စက္ခုဝိညာဏ်နှင့် ဘာဘဲ ဟု သိတတ်တဲ့မနောဝိညာဏ်တို့က နာမ်တရား၊ မြင်ရာ မျက်စိနှင့် မြင်အပ်သော အဆင်းရူပါရုံက ရုပ်တရား၊ နာမ်ရုပ်နှစ်ပါး တို့သာ မြင်သိကြသည်။ မြင်တတ်သိတတ်သော ပုဂ္ဂိုလ်သတ္တဝါ ဟူ၍ တမျိုးသီးခြား မရှိတော့ပြီ၊ နာမ်ရုပ်တို့၏ မြင်သိမှု ဟူ၍ သာ အသိမှန်သိ၊ အမြင်မှန်မြင်၍ အယူမှန်ကို ယူကြပါလေ။ ငါမျက်စိနှင့် မြင်ရတာလို့ စွဲတဲ့တဏှာစွဲ၊ ငါမြင်တာလို့ စွဲတဲ့ မာနစွဲ၊ ငါ့ကိုယ်၌က မြင်တာလို့ စွဲတဲ့ဒိဋ္ဌိစွဲ၊ ဤအလွဲအမှား အစွဲတရား အစွဲသုံးပါးကို ပယ်စွန့်ကြလေ။ သေနေ့မဦးခင် ပယ်စွန့်နိုင်အောင် ဤစာတမ်းကို လက်ကိုင်ထား၍ ကြိုးစား ကြပါလေ။ နောက် သောတဝိညာဏ် စသည်တို့၌လည်း နည်း တူသိပါလေ။ ။

၂။ ထို့အတူ ကိုယ်တွင်းက နားအကြည်နှင့် ပြင်ဘက်က အသံ သဒ္ဒါရုံနှစ်ပါးတို့ ပေါင်းဆုံမိတဲ့ခါ၊ (ဝါ) တိုက်ပွဲဖြစ်တဲ့ခါ (ကြား)ဆိုတဲ့ သောတ ဝိညာဏ်စိတ်ဟာ။ ပ။ ဓါတ်သဘော အားဖြင့် လတ်တလောခြင်း ဖြစ်ပေါ်၍လာသည်။ ပ ။ ဤလို ( နား - အသံ - သောတဝိညာဏ် )သုံးပါး ပေါင်းဆုံမိကြ၍ ကြား သိ မှု ဖြစ်ပေါ်လာတဲ့အထဲမှာ။ ပ ။ သူမပါ ငါမရှိ။ ပ။ ကြားတတ်တဲ့ သောတဝိညာဏ်နှင့် သိတတ်တဲ့ မနောဝိညာဏ် က(နာမ်တရား) ကြားရာနားနှင့် ကြားအပ်သော အသံ

သဒ္ဒါရုံက(ရုပ်တရား)နာမ်,ရုပ်နှစ်ပါးတို့၏ ကြားသိမှုဟူ၍သာ အသိမှန်သိ အမြင်မှန်မြင်၍ အယူမှန်ကိုသာ ယူကြပါလေ။ပ။ စွန့်ကြပါလေ။ ။

၃။ **တဘန်** ကိုယ်တွင်းက နှာခေါင်းအကြည်နှင့်ပြင်ဘက်က အနံ့အမွှေး ဂန္ဓာရုံ နှစ်ပါးတို့ ပေါင်းဆုံမိတဲ့ခါ၊ (ဝါ) တိုက်ပဲ့ ဖြစ်တဲ့ခါ(နံ့-မွှေး)ဆိုတဲ့ ဃာနဝိညာဏ်စိတ်ဟာ။ ပ ။ ဓါတ် သဘောအားဖြင့် လတ်တလောခြင်း ဖြစ်ပေါ်၍လာသည်။ပ။ ဤလို (နှာခေါင်း-အနံ့-ဃာနဝိညာဏ်) သုံးပါး ပေါင်းဆုံ မိကြ၍ နံ့-မွှေး သိမှုဖြစ်ပေါ်လာတဲ့အထဲမှာ။ ပ ။ သူမပါ ငါမရှိ။ ပ ။ နံ့တတ် မွှေးတတ်သော ဃာနဝိညာဏ်နှင့် သိတတ် တဲ့ မနောဝိညာဏ်က(နာမ်)တရား၊ နံ့ရာမွှေးရာ နှာခေါင်းနှင့် နံ့အပ်မွှေးအပ်သော အနံ့ဂန္ဓာရုံက(ရုပ်)တရား၊ နာမ်,ရုပ် နှစ်ပါးတို့၏ နံ့မှု မွှေးမှု သိမှု ဟူ၍သာ အသိမှန်သိ အမြင်မှန် မြင်၍ အယူမှန်ကိုသာ ယူကြပါလေ။ ပ ။ စွန့်ကြပါလေ။ ။

၄။ **တဘန်** ကိုယ်တွင်းက လျှာအကြည် ပြင်ဘက်က အရသာဟူသော ရသာရုံနှစ်ပါး ပေါင်းဆုံမိကြတဲ့ခါ (လျက်-စား)ဆိုတဲ့ ဇိဝှါဝိညာဏ် စိတ်ကလေးဟာ။ ပ။ ဓါတ်သဘော အားဖြင့် လတ်တလောခြင်း ဖြစ်ပေါ်၍လာသည်။ ပ ။ ဤလို (လျှာ-ရသ-ဇိဝှါဝိညာဏ်) သုံးပါးပေါင်းဆုံမိကြ၍ စားသိမှု ဖြစ်ပေါ်လာတဲ့အထဲမှာ။ ပ။သူမပါ ငါမရှိ။ ပ။စားတတ်သော ဇိဝှါဝိညာဏ်နှင့် သိတတ်တဲ့ မနောဝိညာဏ်က (နာမ်)တရား၊ စားရာလျှာနှင့် စားအပ်သော ရသာရုံတို့က (ရုပ်)တရား၊

နာမ်ရုပ်နှစ်ပါးတို့၏ စားမှုသိမှု ဟူ၍သာ အသိမှန်သိ အမြင်မှန် မြင်၍ အယူမှန်ကိုသာ ယူကြပါလေ။

၅။ တဘန် ကိုယ်တွင်းက ကိုယ်အကြည် ပြင်ဘက်က ဖေါဋ္ဌဗ္ဗါရုံ နှစ်ပါး ပေါင်းဆုံမိကြတဲ့ခါ၊ (ဝါ) တိုက်ပွဲဖြစ်ကြတဲ့ ခါ(ထိ) ဆိုတဲ့ ကာယဝိညာဏ်စိတ်ဟာ။ ပ။ ဓါတ်သဘော အားဖြင့် လတ်တလောခြင်း ဖြစ်ပေါ်၍လာသည်။ ပ။ ဤလို (ကိုယ် - အထိ - ကာယဝိညာဏ်) သုံးပါးပေါင်းဆုံမိကြ၍ထိသိမှု ဖြစ်ပေါ်လာတဲ့အထဲမှာ။ ပ။ သူမပါ ငါမရှိ။ ပ။ ထိတတ်သော ကာယဝိညာဏ်နှင့် သိတတ်သော မနောဝိညာဏ်က (နာမ်) တရား၊ ထိရာ - ကာယနှင့် ထိအပ်သော ဖေါဋ္ဌဗ္ဗါရုံက (ရုပ်) တရား၊ နာမ်ရုပ်နှစ်ပါးတို့၏ ထိမှု သိမှု ဟူ၍သာ အသိမှန်သိ အမြင်မှန်မြင်၍ အယူမှန်ကိုသာ ယူကြပါလေ။ ။

၆။ တဘန် ကိုယ်တွင်းက နှလုံးအကြည် အပြင်ဘက်က ပဥ္စာရုံမှ တပါးသော ဓမ္မာရုံ နှစ်ပါးတို့ ဆုံမိကြတဲ့ခါ၊ (ဝါ) တိုက်ပွဲဖြစ်ကြတဲ့ခါ ( ကြံ - သိ ) ဆိုတဲ့ မနောဝိညာဏ် စိတ်ဟာ။ ပ ။ဓါတ်သဘောအားဖြင့် လတ်တလောခြင်း ဖြစ်ပေါ်၍လာသည်။ ပ။ ဤလို (နှလုံး - ဓမ္မာရုံ - မနောဝိညာဏ်) သုံးပါးပေါင်းဆုံမိကြ၍ ကြံသိ တွေးသိ ဆင်ခြင်သိ စဉ်းစား သိမှု ဖြစ်ပေါ်လာတဲ့အထဲမှာ။ ပ။ သူမပါ ငါမရှိ။ ပ။ ကြံသိ တတ်သော မနောဝိညာဏ်က (နာမ်)တရား၊ ကြံရာဝတ္ထုနှင့် ကြံအပ်သော ဓမ္မာရုံက (ရုပ်)တရား၊ နာမ်ရုပ်နှစ်ပါးတို့၏ ကြံမှုသိမှု ဟူ၍သာ အသိမှန်သိ အမြင်မှန်မြင်၍ အယူမှန် ကိုသာ ယူကြပါလေ။ ။

ထို့ထက် စုံစုံလင်လင် အကျယ်သိလိုလျှင် ငါတို့ရေးသော ဒုတိယဘာသာ အလင်းပြမှာ ကြည့်လေ။

ဤကား "စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊
ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊
ဇိဝှါစ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ၊
ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊
မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ နှင့်
အညီတည်း။" (သံယုတ် ပါဠိတော်) စသည်။

၁။ စက္ခုဉ္စ - မျက်စိခေါ်ကြ စက္ခုပသာဒကိုရင်း၊ ရူပေစ- အဆင်းရူပါရုံ အမျိုးမျိုးတို့ကိုရင်း၊ ပဋိစ္စ - မျက်စိ အဆင်းနှစ်ပါး ပေါင်းဆုံမိခြင်းကို အရင်းပြု၍၊ (ဝါ) စွဲ၍၊ စက္ခုဝိညာဏံ- မြင် သိမှု စက္ခုဝိညာဏ်စိတ်သည်၊ ဥပ္ပဇ္ဇတိ- ရှေးကမရှိဘဲ ယခုမှဘဲ ဘွားခနဲ အသစ်စစ်စစ် ရုတ်တရက် ဓါတ်သဘောအားဖြင့် လတ်တလောခြင်း ဖြစ်ပေါ်၍လာ၏။

၂။ သောတဉ္စ - နားဟုခေါ်ကြ သောတ ပသာဒရုပ်ကိုရင်း၊ သဒ္ဒေစ - အသံ သဒ္ဒါရုံ အမျိုးမျိုးတို့ကိုရင်း၊ ပဋိစ္စ - နား အသံနှစ်ပါး ပေါင်းဆုံမိခြင်းကိုအရင်းပြု၍၊ (ဝါ) စွဲ၍၊ သောတဝိညာဏံ-ကြားသိမှု သောတဝိညာဏ်စိတ်သည်၊ ဥပ္ပဇ္ဇတိ-ရှေးကမရှိဘဲ ယခုမှဘဲ ဘွားခနဲ အသစ်စစ်စစ် ရုတ်တရက် ဓါတ်သဘောအားဖြင့် လတ်တလောခြင်း ဖြစ်ပေါ်၍လာ၏။ ။

၃။ **ဃာနဥ္စ** - နှာခေါင်းခေါ်ကြ ဃာနပသာဒရုပ် ကိုင်၊ ဂန္ဓေစ-အနံ့ ဂန္ဓာရုံ အမျိုးမျိုးတို့ကိုင်း၊ ပဋိစ္စ - နှာခေါင်း အနံ့ နှစ်ပါး ပေါင်းဆုံမိခြင်းကို အရင်းပြု၍၊ (ဝါ) အစွဲပြု၍၊ ဃာန ဝိညာဏံ-နံ သိမှု ဃာနဝိညာဏ်စိတ်သည်၊ ဥပ္ပဇ္ဇတိ-ရှေးကမရှိဘဲ ယခုမှဘဲ ဘွားခနဲ အသစ်စစ်စစ် ဓါတ်သဘောအားဖြင့် လတ်တလောခြင်း ဖြစ်ပေါ် ၍လာ၏။ ။

၄။ **ဇိဝှါစ**-လျှာဟုခေါ်ကြ ဇိဝှါပသာဒရုပ်ကိုင်း၊ ရသေစ-အရသာ ရသာရုံ အမျိုးမျိုးတို့ကိုင်း၊ ပဋိစ္စ - လျှာ ရသ နှစ်ပါးပေါင်းဆုံမိခြင်းကိုအရင်းပြု၍ (ဝါ) အစွဲပြု၍၊ဇိဝှါဝိညာဏံ-စား သိမှု ဇိဝှါဝိညာဏ်စိတ်သည်၊ ဥပ္ပဇ္ဇတိ၊ ရှေးကမရှိဘဲ ယခုမှဘဲ ဘွားခနဲ အသစ်စစ်စစ် ဓါတ်သဘောအားဖြင့် လတ်တလောခြင်း ဖြစ်ပေါ် ၍လာ၏။

၅။ **ကာယဥ္စ** - ကိုယ်ဟုခေါ်ကြ ကာယပသာဒရုပ်ကိုင်း၊ ဖေါဋ္ဌဗ္ဗေစ-အထိ ဖေါဋ္ဌဗ္ဗာရုံ အမျိုးမျိုးတို့ကိုင်း၊ **ပဋိစ္စ** - ကိုယ် အထိ နှစ်ပါး ပေါင်းဆုံမိခြင်းကို အရင်းပြု၍ (ဝါ) အစွဲပြု၍၊ ကာယဝိညာဏံ- ထိ - သိ ကာယဝိညာဏ်စိတ်သည် ဥပ္ပဇ္ဇတိ-ရှေးကမရှိဘဲ ယခုမှဘဲ ဘွားခနဲ အသစ်စစ်စစ် ဓါတ်သဘော အားဖြင့် လတ်တလောခြင်း ဖြစ်ပေါ် ၍ လာလေ၏။ ။

၆။ မနဥ္စ - မနောအကြည်ခေါ်ကြ ဟဒယဝတ္ထုရုပ်ကိုင်း၊ ဓမ္မေစ - ဓမ္မာရုံ အမျိုးမျိုးတို့ကိုင်း၊ ပဋိစ္စ- မနော ဓမ္မာရုံ နှစ်ပါးပေါင်းဆုံမိခြင်းကို အရင်းပြု၍၊(ဝါ) အစွဲပြု၍၊ မနော ဝိညာဏံ - ကြံ သိမှုစသော မနောဝိညာဏ်စိတ်သည်၊ ဥပ္ပဇ္ဇတိ

ရှေးကမရှိဘဲ ယခုမှဘဲ ဘွားခနဲ အသစ်စစ်စစ် ဓါတ်သဘော အားဖြင့် လတ်တလောခြင်း ဖြစ်ပေါ်၍ လာလေ၏။ ။

( ဤကားအနက် )

ဒါကတော့ အလျင်တလို ပြီးစလွယ် သာမညအားဖြင့် သိနိုင့်ရုံ ဟောတဲ့ပါဠိတော်ပါဘဲ။ အမှန်ကတော့၊(ဝါ)အပြည့် အစုံ အကုန်လုံးကတော့ တပါးတပါးလျှင် လေးပါးလေးပါးစီ ရှိရမယ်လို့ အောက်ပါအတိုင်း သိရမယ်။ ။

၁။ **စက္ခု၊ ရူပ၊ အာလောက၊ မနသိကာရ၊** စက္ခု ဝိညာဏ်။ မျက်စိ၊ အဆင်း၊ အရောင်အလင်း၊ နှလုံးသွင်း လေးပါးလုံး ပြည့်စုံမှ မြင်သိမှု ဖြစ် နိုင်သည်။

၂။ **သောတ၊ သဒ္ဒ၊ ဝိဝရ၊ မနသိကာရ၊** သောတ ဝိညာဏ်။ နား၊ အသံ၊ ဟင်းလင်း၊ နှလုံးသွင်း လေးပါးပြည့်စုံမှ ကြားသိမှု ဖြစ်နိုင်သည်။

၃။ **ဃာန၊ ဂန္ဓ၊ ဝါယု၊ မနသိကာရ၊** ဃာနဝိညာဏ်။ နှာခေါင်း၊ အနံ့၊ လေ၊ နှလုံးသွင်း၊ လေးပါး ပြည့် စုံမှ နံသိမှု ဖြစ်နိုင်သည်။

၄။ **ဇိဝှါ၊ ရသ၊ အာပေါ၊ မနသိကာရ၊** ဇိဝှါဝိညာဏ်။

လျှာ၊ အရသာ၊ အာပေါဓါတ်၊ နှလုံးသွင်း၊ လေး
ပါး ပြည့်စုံမှ စားသိမှု ဖြစ်နိုင်သည်။

၅။ **ကာယ၊ ဖေါဋ္ဌဗ္ဗ၊ ပထဝီ၊ မနသိကာရ၊** ကာယ
ဝိညာဏ်။ ကိုယ်၊ဖေါဋ္ဌဗ္ဗ၊ ပထဝီဓါတ်၊ နှလုံးသွင်း
လေးပါးပြည့်စုံမှ ထိသိမှု ဖြစ်နိုင်သည်။

၆။ **ဘဝင်၊ မန၊ ဓမ္မ၊ မနသိကာရ၊** မနောဝိညာဏ်။
စိတ်၊ အာဝဇ္ဇန်း၊ ဓမ္မာရုံ၊ နှလုံးသွင်း လေးပါး
ပြည့်စုံမှ ကြံသိမှု၊ ဖြစ်နိုင်သည်။

## (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

ဤလို ဤပုံ လေးပါးစီ, လေးပါးစီ ပြည့်စုံမှ မြင်သိမှု စက္ခုဝိညာဏ်၊ ကြားသိမှု သောတဝိညာဏ်၊ နံသိမှု, မွှေးသိမှု ဃာနဝိညာဏ်၊ စားသိ လျက်သိမှု ဇိဝှါဝိညာဏ်၊ ထိသိမှု ကာယဝိညာဏ်၊ ကြံသိ,တွေးသိ, ဆင်ခြင်သိ, စဉ်းစားသိမှု စသော မနောဝိညာဏ်စိတ်များ အသီးအသီးဖြစ်ပေါ် နိုင်သည်။အဆိုပါ လေးပါး, လေးပါးတို့တွင် တပါး တပါး မပြည့်စုံက အဆိုပါ အသိ ၆- မျိုးတို့ လုံးဝမဖြစ်နိုင်ဟု သိလေ မှတ်လေ။ ။

**(မှတ်ချက်)** ဤကား နာမ်ဘရားတို့၏ ဖြစ်ပေါ်ပုံကို ပြဆိုချက်တည်း။

## ရုပ် နာမ် နှစ်ပါးသာ

ဤကား သိတတ်တဲ့ အရွယ်မှ သေနေ့ကျအောင် မြင်တဲ့ ကြားတဲ့ နံတဲ့ စားတဲ့ ထိတဲ့ သိတဲ့ အထဲမှာ သူမပါ ငါမရှိ

သူငါဟူက မြူမျှရှာမရ၊ သဘာဝဓမ္မအား လျော်စွာ ဒွါရ အာရုံဆိုတဲ့ လောင်စာရုပ်ချင်းချင်း တိုက်ဆိုင်မိတိုင်း တိုက် ဆိုင်မိတိုင်း ဝိညာဏ်ဆိုတဲ့ နာမ်မီးပွင့်တွေ မရေမတွက် နိုင် အောင် ပွင့်ပေါ် ပွင့်ပေါ်၍ နေကြရာ မြင်တတ်, ကြားတတ်, နံတတ်, စားတတ်, ထိတတ်, သိတတ်သော ပုဂ္ဂိုလ် သတ္တဝါ ကား လားလားမျှမရှိ၊ ရုပ်နာမ်တို့၏ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု ဟူ၍သာ အသိမှန်သိ၊ အမြင်မှန်မြင်၊ အယူ မှန်ကို ယူကြလေ။ ။

........................

## ခန္ဓာ ငါးပါးသာ

**တဘန်** မြင်သိတဲ့ အထဲမှာ သူမပါ ငါမရှိ၊ သူငါဟူက မြူမျှရှာမရ၊ ခန္ဓာငါးပါးတို့၏ **မြင်**သိမှု ဟူ၍သာသိ။

၁။ မျက်စိနှင့် အဆင်းက ရူပက္ခန္ဓာ။ မြင်လို့ကောင်း မကောင်းက ဝေဒနက္ခန္ဓာ။ မြင်သည်ဟု မှတ်တာက သညက္ခန္ဓာ။ မြင်ဘို့ရာ အားထုတ်တာက သင်္ခါရက္ခန္ဓာ။ မြင် တာ သိတာက ဝိညာဏက္ခန္ဓာ။ ။

၂။ နားနှင့် အသံက ရူပက္ခန္ဓာ။ ကြားလို့ ကောင်း မကောင်းက ဝေဒနက္ခန္ဓာ။ ကြားသည်ဟု မှတ်တာက သညက္ခန္ဓာ။ ကြားဘို့ရာ အားထုတ်တာက သင်္ခါရက္ခန္ဓာ။ ကြားတာသိတာက ဝိညာဏက္ခန္ဓာ။ ။

၃။ နှာခေါင်းနှင့် အနံ့က ရူပက္ခန္ဓာ။ နံလို့ကောင်း မကောင်းက ဝေဒနက္ခန္ဓာ။ နံသည်ဟု မှတ်တာက သညက္ခန္ဓာ။ နံဘို့ရာ အားထုတ်တာက သင်္ခါရက္ခန္ဓာ။ နံတာ သိတာက ဝိညာဏက္ခန္ဓာ။ ။

၄။ လျှာနှင့် ရသက ရူပက္ခန္ဓာ။ စားလို့ကောင်း မကောင်းက ဝေဒနက္ခန္ဓာ။စားသည်ဟုမှတ်တာက သညက္ခန္ဓာ။ စားဘို့ရာ အားထုတ်တာက သင်္ခါရက္ခန္ဓာ။ စားတာသိတာက ဝိညာဏက္ခန္ဓာ။ ။

၅။ ကာယနှင့် ဖေါဋ္ဌဗ္ဗက ရူပက္ခန္ဓာ။ ထိလို့ကောင်း မကောင်းက ဝေဒနက္ခန္ဓာ။ထိသည်ဟုမှတ်တာက သညက္ခန္ဓာ။ ထိဘို့ရာ အားထုတ်တာက သင်္ခါရက္ခန္ဓာ။ ထိတာ သိတာက ဝိညာဏက္ခန္ဓာ။ ။

၆။ နှလုံးနှင့် ဓမ္မာရုံက ရူပက္ခန္ဓာ။ ကြံလို့ကောင်း မကောင်းက ဝေဒနက္ခန္ဓာ။ကြံသည်ဟု မှတ်တာက သညက္ခန္ဓာ။ ကြံဘို့ရာ အားထုတ်တာက သင်္ခါရက္ခန္ဓာ။ ကြံတာ သိတာက ဝိညာဏက္ခန္ဓာ။ ။

( တနည်း ) မြင်တဲ့ သိတဲ့စိတ်က ( ဝိညာဏက္ခန္ဓာ )၊ ထို ဝိညာဏက္ခန္ဓာနှင့် အတူတကွ တပြိုင်နက် ဖြစ်ကြတဲ့ ဝေဒနာ စေတသိက်က ဝေဒနက္ခန္ဓာ၊ သညာ စေတသိက်က သညက္ခန္ဓာ၊ကျန်စေတသိက် ၅၀-က သင်္ခါရက္ခန္ဓာ၊ ၎င်းတို့၏ မှီရာ စက္ခုဝတ္ထုရုပ်က ရူပက္ခန္ဓာ။ ကျန် ကြားသိ စသည်

တို့၌လည်း နည်းတူသိလေ။ ဤကား ခန္ဓာငါးပါးကိုသာ မြင်သိပုံကို ပြဆိုချက်တည်း။ ။

....................

## အာယတန ၁၂ - ပါးတို့၏ မြင်သိမှုသာတည်း

စက္ခာယတန(မျက်စိ)၊ရူပါယတန(အဆင်း)၊မနာယတန(စိတ်)၊ဓမ္မာယတန ( သဘော )၊ ဤအာယတန လေးပါးတို့ပေါင်းဆုံမိကြသည်ကို မြင်သိဟု ဆိုရ၏။ ကျန်- ကြား, သိ, စသည်တို့၌လည်း နည်းတူသိလေ။ ။

....................

## ဓါတ် - ၁၈ - ပါးတို့၏ မြင်သိမှုသာတည်း

စက္ခုဓါတု(မျက်စိ)၊ရူပဓါတု(အဆင်း)၊ စက္ခုဝိညာဏဓါတု( မြင်သိ )၊ ဓမ္မဓါတု ( သဘော )၊ ဤဓါတ်လေးပါးတို့ပေါင်းဆုံမိကြသည်ကိုသာ မြင်သိဟု ဆိုရ၏။ကြားသိ စသည်တို့၌လည်း နည်းတူသိလေ ။

....................

## သံသရာ စက်ရဟတ် ပဋိစ္စသမုပ္ပါဒ် လည်နေပုံ

၁။ စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊

ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ။ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။ (သံယုတ်ပါဠိ)

( **အဓိပ္ပါယ်ကား** ) မျက်စိနှင့် အဆင်း ရှုပါရုံကိုစွဲ၍ မြင်သိမှု စက္ခုဝိညာဏ်ဖြစ်၏။ ( မျက်စိ၊ အဆင်း၊ စက္ခုဝိညာဏ်) သုံးပါး ပေါင်းဆုံမိခြင်းသည် ကောင်းဆိုး အာရုံ၌ တွေ့သော ဖဿဖြစ်၏။တွေ့မှု ဖဿကြောင့် ကောင်းဆိုးအာရုံကို ခံစားသော ဝေဒနာဖြစ်၏။ ခံစားသော ဝေဒနာကြောင့် တပ်မက်သော တဏှာဖြစ်၏။ တဏှာကြောင့် စွဲလမ်းသော ဉပါဒါန်ဖြစ်၏။ ဉပါဒါန်ကြောင့် ဇာတိဖြစ်၏။ ဇာတိကြောင့် အိုခြင်း ,နာခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပူပန်ခြင်း တို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် ချမ်းသာမဘက် ( ဝါ ) ပုဂ္ဂိုလ်သတ္တဝါတို့နှင့် မရောမယှက်။ သံသရာဝဋ် ဒုက္ခသက်သက် အကြောင်းအကျိုး ဆက်ကာ ဆက်ကာ ဖြစ်ပျက်၍ နေတော့၏ ဟူလို....။ ( ဒါက မျက်စိပေါက်က သံသရာစက်လည်ပုံ ။)

၂။ သောတဉ္စပဋိစ္စ သဒ္ဒေစ ဉပ္ပဇ္ဇတိ။ သောတဝိညာဏံ။ပ။ သမုဒယော ဟောတိ။ (ဒါက နားပေါက်က လည်ပုံ ။)

၃။ ဃာနဉ္စပဋိစ္စ ဂန္ဓေစ ဉပ္ပဇ္ဇတိ။ ဃာနဝိညာဏံ။ပ။သမုဒယော ဟောတိ။ (ဒါက နှာခေါင်းပေါက်က လည်ပုံ )

၄။ ဇိဝှါစ ပဋိစ္စ ရသေစ ဉပ္ပဇ္ဇတိ။ ဇိဝှါဝိညာဏံ ။ပ။ သမုဒယော ဟောတိ။(ဒါက လျှာပေါက်က လည်ပုံ။)

၅။ ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ။ ကာယဝိညာဏံ။ ပ။ သမုဒယော ဟောတိ။ (ဒါက ကိုယ်ပေါက်က လည်ပုံ။ )

၆။ မနဥ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ။ မနောဝိညာဏံ။ ပ။ သမုဒယော ဟောတိ။ (ဒါက မနောပေါက်က လည်ပုံ။)

ဤလို ဤပုံ....တသံသရာလုံး လည်နေပုံကို သိရှိကြပါလေ။

..................................

## သံသရာစက်ရဟတ် ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ

စက္ခုဥ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓါ ဥပါဒါန နိရောဓော၊ ဥပါဒါနနိရောဓါ ဘဝနိရောဓော၊ဘဝနိရောဓါ ဇာတိ နိရောဓော၊ ဇာတိနိရောဓါ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ။

(**အဓိပ္ပါယ်ကား**) မျက်စိနှင့် အဆင်းရူပါရုံကို စွဲ၍ မြင်သိမှု စက္ခုဝိညာဏ်ဖြစ်၏။ ( မျက်စိ - အဆင်း - စက္ခု ဝိညာဏ်) သုံးပါး ပေါင်းဆုံမိခြင်းသည် တွေ့ထိခြင်းဖဿဖြစ်၏။ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့်တဏှာဖြစ်လာပြန်မည်၊ တဏှာ ဖြစ်ပြန်လျှင် သံသရာစက် လည်ပြန်ဦးမည်ကိုသိ၍ ဝေဒနာနောက် တပ်မက်တဲ့ တဏှာမဖြစ်စေဘဲ၊ (ဝါ) တဏှာ အဖြစ်မခံဘဲ မြင်သိမှု စက္ခုဝိညာဏ်စိတ်ကလေးကို မမြဲ ဆင်းရဲ

အစိုးမရဟု ဝိပဿနာ အကြိမ်ကြိမ် ရှုမှုကြောင့် မဂ်၏ ရှေ့အဘို့မှာ တပ်မက်မှုတဏှာဟာ တဒင် တခဏ ချုပ်ငြိမ်း၍ မဂ် ခဏမှာ မိမိမဂ်နှင့် ဆိုင်ရာ ကိလေသာတို့ဟာ သမုစ္ဆေဒ ချုပ်ငြိမ်း၍ အရဟတ္တမဂ် နောင်မှာ တဏှာအကြွင်းမရှိ ချုပ်ငြိမ်း၍ အရဟတ္တမဂ်ဖြင့် အကြွင်းမရှိ၊ အကြွင်းမဲ့ တဏှာချုပ်ငြိမ်းခြင်းကြောင့် စွဲလမ်းမှု ဥပါဒါန်၏ ချုပ်ငြိမ်းခြင်း၊ ဥပါဒါန် ချုပ် ခြင်း ကြောင့် ဘ ဝ ချုပ် ငြိမ်း ခြင်း၊ ဘ ဝ ချုပ် ငြိမ်း ခြင်းကြောင့် ဇာတိ၏ချုပ်ခြင်း၊ ဇာတိ၏ ချုပ်ခြင်းကြောင့် အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ခြင်း ဆင်းရဲခြင်း ငိုကြွေးခြင်း နှလုံးမသာယာခြင်း ပြင်းစွာပူပန်ခြင်းတို့သည် အကုန်လုံး ချုပ်ငြိမ်းကုန်၏။ ဤသို့လျှင် ချမ်းသာမဘက်၊ (ဝါ) ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရောမယှက်၊ဝဋ္ဋဆင်းရဲသက်သက် ကြောင်းကျိုး ဆက်နှစ်ပါး ချုပ်ငြိမ်းခြင်းသည်ဖြစ်လေ၏။ (ဝါ) နိဗ္ဗာန်ရလေ ရောက်လေတော့၏ ဟူလို....။

ဒါက မျက်စိပေါက်ကနေ၍ သံသရာစက် ပြတ်ပုံ။ နားပေါက်စသည်တို့၌လည်း နည်းတူသိလေ။ ။

## ရုပ်နာမ် နှစ်ပါးသာ

ထို့ကြောင့် အစကပြခဲ့သော ၆ - ဒွါရ ၆ - အာရုံ နှစ်မျိုးလုံးကို ရုပ်တရားမျိုးဟုသိ။ ၆ - ဝိညာဏ် နောက်တမျိုးကို နာမ်တရားမျိုးဟုသိ။ ရုပ်နာမ်တို့၏ မြင်မှု ကြားမှု နံမှု စားမှု ထိမှု သိမှု ဟူ၍သာ အသိမှန်သိ၍ အမြင်မှန်မြင်ကာ အယူမှန်ကိုသာ ယူနိုင်ကြပါစေ။ ။

## အကြောင်း အကျိုး ၂ - ပါးသာ

ထိုတွင် ရုပ်တရား မျိုးတို့သည်ကား အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရတို့ကြောင့် ဖြစ်၏။ နာမ်တရား မျိုးတို့သည်ကား စက္ခု ရူပ အာလောက မနသိကာရ ဝိဝရ ဝါယု အာပေါ ပထဝီ ဓမ္မတို့ကြောင့်သာ ဖြစ်၏။ အဝိဇ္ဇာ စသည်ကား ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရော မယှက် အကြောင်း တရား သက်သက်၊ ရုပ်နာမ်တို့သည်ကား ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရော မယှက် အကျိုးတရား သက်သက်သာဟု သိလေ မှတ်လေ။ ။

## အနိစ္စ- ဒုက္ခ - အနတ္တ- လက္ခဏာရေး သုံးပါးသာ

ထိုရုပ်နာမ်တို့တွင် မြင် သိမှု စက္ခု ဝိညာဏ် စိတ် ဖြစ်ဆဲ ခဏကလေးမှာ မျက်စိ အကြည်ခေါ်သော စက္ခုပသာဒ ရုပ်ကလဲ( ဥပါဒ်-ဌီ-ဘင် )ဖြစ် - ရင့် - ပျက် ခဏငယ် သုံးချက်မျှဖြစ်၍ ပျက်လေ ပျောက်လေ မရှိလေသောကြောင့် မမြဲ ဆင်းရဲ အစိုးမရတဲ့ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါး သာ ဖြစ်၏။ တဘန် အဆင်း ရူပါရုံကလဲ(ဥပါဒ်-ဌီဘင်-) ဖြစ် ရင့်-ပျက်-ခဏငယ် သုံးချက်မျှ ဖြစ်၍ ပျက်လေသောကြောင့် မမြဲ ဆင်းရဲ အစိုးမရ အနိစ္စ - ဒုက္ခ - အနတ္တ လက္ခဏာရေး သုံးပါးသာ ဖြစ်၏။

တဘန် မြင် သိဆိုတဲ့ စက္ခု ဝိညာဏ် စိတ်ကလဲ(ဥပါဒ် ဌီ-ဘင်) ဖြစ် - ရင့် - ပျက် ခဏငယ် သုံးချက်မျှ ဖြစ်၍ ပျက်

လေသောကြောင့် မမြဲဆင်းရဲ အစိုးမရ အနိစ္စ - ဒုက္ခ- အနတ္တ လက္ခဏာရေး သုံးပါးသာဖြစ်၏။ ကျန်- ကြား, သိ စသော ဝိညာဏ်ငါးပါးတို့၌လည်း ဤ ကြား, သိစက္ခုဝိညာဏ်နည်းကို မှီ၍ သိရှိကြပါလေတော့။ ။

## ဆီ မီး ဥပမာ

( ဥပမာ ) ဆီမီးခွက်ထဲမှာ ဆီနှင့် မီးစာကို ထည့်၍ မီးညှိထွန်းရာ မီးရောင်အလင်း ဖြစ်ပေါ်လာ၏။ ဤဆီမီး ဥပမာ၌ ဆီကလဲ မမြဲ တစ တစ ကုန်ခန်း၍ ကုန်ခန်း၍နေ၏။ မီးစာကလဲ မမြဲ တစ တစ လောင်ကျွမ်း ကုန်ခန်း၍ ကုန်ခန်း၍ နေ၏။ ဤလို မီးတောက်ရဲ့ မှီရာ တည်ရာဖြစ်တဲ့ ဆီမီးစာတို့ကဘဲ မမြဲပါလျှင်၊ ထိုမမြဲသော ဆီ မီးစာတို့ကို မှီ၍ဖြစ်ရတဲ့ မီးတောက်ဟာလဲ မြဲနိုင်ပါ့မလား၊ ဘယ်နည်းနှင့်မှ မမြဲနိုင်သလို ထိုအတူပမာဘဲ။ ဤ၌ ဆီမီးခွက်နှင့်ကိုယ်ကောင်ကြီးသည် တူ၏။ ဆီနှင့် မျက်စိအကြည်သည် တူ၏။ မီးစာနှင့် အဆင်း ရူပါရုံသည် တူ၏။ မီးတောက်နှင့် မြင်သိမှု စက္ခုဝိညာဏ်စိတ်သည် တူ၏။ (တတ်တတ်ထင်ထင် ညာဏ်ထဲမှာ ထင်အောင်ကြည့်)။

ထို့အတူ မမြဲဆင်းရဲ အစိုးမရတဲ့ မျက်စိအကြည် အဆင်းရူပါရုံတို့ကို စွဲ၍ ဖြစ်ရတဲ့ မြင်သိမှု စက္ခု ဝိညာဏ် စိတ်ဟာလဲ လစ်ခနဲ မြင်သိမှုကလေး ဖြစ်၍ဖြစ်၍ ပျောက်လေ ပျက်လေ သေလေသောကြောင့် မမြဲ၊ဆင်းရဲ အစိုးမရ

တဲ့ အနိစ္စ - ဒုက္ခ - အနတ္တတို့သာ စင်စစ်ဖြစ်သည်ဟု သိလေ မှတ်လေ။

ရုပ်နာမ်ဆိုတဲ့ တရားတွေဟာ မျက်စိတမှိတ်၊လျှပ်စက် တပြက်၊ လက်ဖြစ်တတွက်ခန့် အချိန်အတွင်းမှာပင် ဖြစ်ခွင့် ရလို့ ဖြစ်မယ်ဆိုလျှင် နာမ်တရားမျိုးတို့က ကုဋေတသိန်း၊ရုပ် တရားမျိုးတို့က ကုဋေငါးထောင်ကျော် ဖြစ်နိုင်တယ်ဟု ဘုရား ဟောတော်မူသောကြောင့် မျက်တောင် တခတ်စာမျှ မြဲတဲ့ ချမ်းသာတဲ့ အစိုးရတဲ့ ရုပ်နာမ် မရှိနိုင်ဟူ၍သာ တထစ်ချ မှတ်လေပါ။ ။

## သစ္စာလေးပါး

အဆိုပါ မမြဲ ဆင်းရဲ အစိုးမရလို့ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတို့တွင် တဏှာမှတပါးသော ရုပ်နာမ်ခန္ဓာ တို့သည်လည်း အန္ဓ ပုထုဇဉ်တို့က သူ - ငါ - ကျား - မ မှတ် ထင်ယူဆနေကြတဲ့ သူ - ငါ - ကျား - မ ကား မဟုတ်မမှန်။ ပဋိသန္ဓေမှ စုတိသေနေ့ကျအောင် ဆင်းရဲတာ မှန်လှသော ကြောင့် ဒုက္ခသစ္စာသာ ဟုတ်မှန်၏။ ထိုဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကို တဘန် အသစ်အသစ် ပြန်၍ပြန်၍ ဖြစ်စေတတ်တဲ့ ရှေး ဘဝက တဏှာသည်လည်း သူ ငါ ကျား မ မဟုတ်မမှန်၊သမုဒယ သစ္စာသာ ဟုတ်မှန်၏။ တဏှာပယ်သော မဂ်အကျင့်ကြောင့် ထိုဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏ တဘန် အသစ်မဖြစ် ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ် သော တဏှာပယ်သော မဂ်အကျင့် မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ ဖြစ်သည်။

## ပညတ်ပျောက်၊ ပရမတ်ပေါက်၊ လက္ခဏာရေးဆိုက်၊ သစ္စာလေးပါးကိုက်

ဤလို ဤပုံ လူမှန်း သူမှန်း သိတတ်တဲ့ အရွယ်ကစ၍ အိပ်ရာထမှ အိပ်ရာဝင်၊ အိပ်ရာဝင်မှ အိပ်ရာထ၊ တနေ့လုံး၊ တညဉ့်လုံး၊ တလလုံး၊ တနှစ်လုံး၊ တသက်လုံး၊ အသက်မသေ နေလေသမျှ သေတဲ့နေ့ကိုကျအောင် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး မရေတွက်နိုင်အောင် ဖြစ်ပျက်နေကြတဲ့ မြင်သိမှု ကြားသိမှု၊ စားသိမှု၊ ထိသိမှု၊ ကြံသိမှု၊ တွေးသိမှု၊ ဆင်ခြင် သိမှုတွေထဲမှာ သူမပါ ငါမရှိ၊ လုံးဝမရှိ၊ ဘိတ်မရှိ၊ သူငါဟူက မြူမျှ ရှာမရသောကြောင့် သူမြင်, ငါမြင်၊ သူကြား, ငါကြား စသော ပညတ်ကွယ်ပျောက်၊ ရုပ်နာမ်ဟူသော ပရမတ်ပေါက်၊ အနိစ္စ - ဒုက္ခ - အနတ္တ ဟူသော လက္ခဏာရေးဆိုက်၊ ဒုက္ခ သမုဒယ, နိရောဓ, မဂ္ဂ ဟူသော သစ္စာလေးပါး ကိုက်သွား အောင် အသိမှန်သိ အမြင်မှန် မြင်၍ အယူမှန်ကိုသာ ယူကြ ပါလေ။ ။

ဤလို သိလျှင်ပြီးရော့မဟုတ်လားလို့ မေးခဲ့လျှင် မေး သူကို နိဗ္ဗာန်ကိုမြင်တဲ့ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ကို ရပြီလားဟု ပြန်၍မေးပါ၊ ရပြီဟု ဝန်ခံလျှင် ပြီးပြီ၊ မရသေးလို့ ဝန်ခံလျှင် မပြီးသေးဟု ပြောပါလေ။

အဘယ်ကြောင့်ဆိုသော် ဤလိုသိတဲ့နေရာမှာ ဉာဏ် ပါး ဉာဏ်ထက်တဲ့ ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ ဖြစ်ခဲ့ပါလျှင် နိရောဓသစ္စာ နိဗ္ဗာန်ကို မင်္ဂဉာဏ် ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍

သိသွားသောကြောင့် ကိစ္စပြီးသည်။ သို့မဟုတ် နေယျဖြစ်လျှင် ဉာဏ်လိုသိရှိနှင့် မပြီးဘဲ ဝိပဿနာ ဘာဝနာကို နာနာပွါးမှသာ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမှပြီးစီးသောကြောင့်ပေတည်း။ ထို့ကြောင့် နေယျ ပုဂ္ဂိုလ်တို့မှာ ဉာဏ်လိုသိရှိမျှနှင့် မဂ်ကိစ္စမပြီး၊ ထိုးထွင်း၍ သိမှသာ မဂ်ကိစ္စပြီးသောကြောင့် ဉာဏ်လိုသိထားပြီးလျှင် သိတဲ့အတိုင်း မြင်ဆဲ ကြားဆဲ နံဆဲ စားဆဲ ထိဆဲ ကြံဆဲ တွေးဆဲ ဆင်ခြင်ဆဲစသည် တို့မှာ ဉာဏ်လိုဉာဏ်ပုံ တဏှာပယ်တဲ့ ဝိပဿနာ မဂ်အကျင့်ကို ကျင့်ကြလေ။

(၁) **ဘာဘဲမြင်မြင်**၊ မြင်တိုင်းမြင်တိုင်း (မြင်သိ) ရုပ်နာမ်၊ မမြဲ ဆင်းရဲ အစိုးမရ ဒုက္ခသစ္စာ သမုဒယသစ္စာဟု ရှုလေ။

(၂) **ဘာဘဲကြားကြား**၊ ကြားတိုင်းကြားတိုင်း (ကြားသိ) ရုပ်နာမ်၊ မမြဲ ဆင်းရဲ အစိုးမရ ဒုက္ခသစ္စာ သမုဒယ သစ္စာဟု ရှုလေ။

(၃) **ဘာဘဲနံနံ**၊ နံတိုင်း မွှေးတိုင်း (နံသိ) ရုပ်နာမ်၊ မမြဲ ဆင်းရဲ အစိုးမရ ဒုက္ခသစ္စာ သမုဒယသစ္စာဟု ရှုလေ။

(၄) **ဘာဘဲစားစား**၊ စားတိုင်းစားတိုင်း (စားသိ) ရုပ်နာမ် မမြဲ ဆင်းရဲ အစိုးမရ ဒုက္ခသစ္စာ သမုဒယသစ္စာဟု ရှုလေ။

(၅) **ဘာဘဲထိထိ**၊ ထိတိုင်းထိတိုင်း (ထိသိ) ရုပ်နာမ်၊ မမြဲ ဆင်းရဲ အစိုးမရ ဒုက္ခသစ္စာ သမုဒယ သစ္စာဟု ရှုလေ။

(၆) **ဘာဘဲကြံကြံ၊ ကြံတိုင်းကြံတိုင်း (ကြံသိ) ရုပ်နာမ်၊** မမြဲ ဆင်းရဲ အစိုးမရ ဒုက္ခသစ္စာ သမုဒယသစ္စာဟု ရှုလေ။

(ဒါမှ မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်**အစစ်ဟုမှတ်**)

ဤလိုဤပုံ တဏှာပယ်သော မဂ်အကျင့်ကြောင့်၊ အဆိုပါ မမြဲ ဆင်းရဲ အစိုးမရတဲ့ မြင်သိရုပ်နာမ် ခန္ဓာဟူသော ဒုက္ခသစ္စာ၊ ရှေးဖြစ်သော တဏှာဟူသော သမုဒယသစ္စာ၊ ထိုဒုက္ခ သမုဒယသစ္စာ နှစ်ပါးတို့၏ တဘာန် အသစ်မဖြစ်ရာ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မတွေမဝေ တဲ့တဲ့ မြင်သိတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရအောင် ရောက်အောင် အားထုတ်ရမည်ဟု သိလေ မှတ်လေ။

ဤ၌ ရုပ်နာမ် သင်္ခါရတို့၏ ချုပ်ငြိမ်းရာကား နိဗ္ဗာန် အာရုံတည်း။ ၎င်းကို တဲ့တဲ့ မြင်သိသည်ကား မဂ်ဉာဏ် တည်း။ ငြိမ်းအေးသည်ဟု အာရုံပြုသည်ကား ဖိုလ်ဉာဏ် တည်း။ မဂ်ဉာဏ်ဖြစ်ဆဲ မဂ်သို့ဝင်၊ ဖိုလ်ဉာဏ်ဖြစ်ဆဲ ဖိုလ်သို့ ဝင်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ဆဲ နိဗ္ဗာန်ကိုမြင်။ သို့မှပင် အပါယ်လွတ်တရားရ သောတာပန်စသော အရိယာများ ဖြစ်နိုင်ကြပေမည်။

**ဆောင်ပုဒ်**။ ။ဉာဏ်နားနှင့် တရားကိုနာ၊ ဉာဏ်မျက်စိနှင့် တရားကို ကိုယ်မှာရှာ၊ အလည်မပြတ်တဲ့ ပဋိစ္စ သမုပ္ပါဒ် ဒုက္ခသစ္စာ၊ ခန္ဓာကိုယ်အတွင်း မှာ ထင်လင်းသိရမှာ။ ။

ဤဆောင်ပုဒ်အတိုင်း တရားနာတဲ့ခါ ဘယ်လို အကြောင်း ဘယ်လိုအရာကို ဟောနေတာလို့ အတတ်သိရအောင် အသံဓါတ်မှာ ဉာဏ်ကပ်၍ တရားကိုနာပါတဲ့၊ တရားရှာတဲ့ခါလဲ (တရားကို ကိုယ်မှာရှာ) ဆိုတဲ့အတိုင်း မိမိတို့ရဲ့ ခန္ဓာကိုယ်မှာဘဲ ဉာဏ်မျက်စိ ဝိပဿနာမျက်စိနှင့် ကြည့်၍ ရှာပါတဲ့။ ဤလို ဤပုံ ဉာဏ်နားနှင့် တရားကိုနာ၍ ဉာဏ်မျက်စိနှင့် တရားကိုရှာတဲ့ခါ သိကြား လိမ္မာတဲ့အရွယ်မှ သေနေ့သို့ကျအောင် တနေ့လုံး တလလုံး တနှစ်လုံး တသက်လုံးကြီးမှာ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော မြင်သိ ကြားသိ နံသိ စားသိ ထိသိ ကြံသိလေသမျှ တွေဟာ သူငါ သတ္တဝါတို့၏ မြင်သိမှု ကြားသိမှု နံသိမှု စားသိမှု ထိသိမှု ကြံသိမှုများ လုံးဝ မဟုတ်ကြဘဲ (ဝါ)မြင်သိမှု စသည်တို့မှာ သူမပါ ငါမရှိကြဘဲ....

၁။ မျက်စိပေါက်၌....မြင်သိရုပ်နာမ်၊ ဖြစ်ပျက်မစဲ၊ မမြဲ၊ ဆင်းရဲ၊ အစိုးမရ၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာဟု သိလေ။

၂။ နားပေါက်၌.... ကြားသိရုပ်နာမ်.... ။

၃။ နှာခေါင်းပေါက်၌.... နံသိရုပ်နာမ်.... ။

၄။ လျှာပေါက်၌.... စားသိရုပ်နာမ်.... ။

၅။ ကိုယ်ပေါက်၌.... ထိသိရုပ်နာမ်၊ .... ။

၆။ မနောပေါက်၌.... ကြံသိရုပ်နာမ်၊ ဖြစ်ပျက်မစဲ၊ မမြဲ၊ ဆင်းရဲ၊ အစိုးမရ၊ ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာဟု သိလေ။ ။

**တဘန်**၊ မြင်ဆဲခဏ အာရုံနှင့်တွေ့တာက ဖဿ၊ ခံစားတာက ဝေဒနာ၊ မှတ်သားတာက သညာ၊ စေ့ဆော်တာက စေတနာ၊ သိတာက ဝိညာဏ်။ အမှန်မှာ မြင်ဆဲခဏ၌ (ဖဿ - ဝေဒနာ - သညာ - စေတနာ - ဝိညာဏ်) ဆိုတဲ့ ဖဿပဉ္စက) တရားငါးပါးတို့သာ ဖြစ်ပျက်နေကြသည်ဟု သိ။ မြင်သိနေတဲ့ အထဲမှာ သူမပါ ငါမရှိ၊ ဖဿပဉ္စက တရားငါးပါးတို့၏ မြင်သိမှုဟူ၍သာ လက်သယ်အစစ်ကို တွေ့အောင်ရှာကြပါလေ။ (ကျန်ကြားသိစသည်တို့၌လည်း နည်းတူသိကြပါလေ)

**တဘန်**၊ မြင်ဆဲခဏ၌ မြင်တာက ဝိညာဏက္ခန္ဓာ၊ မြင်လို့ကောင်း မကောင်းက ဝေဒနက္ခန္ဓာ၊ မြင်တယ်မှတ်တာက သညက္ခန္ဓာ၊ မြင်ရအောင် အားထုတ်တာက သင်္ခါရက္ခန္ဓာ၊ ထိုနာမ်ခန္ဓာ လေးပါးတို့၏ မှီရာ စက္ခု ဝတ္ထုရုပ်က ရူပက္ခန္ဓာ။ မြင်နေတဲ့ အထဲမှာ သူမပါ ငါမရှိ၊ သူငါဟူက မြူမျှရှာမရ။ အဆိုပါခန္ဓာငါးပါးတို့၏ မြင်သိမှုဟူ၍သာ လက်သယ်အစစ်ကို တွေ့အောင် ရှာတတ်ပါစေ။

ကျန် - ကြားသိစသည်တို့၌ထည်း နည်းတူသိကြပါလေ။ ။

............o............

## ရုပ် နာမ် သကြန်

ဤကမ္မဋ္ဌာန်းကျမ်းစာကို ရေးနေတဲ့အခါကား၊ ၁၃၂၄ - ခုနှစ်ဟောင်းမှ ၁၃၂၅ - ခုနှစ်သစ်သို့ ကူးပြောင်းနေတဲ့ သကြန်အခါတွင်းနှင့် ကြုံကြိုက် တိုက်ဆိုင်လျှက် ဖြစ်နေပေသည်။

ထို့ကြောင့် ရုပ်နာမ်သကြ်န်ကျကို နောက်ဆက်တွဲအနေဖြင့် ထည့်ပေးလိုက်ပါသည်။

သကြ်န်ဆိုသည်ကား ပါဠိလို သင်္ကန္တ၊ သကဋလို သင်္ကြန္တ ဖြစ်ပေရာ ထိုသင်္ကန္တ၊ သင်္ကြန္တ၏ အနက် အဓိပ္ပါယ်ကတော့ ကူးပြောင်းခြင်း၊ ပြောင်းကူးခြင်း၊ ပြောင်းရွှေ့ခြင်း ဆိုတဲ့ အနက် အဓိပ္ပါယ်ကို ရရှိပါတယ်။

ဘယ်လို ကူးပြောင်းပါသလဲ ဆိုတဲ့ အမေး၌ လွန်ခဲ့တဲ့ ၂၄ - ခု နှစ်ဆန်းတရက်နေ့မှစ၍ စက္ကန့်မှ မိနစ်သို့၊ မိနစ်မှ နာရီသို့၊ နာရီမှ ရက်သို့၊ ရက်မှ လသို့၊ လမှ နှစ်သို့ ကူးပြောင်း ကူးပြောင်းလာခဲ့ရာ ရက်ပေါင်း (၃၆၀)၊တနည်း (၃၆၅)ရက်၊ လေးပိုင်းတပိုင်းပြည့်၍ တနှစ် တင်းတင်း ပြည့်တဲ့ခါ ၂၄ - ခု နှစ်ဟောင်းမှ ၂၅ - ခု နှစ်သစ်သို့၊ (ဝါ)မိန်ရာသီဟောင်းမှ မိဿရာသီသစ်သို့ တဘန် ကူးပြောင်း၊ ပြောင်းကူး၊ ပြောင်း ရွှေ့သည်ကိုပင် သကြ်န်ကျသည်ဟု ဆိုရလေသည်။

ဤသကြ်န်ကား တနှစ်မှ တကြိမ်သာ ကျတဲ့သကြ်န် ဖြစ်ပါသည်။ဤလို တနှစ်မှတကြိမ်၊ တနှစ်မှတကြိမ် ကူးပြောင်း နေတဲ့ ပြင်ပသကြ်န်၊ ဓမ္မတာသကြ်န်၊ ရိုးရာ သကြ်န်လောက် ကိုသာ သိရှိနေရုံမျှနှင့်တော့ ဘုရားအလိုတော်ကျ ဗုဒ္ဓဘာသာ လူမျိုးတို့၏ အသိဉာဏ် အဆင့်အတန်းသို့ အမှီမလှမ်း အမှီ မလိုက်နိုင်ကြသေးပေ။

ဘယ်လိုမှ ဘုရားအလိုတော်ကျ ဗုဒ္ဓသာသာလူမျိုးတို့၏ အသိဉာဏ် အဆင့်အတန်းသို့ အမှီလိုက်နိုင်ပါသနည်းဆိုတဲ့ အမေး၌ မိမိတို့သည် ပြုအပ်သော ကံအားလျော်စွာ ဖြစ်ရာ ဖြစ်ရာဘုံဘဝတို့မှာ ပဋိသန္ဓေ စွဲနေသော အချိန်ကာလမှစ၍ ကလလ ရေကြည်ခေါ်သော ရုပ်တရား၊ပဋိသန္ဓေစိတ်ခေါ်သော နာမ်တရား၊ ဤရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး တရားတို့သည် မရှေးမနှောင်း တပြိုင်နက် တချက်ထဲလိုပင် ဖြစ်ပေါ်လာ ကြရာ ဥပါဒ် - ဠီ - ဘင်၊ (ဝါ)ဖြစ် - ရင့် - ပျက်၊ (ဝါ)ဖြစ်ချေ- ရင့်ချေ - ပျက်ချေ၊ (ဝါ)ဖြစ်လိုက် - ရင့်လိုက် - ပျက်လိုက်နှင့် ထပ်ကာထပ်ကာ စပ်ကာစပ်ကာ မပြတ်မစဲ ထပ်တလဲလဲ ရုပ်ဟောင်းရုပ်သစ်၊ နာမ်ဟောင်း နာမ်သစ်၊ ရုပ်ဟောင်း နာမ် ဟောင်းမှ ရုပ်သစ်နာမ်သစ်သို့(**အဝိစိ မနု သမ္ဗန္ဓော နဒီသောတောဝ ဝတ္တတိ**)နှင့်အညီ၊ မလစ်မလပ် အစဉ်စပ်၍ မြစ်ရေ ယဉ်ပမာ ပဋိသန္ဓေမှ စုတိသို့၊ စုတိမှ ပဋိသန္ဓေသို့ "ကရွတ် ကင်းလျှောက် တဒေါက်ပတ်ပတ်"နိဗ္ဗာန်ရတဲ့ ဘဝတိုင်အောင် အဆုံးမသတ် မနားမရပ်နိုင်ကြဘဲ အမြဲတစေ မိမိတို့ ခန္ဓာ အတွင်းသားထဲမှာ ရုပ်ဟောင်း ရုပ်သစ် နာမ်ဟောင်း နာမ်သစ် မရေမတွက်နိုင်အောင် ကူးပြောင်း ပြောင်းကူး ပြောင်းရွှေ့ နေကြတဲ့ ရုပ်နာမ်သင်္ခါရတွေကို ပညာမျက်စိ ဉာဏ်မျက်စိ ဝိပဿနာ မျက်စိနှင့် တဲ့တဲ့ ကြီး သိမြင်နိုင်ကြ၍ ဘုရား အလို တော်ကျ ကိုယ်တွင်းသင်္ခါရ ကျတတ်ကြမှသာ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့် ဖြစ်ပေါ်နိုင်ကြမည်။ သို့မှသာ ဗုဒ္ဓဘာသာလူမျိုးတို့၏ အသိဉာဏ်အဆင့်အတန်းသို့ အမှီလှမ်း အမှီလိုက်နိုင်ကြ၍၊ ဖြစ် - ပျက် - မွေး - သေ ဆိုတဲ့ သံသရာ

ဝင်ရှုကလွတ်၍ မွေးသေလွတ်တဲ့နိဗ္ဗာန်သို့ ရောက်နိုင်ကြပေမည်။

**တဘာန်** - လျောင်း, ထိုင်, ရပ်, သွား, ဣရိယာပုထ်လေးပါးတို့၌၊

(၁) **သွားတဲ့ခါ**၊ သွားလို သွားချင်နေတဲ့ (နာမ်)နှင့်၊ သွား,သွားနေတဲ့ (ရုပ်)၊ ဤနာမ်ရုပ်တွေဟာ သွားတိုင်း သွားတိုင်းတို့မှာ နာမ်သစ်ပြောင်း နာမ်ဟောင်းပျက်၊ ရုပ်သစ်ပြောင်း ရုပ်ဟောင်းပျက်၊ မရေမတွက်နိုင်အောင် ကူးပြောင်း ကူးပြောင်းနေကြတဲ့၊ သွားဆဲမှာ ကျ,ကျ နေကြတဲ့ ရုပ်နာမ် သကြ်န်ကျတို့ကို သိမြင်ကြပါစေ။

(၂) **ရပ်တဲ့ခါ**၊ ရပ်လို ရပ်ချင်နေတဲ့ (နာမ်)နှင့်၊ ရပ်,ရပ်နေတဲ့ (ရုပ်)၊ဤနာမ်ရုပ်တွေဟာ ရပ်တိုင်းရပ်တိုင်းတို့မှာ နာမ်သစ်ပြောင်း နာမ်ဟောင်းပျက်၊ ရုပ်သစ်ပြောင်း ရုပ်ဟောင်းပျက်၊ မရေမတွက်နိုင်အောင် ကူးပြောင်း ကူးပြောင်းနေကြတဲ့ ရပ်ဆဲမှာ ကျ,ကျ နေကြတဲ့ ရုပ်နာမ် သကြ်န်ကျတို့ကို သိမြင်ကြပါစေ။ ။

(၃) **ထိုင်တဲ့ခါ**၊ ထိုင်လို ထိုင်ချင်နေတဲ့ (နာမ်)နှင့်၊ ထိုင်ထိုင်နေတဲ့(ရုပ်)၊ ဤနာမ်ရုပ်တွေဟာ ထိုင်တိုင်းထိုင်တိုင်းတို့မှာ နာမ်သစ်ပြောင်း နာမ်ဟောင်းပျက်၊

ရုပ်သစ်ပြောင်း ရုပ်ဟောင်းပျက်၊ မရေမတွက်နိုင်အောင် ကူးပြောင်း ကူးပြောင်းနေကြတဲ့၊ ထိုင်ဆဲမှာ ကျ,ကျနေကြတဲ့ ရုပ်နာမ် သင်္ကြန်ကျကို သိမြင်ကြပါစေ။

(၄) **လျောင်းတဲ့ခါ၊** လျောင်းလို လျောင်းချင်နေတဲ့ (နာမ်)နှင့်၊ လျောင်းအိပ်နေတဲ့ (ရုပ်) တွေဟာ လျောင်းအိပ်တိုင်း လျောင်းအိပ်တိုင်းတို့မှာ နာမ်သစ်ပြောင်း နာမ်ဟောင်းပျက်၊ ရုပ်သစ်ပြောင်း ရုပ်ဟောင်းပျက်၊ မရေမတွက်နိုင်အောင် ကူးပြောင်း ကူးပြောင်းနေကြတဲ့၊ လျောင်းအိပ်ဆဲမှာ ကျ,ကျနေကြတဲ့ ရုပ်နာမ် သင်္ကြန်ကျတို့ကို သိမြင်ကြပါစေ။

(**မှာထားချက်**) စားတဲ့ခါ သောက်တဲ့ခါ ကွေးတဲ့ခါ ဆန့်တဲ့ခါ ကုန်းတဲ့ခါ ကွတဲ့ခါ စသည်တို့၌လည်း အထက်ဣရိယာပုထ်နည်းကို မှီ၍ သိရှိကြပါလေ။

........................

## ဆောင်ပုဒ်များ

(၁) **သွားဆဲခဏ၊** ရုပ်ကသွားတာ။ သွားလိုသည်ကား၊ နာမ်အားမှတ်ပါ။ ရုပ်နာမ်သာသွား၊ သိထားမှန်စွာ။ ရုပ်နာမ်ပျက်၊ ဆက် ဆက် သွားနေတာ။ ။ (သွားနေတဲ့အထဲမှာ သူမပါငါမရှိ၊ နာမ်ရုပ်သာ သွားသည်ဟု သိ။)

(၂) **ရပ်ဆဲခဏ၊** ရုပ်ကရပ်တာ။ ရပ်လိုသည်ကား၊ နာမ်အားမှတ်ပါ။ ရုပ်နာမ်သာရပ်၊ သိမှတ်မှန်ရာ။ ရုပ်နာမ်ပျက်၊ ဆက် ဆက် ရပ်နေတာ။ ။
(ရပ်နေတဲ့အထဲမှာ သူမပါ ငါမရှိ၊ နာမ်ရုပ်သာ ရပ်သည်ဟု သိ။)

(၃) **ထိုင်ဆဲခဏ၊** ရုပ်ကထိုင်တာ။ ထိုင်လိုသည်ကား၊ နာမ်အားမှတ်ပါ။ ရုပ်နာမ်သာဟု၊ သိမှုပိုင်စွာ။ ရုပ်နာမ်ပျက်၊ ဆက် ဆက် ထိုင်နေတာ။ ။
(ထိုင်နေတဲ့အထဲမှာ သူမပါ ငါမရှိ၊ ရုပ်နာမ်သာ ထိုင်သည်ဟု သိ။)

(၄) **လျောင်းဆဲခဏ၊** ရုပ်ကလျောင်းတာ။ လျောင်းလိုသည်ကား၊ နာမ်အားမှတ်ပါ။ရုပ်နာမ်သာလျောင်း၊ သိညောင်းလေပါ။ ရုပ်နာမ်ပျက်၊ ဆက် ဆက် လျောင်းနေတာ။ ။

(လျောင်းအိပ်နေတဲ့အထဲမှာ သူမပါ ငါမရှိ၊ နာမ်ရုပ်သာ လျောင်းအိပ်သည်ဟု သိ။)

.................................

(၁) **သွားတဲ့ခါ၊** သွားလိုတဲ့စိတ်ကြောင့်ဖြစ်သော တလှမ်းချင်း တလှမ်းချင်း သွားနေတဲ့သဘော၊ ဝါယောမဟာ ဘုတ်၊ရုပ်၊ အနိစ္စကို မြင်အောင်ကြည့်၍သွား။

(၂) **ရပ်တဲ့ခါ၊** ရပ်လိုတဲ့ စိတ်ကြောင့်ဖြစ်သော မတ်မတ်ကြီး ရပ်နေတဲ့သဘော၊ ဝါယောမဟာဘုတ်၊ ရုပ်၊ အနိစ္စကို မြင်အောင်ကြည့်၍ရပ်။

(၃) **ထိုင်တဲ့ခါ၊** ထိုင်လိုတဲ့စိတ်ကြောင့်ဖြစ်သော အောက်ပိုင်းကိုခွေ အထက်ပိုင်းကို ထောင်ထားတဲ့သဘော၊ ဝါယောမဟာဘုတ်၊ ရုပ်၊ အနိစ္စကို မြင်အောင်ကြည့်၍ထိုင်။

(၄) **လျောင်းအိပ်နေတဲ့ခါ၊** လျောင်းအိပ်လိုတဲ့ စိတ်ကြောင့်ဖြစ်သော မိမိခန္ဓာကိုယ်ကြီးကို အိပ်ရာပေါ်မှာ ဖြန့်ခင်းထားတဲ့သဘော၊ ဝါယောမဟာဘုတ်၊ ရုပ်၊ အနိစ္စကို မြင်အောင်ကြည့်၍ လျောင်း။

**(မှတ်ထားချက်)** ရုပ်အနိစ္စကိုမြင်လျှင် ရုပ်ဒုက္ခ ရုပ်အနတ္တတို့ကိုလည်း မြင်ရမည်ဟု သိလေ။

၁။ သွားဆဲခဏ၊ ရုပ်နာမ်မျှရှိ၊ ငါမရှိ၊ သိလျှင်ဒိဋ္ဌိကွာ။
၂။ ရပ်ဆဲခဏ၊ ရုပ်နာမ်မျှရှိ၊ ငါမရှိ၊ သိလျှင်ဒိဋ္ဌိကွာ။
၃။ ထိုင်ဆဲခဏ၊ ရုပ်နာမ်မျှရှိ၊ ငါမရှိ၊ သိလျှင်ဒိဋ္ဌိကွာ။
၄။ လျောင်းဆဲခဏ၊ ရုပ်နာမ်မျှရှိ၊ ငါမရှိ၊သိလျှင်ဒိဋ္ဌိကွာ။

( ဒိဋ္ဌိကွာစင်၊ ပါယ်လေးခွင်၊ ပိတ်လျှင်တံခါးသာ။ )

... ... ... ... ... ... ... ... ....

## ဆောင်ပုဒ်များ

(၁) မြင်ဆဲခဏ၊ မြင်သိကြတာ။ ရုပ်နာမ်မှတ်သား၊ မမှားလေပါ။ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ။ ရုပ်နာမ်ပျက်၊ ဆက် ဆက် မြင်သိတာ။ ။
(မြင်တဲ့အထဲမှာ သူမပါ ငါမရှိ၊ ရုပ်နာမ် နှစ်ပါးသာ မြင်သိ။)

(၂) ကြားဆဲခဏ၊ ကြားသိကြတာ။ ရုပ်နာမ်မှတ်သား၊ မမှားလေပါ။ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ။ ရုပ်နာမ်ပျက်၊ ဆက် ဆက် ကြားသိတာ။ ။
(ကြားတဲ့အထဲမှာ သူမပါ ငါမရှိ၊နာမ်ရုပ်နှစ်ပါးသာ ကြားသိ။)

(၃) နံဆဲခဏ၊ နံသိကြတာ။ ရုပ်နာမ်မှတ်သား၊ မမှား လေပါ။ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ။ ရုပ်နာမ်ပျက် ဆက် ဆက် နံသိတာ။ ။

(နံတဲ့အထဲမှာ သူမပါ ငါမရှိ၊ နာမ်ရုပ်နှစ်ပါးသာနံသိ။)

(၄) စားဆဲခဏ၊ စားသိကြတာ။ ရုပ်နာမ်မှတ်သား၊ မမှားလေပါ။ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ။ ရုပ်နာမ် ပျက်၊ ဆက် ဆက် စားသိတာ။ ။

(၅) ထိဆဲခဏ၊ **ထိ**သိကြတာ။ ရုပ်နာမ်မှတ်သား၊ မမှား လေပါ။ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ။ ရုပ်နာမ်ပျက်၊ ဆက် ဆက် ထိသိတာ။ ။

(ထိတ်တဲ့အထဲမှာ သူမပါငါမရှိ၊ ရုပ်နာမ်နှစ်ပါးသာ ထိသိ။)

(၆) ကြုံဆဲခဏ၊ ကြုံသိကြတာ။ ရုပ်နာမ်မှတ်သား၊ မမှားလေပါ။ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ။ ရုပ်နာမ် ပျက်၊ ဆက် ဆက် ကြုံသိတာ။ ။
(ကြုံတဲ့အထဲမှာ သူမပါငါမရှိ၊ ရုပ်နာမ်နှစ်ပါးသာ ကြုံသိ။)

.................................

## အလိုနှင့်အလုပ် နာမ်နှင့်ရုပ်။

## သတိ-အသိ၊ အလို အလုပ်၊ နာမ်နှင့်ရုပ်။

(၇) အလိုသမား နာမ်တရား၊ အလုပ်သမား ရုပ်တရား၊ အလိုနှင့်အလုပ် နာမ်နှင့်ရုပ်၊ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်၊ အနိစ္စ - ဒုက္ခ - အနတ္တအစစ်၊ ဒုက္ခ သစ္စာနှင့် သမုဒယသစ္စာသာ ဖြစ်၏ဟု သိလေ မှတ်လေ။

(၈) ကောင်းကောင်းဆိုးဆိုး အလို အမျိုးမျိုးတို့ကား စိတ်စေတသိက်တို့ ဖြစ်ကြ၍ နာမ်တရား၊ ကောင်း ကောင်း ဆိုးဆိုး အလုပ်အမျိုးမျိုးတို့ကား စိတ် ကြောင့်ဖြစ်တဲ့ ဝါယောဓါတ်၊ ကာယဝိညတ် - ဝစီ ဝိညတ်ဖြစ်၍ ရုပ်တရား။

(၉) ကောင်းတဲ့အလိုက ကုသိုလ်နာမ်၊ မကောင်းတဲ့ အလိုက အကုသိုလ်နာမ်၊ ကောင်းတဲ့အလုပ်က ကုသိုလ်အလုပ်၊ မကောင်းတဲ့အလုပ်က အကုသိုလ် အလုပ် ရုပ်တရား။

(၁၀) ကြိုးဆွဲသမားနှင့် နာမ်တရားတူ၊ ကြိုးဆွဲရုပ်နှင့် ရုပ်တရားတူ၊ ကြိုးနှင့်ဝါယောတူ၊ မှတ်လော့ ယောဂီဖြူ။

(၁၁) ခန္ဓာကိုယ်လှုပ်၊ ဝါယောဆွဲငင်၊ နွားအသွင်၊ မောင်း နှင်စိတ်ဓါတ်၊ ပမာဟပ်၊ သိမှတ် မြတ်ယောဂီ။

(၁၂) တခုသောဘဝ ပဋိသန္ဓေမှ စုတိကျအောင် ရုပ်နာမ် ဖြစ်ပျက် အဆက်ဆက် အဟောင်းအသစ် မရေ တွက်နိုင်အောင် ကူးပြောင်း ကူးပြောင်းကာ ပြောင်းရွှေ့နေကြတဲ့ ရုပ်နာမ်သကြန်ကို သိမြင် ပါစေ။

(၁၃) နေထွက်နေဝင် တနေ့လုံး တညလုံး ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက် အဟောင်းအသစ် မရေမတွက် နိုင်အောင် ကူးပြောင်း ကူးပြောင်း နေကြတဲ့ ရုပ် နာမ် သကြန်ကို မြင်သိပါစေ။

(၁၄) ဘာမဆို တနေ့လုံး တညလုံး တလလုံး တနှစ်လုံး တသက်လုံးတသံသရာလုံးအလိုသမား (နာမ်) တရား အလုပ်သမား (ရုပ်) တရား၊ အလိုနှင့်အလုပ်၊ နာမ်

နှင့်ရုပ်၊ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်၊ ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရောမယှက်၊ အနိစ္စ ဒုက္ခ အနတ္တ အသုဘအစစ်၊ ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာသာ ဖြစ်၏ဟု အသိမှန်သိ အမြင်မှန်မြင်၍ အယူမှန်ကို ယူနိုင်ကြပါစေသတည်း။

(**မှတ်ချက်**) တစုံတရာကို သတိရလာတယ်၊ သတိရလာတော့ ဘာလုပ်ရမယ် ဆိုတာကို သိလာတယ်၊ သိတော့ အလိုဖြစ်လာတယ်၊ အလိုရှိတဲ့အတိုင်း အလုပ် လုပ်ကြတယ်၊ အဲဒါ သတိ,အသိ,အလို,အလုပ်ဘဲ။

ဤ၌ သတိ အသိ အလိုကား (နာမ်) တရား၊ အလုပ်ကား(ရုပ်)တရား၊ ရုပ်နာမ်နှစ်ပါး၊ ဖြစ်ပျက် တရား၊ မမြဲ၊ ဆင်းရဲ၊အစိုးမရတဲ့ အနိစ္စ,ဒုက္ခ,အနတ္တ, လက္ခဏာရေး သုံးပါး ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ သာ ဖြစ်၏ဟု သိလေ။

## အထူးရှင်းလင်းချက်

သတ္တဝါ သူငါတို့၏ လက်ရှိခန္ဓာသည် သာသနာပ အညတိတ္ထိယတို့သည် ကြံဆ၍ ဟောပြောကြသော ပြုလုပ်တတ်သော ကာရက အတ္တလည်းမဟုတ်၊ ခံစားတတ်သော ဝေဒက အတ္တလည်းမဟုတ်၊ မိမိအလိုသို့ လိုက်စေတတ်သော သယံဝသီ အတ္တလည်းမဟုတ် အိမ်ပိုင်ရှင်သဘွယ် နိဝါသီ အတ္တ လည်းမဟုတ်၊ အရှင်သခင်သဘွယ် သာမိအတ္တမျိုးလည်း

မဟုတ်၊ အဟုတ်အမှန်မှာ ဤခန္ဓာကို ဘာတခုမှ အစိုးမရ အလိုသို့မလိုက် အကြိုက်သို့မပါ အနှစ်အသားမရှိ ပုဂ္ဂိုလ် သတ္တဝါတို့မှ မရှိလုံးလုံး ဆိတ်သုဉ်းနေတဲ့ သုညအနတ္တ ဟူ၍သာ တထစ်ချ သိလေမှတ်လေ။ ဤခန္ဓာသည် ငါထင်တဲ့ အတ္တ မဟုတ်၊ ဘုရားဟောတဲ့ သုည အနတ္တလို့ အမှန်သိလိုလျှင် ခန္ဓာ အတွင်းသို့ ဝိပဿနာဉာဏ်သွင်း၍ ကြည့်လေ။အစမှ ဘော်ပြ ခဲ့သော ကောဋ္ဌာသပုံစံ၊ ဓါတ်ကြီးလေးပါး၊ ဓါတ်ကြီးခြောက် ပါး၊ ဓါတ်ကြီး ၄၂-ပါးပုံတို့၌လည်း ကြည့်ရှုလေ၊ ဤသို့ရှုပုံ ဤခန္ဓာကို အနတ္တထင်မှ အတ္တစင်၍ မဂ်ဝင်နိုင်မည်ကို သိလေ....။

.....................

## တသက်လုံး သရဏဂုံ တည်ပါစေ

ဗုဒ္ဓဘာသာ ပြီးသစေရန် ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်စေရန် ရခဲတဲ့ လူ့ဘဝ ကြုံခဲတဲ့သာသနာတော်နှင့် ကြုံတွေ့ ရမှသာ ကျင့်သုံးရတဲ့ သရဏဂုံအကျင့်ကို တဘဝတခါ ကျင့်သုံး ကြရပါလျှင် နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိသည်ကို သိရှိကြ ပြီးလျှင် သေတဲ့နေ့ကို အဆုံးထား၍ တသက်လုံး ကျင့်သုံး ကြပါလေ....။

## သရဏဂုံ အကျိုးပြ

(၁)ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊န တေ ဂမိဿန္တိ အပါယံ၊
ပဟာယ မာနုသံ ဒေဟံ၊ဒေဝကာယံ ပရိပူရေဿန္တိ။
ထို့အတူ ဓမ္မံ သရဏံ၊ သံဃံ သရဏံဟု ဆိုလေ။ ။

ယေကေစိ၊ ခင်္သိမ်းကုန်သော သူတို့သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရာ ကို။ ဓမ္မံ၊ တရားတော်ကို။ သံဃံ၊ သံဃာတော်ကို။ သရဏံ၊ အပါယ်ဘေးကြီးကို တားဆီးပေတတ် နတ်ရွာသုဂတိနှင့်တကွ နိဗ္ဗာန်သို့ ပို့ဆောင်ပေတတ် ကောင်းမြတ်သော ကိုးကွယ်ရာဟူ၍။ ဂတာသေ၊ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကြကုန်၏။ တေ၊ ထိုသူတို့သည်။ အပါယံ၊ အပါယ်လေးပါးသို့။ နဂမိဿန္တိ၊ မလားမရောက်ကြကုန်လတ္တံ့။ မာနုသံ၊ လူ၌ဖြစ်သော။ ဒေဟံ၊ ခန္ဓာကိုယ် အတ္တဘောကို။ ပဟာယ၊ ပယ်စွန့်၍။ ဒေဝကာယံ၊ နတ်တို့၏ ခန္ဓာကိုယ် အတ္တဘောကို။ ပရိပူရေဿန္တိ၊ ပြည့်စုံရကုန်လတ္တံ့သတည်း။ပရိယောသာနေစ၊အဆုံးဘ၀ နောင်ကာလ၌လည်း။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့ ဇာတ်သိမ်းရာမှန် ပြည်နိဗ္ဗာန်သို့။ ပါပုဏိဿန္တိ၊ မုချမသွေ ရောက်ရပေကုန်လတ္တံ့သာတည်း။ ။

သရဏဂမန မထေရ်ဝတ္ထု

(၂) အပရိ မေ ယျိတော ကပ္ပေ၊ သရဏံ ဗုဒ္ဓဿ ဂစ္ဆာဟံ၊
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ သရဏံ ဂမနေ ဖလံ။ ။

အဟံ၊ ငါသည်။ ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ အပရိမေယျေ၊ မရေတွက် မပိုင်းခြားနိုင်သော။ ကပ္ပေ၊ ကိုးဆယ့်တစ်ကမ္ဘာထက်၌။ အနောမ ဒဿိကာလေ၊ အနောမ ဒဿီ မြတ်စွာဘုရား ပွင့်တော်မူသော ကာလ၌။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။သရဏံ၊ ကိုးကွယ်ဆည်းကပ်ခြင်းသို့။ ဂစ္ဆံ၊ ရောက်ခဲ့

ဘူးလေပြီ။ တတော၊ ထိုဘဝမှ။ ပဋ္ဌာယ၊ စ၍။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိဘုံဘဝသို့။ နာဘိဇာနာမိ၊ လားရောက်၏ဟု မသိရဘူးပေ။ ဣဒံ ဖလံ၊ ဤကိုးဆယ့်တစ် ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ တခါမှ မကျမရောက်ရဘဲ သိကြားမင်းအဖြစ် အကြိမ် (၇၀)၊ စကြာမင်းအဖြစ်(၇၅) ကြိမ်၊ ပဒေသရာဇ်ဧကရာဇ်မင်းအဖြစ် မရေမတွက်နိုင်အောင် ရရှိခံစားရခြင်းသည်ကား။ သရဏာဂမနေ၊ သရဏဂုံသုံးပါးကို ကျင့်သုံးဆောက်တည် ရခြင်း၏။ ဖလံ၊ နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိသော အကျိုးအာနိသကြီး ပါပေတည်း။ ။

## ပဥ္စသီလ မထေရ်ဝတ္ထု

(၃) အပရိမေယျေ့ ကပ္ပေ၊ ပဥ္စသီလာနိ ဂေါပယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပဥ္စသီလာ ယိဒံ ဖလံ ။ ။

အဟံ၊ ငါသည်။ ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ အပရိမေယျေ၊ မရေတွက်မပိုင်းခြားနိုင်သော။ကပ္ပေ၊ ကိုးဆယ့်တစ်ကမ္ဘာထက်၌။ အနောမဒဿိကာလေ၊ အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူသော ကာလ၌။ ပဥ္စသီလာနိ၊ ငါးပါးသီလတို့ကို။ ဂေါပယိံ၊တသက်လုံး အသက်ထက်ဆုံး လုံခြုံအောင်စောင့်ရှောက်ခဲ့ဘူးလေပြီ။ တတော၊ ထိုဘဝမှ။ ပဋ္ဌာယ၊ စ၍။ ဒုဂ္ဂတိံ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် လေးပါးသော အပါယ်သို့။ နာဘိဇာနာမိ၊ လားရောက်၏ဟု မသိရဘူးပေ။ ဣဒံ ဖလံ၊ ဤကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်လေးပါး မလားရဘဲ သိကြားမင်းအဖြစ် အကြိမ်(၃၀)၊

စကြာမင်းအဖြစ်(၇၅)ကြိမ်၊ ပဒေသရာဇ် ကေရာဇ်မင်းအဖြစ် သည်ကား မရေမတွက်နိုင်အောင် ရရှိခံစားရသော အကျိုး သည်ကား။ ပဥ္စသီလာနိယာ၊ ငါးပါးသီလကို ခါးဝတ်ပုဆိုး ခါးဝတ်ထဘီကဲ့သို့ အသက်ထက်ဆုံး စွဲမြဲစွာ ကျင့်သုံးခဲ့ရသော အကျိုးပေတည်း။ ။

(မှာထားချက်)အထက်အဆိုပါ နိဗ္ဗာန်ဆုံးထိ ကောင်းကျိုး ရှိသော သရဏဂုံအကျိုး၊ ငါးပါးသီလ အကျိုးအာနိသတ်ကို သိရှိကြပြီးလျှင် နေ့စဉ်မပြတ် အသက်ထက်ဆုံး မနက်ပြန် ညပြန် ခါးဝတ်ပုဆိုး ခါးဝတ်ထဘီကဲ့သို့ စွဲမြဲစွာ ကျင့်သုံး နိုင်ကြပါစေသောဝ်။ ။

.........................................

## ဆောင်ပုဒ်များ

သရဏဂုံသုံးပါးနှင့် ငါးပါးသီလကိုကွယ်၊ ခါးဝတ်ပုဆိုး ခါးဝတ်ထဘီကဲ့သို့ မြဲစွဲကြရမယ်၊ အဲဒါမှလဲ ဗုဒ္ဓဘာသာ မှန်တယ်၊ နောက်အခါဝယ်၊ ကြောက်စရာမတွယ်၊ အပါယ် ဝေး၍ မဂ်ဖိုလ်ရရေး အမှန်တကယ်။ ။

**ဒါနတော ဘောဂဝါ၊ သီလတော သုခိတာ၊ ဘာဝနာတော နိဗ္ဗုတာ** နှင့်အညီ....

ဒါနကိုလဲပြုရမယ်၊ သီလကိုလဲ စုရမယ်၊ ဘာဝနာကိုလဲ ရှုရမယ်၊ အဲဒါမှလဲ ဗုဒ္ဓဘာသာမှန်တယ်၊ နောက်အခါဝယ်၊ ကြောက်စရာမတွယ်၊ အပါယ်ဝေး၍ မဂ်ဖိုလ်ရရေး အမှန် တကယ်။ ။

## အန္တရာယ်ကင်း မေတ္တာပို့ ဝတ်အသင်းများ ရွတ်ဆိုရန်

အပူတွင်တကျော အအေးတွင် မေတ္တာဆိုတဲ့အတိုင်း၊ ကမ္ဘာလောကရှိ သတ္တဝါ အားလုံးတို့အား ငြိမ်းချမ်းရေး ရစေခြင်းငှါ နှစ် ဦးမေတ္တာ ကဗျာ လက်ဆောင်ကောင်းများ။

(၁) သက်ရှိများစွာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၂) ဘုမ္မဒေဝါ၊ နတ်များစွာ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၃) ရုက္ခဒေဝါ၊ နတ်များစွာ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၄) အာကာသဋ္ဌာ၊ နတ်များစွာ၊ ချမ်းသာကြပါစေ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၅) မြို့ရွာများစွာ၊ လူတကာ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၆) မင်းစိုးရာဇာ၊ ပေါင်းများစွာ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၇) ရှေ့ရပ်မျက်နှာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၈) တောင်ရပ်မျက်နှာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၉) နောက်ရပ်မျက်နှာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၁၀) မြောက်ရပ်မျက်နှာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၁၁) အောက်ရပ်မျက်နှာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၁၂) ထက်ရပ်မျက်နှာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၁၃) လုံးစုံမျက်နှာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။
ချမ်းသာကိုယ်စိတ် မြဲပါစေ။ ။

(၁၄) မီးဘေး ရန်ဘေး၊ ခိုးသူဘေး၊ ကင်းဝေးကြပါစေ။

(၁၅) ဖျားဘေးနာဘေး၊ ရောဂါဘေး၊ ကင်းဝေးကြပါစေ။

(၁၆) ဗိုးဘေး အမြောက်ဘေး၊ အနဲ့မြူဘေး၊ (တကမ္ဘာလုံး)ကင်းဝေးကြပါစေ။ [၃ - ခါဆို]

(၁၇) ရှင်လူရဟန်း၊ ဘေးမသန်း၊ အေးချမ်းကြပါစေ။

(၁၈) ရန်သူမှန်သမျှ၊ဘေးမခ၊ အေးမြကြပါစေ။

(၁၉) ဘေးရန်ဟူသမျှ၊ ကင်းစင်ပ၊ အေးမြကြပါစေ။

## မေတ္တာအကျိုး ၁၁ - မျိုး ဆောင်ပုဒ်

မေတ္တာအကျိုး၊ ဆယ့်တစ်မျိုးကား၊ အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊ လူနတ်ချစ်၏၊ စောင့်လစ်ဒေဝါ၊ မီးမှာ မလောင်၊ လက်နက်ရှောင်နှင့်၊ ထို့နောင်ဆိပ်ကင်း၊ အပင်း မဝင်၊ ဆောလျင်တည်ကြည်၊ ဆင်းရေမျက်နှာ၊ ကြည်လင် ရာ၏၊ သေခါမသွေ၊ လေးထွေမဂ္ဂ၊ ခုဘဝဘဲ၊ မရလဲသော်၊ ထက်ပေါ်ပြဟ္မာ၊ လားရောက်ရာသည်၊ မေတ္တာဝေဖြန့် ကျိုးဆက်တည်း။

(ဆုတောင်း)

ဣဒံ မေ ပုညံ၊ အာသဝက္ခယံ၊ ဝဟံ ဟောတု။
(မိမိအတွက်)

ဣဒံ နော ပုညံ၊ အာသဝက္ခယံ၊ ဝဟံ ဟောတု။
(အများအတွက်)

### အမျှဝေ

ယနေ့ယခု၊ ငါတို့ပြုရ၊ ကုသလ၏၊ ဘာဂမချို့၊ကုသိုလ် ဘို့ကို၊ လုံးစုံများစွာ၊ သတ္တဝါအား၊ ရငြားပါစေ၊ အမျှဝေသည်၊ မသွေတူမျှ ရစေသော၀်။ ။

## နှစ် ဦးမေတ္တာ ကဗျာလက်ဆောင်

(၁) ခါတော်နှစ်ဦး၊ တာကူးမာသေ။
ဒို့အိမ်အားလုံး၊ သိမ်းကျုံးမသွေ။
ကာယစိတ္တာ၊ သုခထွေထွေ။
ရစေကြောင်း၊ သွန်းလောင်းမေတ္တာရေ။ ။

(၂) ခါတော်နှစ်ဦး၊ တာကူးမာသေ။
ဒို့ရွာအားလုံး၊ သိမ်းကျုံးမသွေ။
ကာယစိတ္တာ၊ သုခထွေထွေ။
ရစေကြောင်း၊ သွန်းလောင်းမေတ္တာရေ။ ။

(၃) ခါတော်နှစ်ဦး၊ တာကူးမာသေ။
ဒို့မြို့အားလုံး၊ သိမ်းကျုံးမသွေ။
ကာယစိတ္တာ၊ သုခထွေထွေ။
ရစေကြောင်း၊ သွန်းလောင်းမေတ္တာရေ။ ။

(၄) ခါတော်နှစ်ဦး၊ တာကူးမာသေ။
ဒို့နယ်အားလုံး၊ သိမ်းကျုံးမသွေ။
ကာယစိတ္တာ၊ သုခထွေထွေ။
ရစေကြောင်း၊ သွန်းလောင်းမေတ္တာရေ။ ။

(၅) ခါတော်နှစ်ဦး၊ တာကူးမာသေ။
ဒို့ခရိုင်အားလုံး၊ သိမ်းကျုံးမသွေ။
ကာယစိတ္တာ၊ သုခထွေထွေ။
ရစေကြောင်း၊ သွန်းလောင်းမေတ္တာရေ။ ။

(၆) ခါတော်နှစ်ဦး၊ တာကူးမာသေ။
ဒို့ပြည်အားလုံး၊ သိမ်းကျုံးမသွေ။

ကာယစိတ္တာ၊ သုခထွေထွေ။
ရစေကြောင်း၊ သွန်းလောင်းမေတ္တာရေ။ ။
(၇) ခါတော်နှစ်ဦး၊ တာကူးမာသေ။
ဒိုကျွန်းအားလုံး၊ သိမ်းကျုံးမသွေ။
ကာယစိတ္တာ၊ သုခထွေထွေ။
ရစေကြောင်း၊ သွန်းလောင်းမေတ္တာရေ။ ။
(၈) ခါတော်နှစ်ဦး၊ တာကူးမာသေ။
ဒိုလေးကျွန်းလုံး၊ သိမ်းကျုံးမသွေ။
ကာယစိတ္တာ၊ သုခထွေထွေ။
ရစေကြောင်း၊ သွန်းလောင်းမေတ္တာရေ။ ။
(၉) ခါတော်နှစ်ဦး၊ တာကူးမာသေ။
ဒိုစကြာဝဠာလုံး၊ သိမ်းကျုံးမသွေ။
ကာယစိတ္တာ၊ သုခထွေထွေ။
ရစေကြောင်း၊ သွန်းလောင်းမေတ္တာရေ။ ။
(၁၀) ခါတော်နှစ်ဦး၊ တာကူးမာသေ။
စကြာဝဠာအားလုံး၊ သိမ်းကျုံးမသွေ။
ကာယစိတ္တာ၊ သုခထွေထွေ။
ရစေကြောင်း၊ သွန်းလောင်းမေတ္တာရေ။ ။
(၁၁) ခါတော်နှစ်ဦး၊ တာကူးမာသေ။
သတ္တဝါအားလုံး၊ သိမ်းကျုံးမသွေ။
ကာယစိတ္တာ၊ သုခထွေထွေ။
ရစေကြောင်း၊ သွန်းလောင်းမေတ္တာရေ။ ။

**ပြီးပါပြီ**

# ခမ္ဗဒါန ကုသိုလ်ရှင်များ

| | ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ<br>ကျပ် ပြား |
|---|---|---|---|---|
| ၁။ | ဦးချွန် - ဒေါ်တုတ် | ဝန်းသို | ကားပိုင် | ၃၀ |
| ၂။ | ဦးတင်အောင် | ။ | သစ်စက်ပိုင် | ၃၀ |
| ၃။ | ဦးလှုလှ | ။ | ဆေးလိပ်ခုံပိုင် | ၂၅ |
| ၄။ | ဦးစိန် | ။ | ကားပိုင် | ၂၅ |
| ၅။ | ဦးစက်ဖန် | ။ | ကုန်သည်ကြီး | ၂၅ |
| ၆။ | ဦးမြမောင် | ။ | ဆန်စက်ပိုင် | ၂၀ |
| ၇။ | ဦးစက်မိ | ။ | ။ | ၁၀ |
| ၈။ | ဦးတာပျင်း - ဒေါ်စက်ကြင် | ။ | ကုန်သည် | ၁၀ |
| ၉။ | ကိုမောင်ကို | ။ | စာနယ်ဇင်း ကိုယ်စားလှယ် | ၁၅ |

| | | | |
|---|---|---|---|
| ၁၀။ ဒေါ်မြမေ | ။ | ကုန်သည် | ၅ |
| ၁၁။ ဦးကြွယ် | ။ | ။ | ၅ |
| ၁၂။ ဦးအောင်ခင် | ။ | ဆန်စက်ပိုင် | ၅ |
| ၁၃။ ဦးရီကြီး - ဒေါ်ထွေး | ။ | ကုန်သည် | ၅ |
| ၁၄။ ကိုကြည် | ။ | ။ | ၃ |
| ၁၅။ ဦးသန်းမောင် | ။ | ပန်းထိမ်ဆရာ | ၃ |
| ၁၆။ ဦးဘအုံး | ။ | ကုန်သည် | ၁ |
| ၁၇။ ဦးကံဆိုင် | ပင်လောင်ရွာ | တောင်သူ | ၅၀ |
| ၁၈။ ဦးဘိုးသူ | ။ | ။ | ၁၅ |
| ၁၉။ ဦးမဲ | ။ | ။ | ၁၅ |
| ၂၀။ ဦးဘကျော် | ။ | ။ | ၁၀ |
| ၂၁။ ဦးအောင်လှ | ။ | ။ | ၁၂ |
| ၂၂။ ဦးမောင်နီကြီး | ။ | ။ | ၁၀ |
| ၂၃။ ဦးထွန်းဆိုင် | ။ | ။ | ၁၀ |
| ၂၄။ ဒေါ်ဖွားရှုံ | ။ | ။ | ၁၀ |

# ဓမ္မဒါန ကုသိုလ်ရှင်များ

| ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ | |
|---|---|---|---|---|
| | | | ကျပ် | ပြား |
| ၂၅။ ဦးဘိုးလှ | ပင်လောင်ရွာ | တောင်သူ | ၅ | |
| ၂၆။ ဦးဘိုးနိုင် | ။ | ။ | ၅ | |
| ၂၇။ မောင်နီလေး | ။ | ။ | ၅ | |
| ၂၈။ ဒေါ်လှချယ် | ။ | ။ | ၅ | |
| ၂၉။ ဦးတန် | ။ | ။ | ၅ | |
| ၃၀။ ဦးကျော်အေး | ။ | ကျောင်းဆရာ | ၅ | |
| ၃၁။ ဦးညို | ။ | တောင်သူ | ၄ | |
| ၃၂။ ဒေါ်သာလိ | ။ | ။ | ၄ | |
| ၃၃။ ဒေါ်ဖွားမယ် | ။ | ။ | ၂ | |

| | | | | | |
|---|---|---|---|---|---|
| ၃၄။ | ဒေါ်ခင်ဥ | ။ | ။ | ၂ | |
| ၃၅။ | ဒေါ်သိမ်းမြို့ | ။ | ။ | ၂ | |
| ၃၆။ | ဒေါ်ငွေမြိုင် | ။ | ။ | ၁ | |
| ၃၇။ | ဒေါ်စောရှင် | ။ | ။ | ၁ | |
| ၃၈။ | အမျိုးသမီးကလေးများ | ။ | ဝတ်ရွတ်သင်း | ၇ | ၅ဝါး |
| ၃၉။ | ဦးသိုင်း | ဒီးတောက် | ကုန်သည် | ၃၇ | ၅ဝါး |
| ၄၀။ | ဦးဘထွန်း | ။ | ။ | ၇ | ၅ဝါး |
| ၄၁။ | ဦးအောင်တင်နှင့် | သရက်ကန် | ယောဂီအဖွဲ့ | ၃၀ | |
| ၄၂။ | ဒေါ်တင် | ပင်းမောင် | တောင်သူ | ၁၅ | |
| ၄၃။ | ဒေါ်မယ်မြင့် | ။ | ။ | ၁၀ | |
| ၄၄။ | ဦးထွန်းတင်ကြီး | ။ | ။ | ၂ | ၅ဝါး |
| ၄၅။ | ဦးထွန်းတင်လေး | ။ | ။ | ၁ | |
| ၄၆။ | ဦးကြာတိုး | တောင်ပို့လှ | ။ | ၁ | |
| ၄၇။ | ဦးခင် | ရင်းသာ | ဆရာကြီး | ၁ | |
| ၄၈။ | ဦးဘိုးသီး | အင်ဂျင်းသာ | တောင်သူ | ၁ | |

# ခမ္ဘဒါန ကုသိုလ်ရှင်များ

| | ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ ကျပ် | ပြား |
|---|---|---|---|---|---|
| ၄၉။ | ဦးရွှေသင် | နွယ်လိန် | တောင်သူ | ၁ | |
| ၅၀။ | ဦးစံပြည့် | ပင်လည်ဘူးမြို့ | ဆန်စက်ပိုင် | ၁၀ | |
| ၅၁။ | ဦးဘမောင် | ။ | စက်အလုပ်သမား | ၅ | |
| ၅၂။ | ဦးဘရှင် | ။ | အင်စပိတ်တော် | ၁၀ | |
| ၅၃။ | ဦးပြား | ။ | ။ | ၅ | |
| ၅၄။ | ဦးအောင်စိ | ။ | ပ-က-ရ-ဖ | ၅ | |
| ၅၅။ | ဦးအုံးမောင် | ။ | ။ | ၅ | |
| ၅၆။ | ဒေါ်သီးချေ | ။ | မယ်တော် | ၅ | |
| ၅၇။ | ဦးကျော်ဆင့် | ။ | ကုန်သည် | ၃ | |

| | | | | |
|---|---|---|---|---|
| ၅၈။ | ဦးသန်း | ။ | သမဝါယမ | ၅ | |
| ၅၉။ | ဦးတင် | ။ | ။ | ၅ | |
| ၆၀။ | ဦးစံတုတ် | ။ | ကုန်သည် | ၇ | ၅၀ါး |
| ၆၁။ | ဦးချစ် | ။ | ဆံသ | ၁၀ | |
| ၆၂။ | ဦးမြမောင် | ။ | တောင်သူ | ၅ | |
| ၆၃။ | ဦးထွန်းစံ | ။ | ။ | ၅ | |
| ၆၄။ | ဦးကျော်ညွန့် | ။ | ။ | ၅ | |
| ၆၅။ | ဦးထွန်းဒက် | ။ | ။ | ၂ | |
| ၆၆။ | ဦးစောရ | ။ | ဆေးဆရာကြီး | ၁၀ | |
| ၆၇။ | ဒေါ်သိန်းရှင် | ။ | ကုန်သည် | ၃ | |
| ၆၈။ | ဦးအောင်ကြွယ် | ။ | စိုက်ပျိုးရေး | ၅ | |
| ၆၉။ | ဦးသိန်းမောင် | ။ | မေဆရာကြီး | ၃ | |
| ၇၀။ | ဦးစံဆင့် | မြစေတီ | တောင်သူ | ၅ | |
| ၇၁။ | ဦးရှင်း | ပလူသာ | ။ | ၅ | |
| ၇၂။ | ဦးလှ | ။ | ။ | ၁၅ | |

# ခမ္ဘဒါန ကုသိုလ်ရှင်များ

| | ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ ကျပ် | ပြား |
|---|---|---|---|---|---|
| ၇၃။ | ဦးတင် | ပလုသာ | တောင်သူ | ၅ | |
| ၇၄။ | ဦးထွန်းစံ | ။ | ။ | ၁၀ | |
| ၇၅။ | မချိန်သဲ | ။ | ။ | ၅ | |
| ၇၆။ | ဒေါ်ဖွားရုံ | ။ | ။ | ၁ | |
| ၇၇။ | ဦးဘိုးစီ | ။ | စက်ဆရာ | ၁၀ | |
| ၇၈။ | ဦးအောင်မြတ်သာ | ။ | လက်သမားဆရာ | ၅ | |
| ၇၉။ | ဦးကျော်မဲ | ။ | ။ | ၂ | |
| ၈၀။ | ဦးအစ် | သီးကုန်း | ကျောင်းတကာ | ၅ | |
| ၈၁။ | ဦးရွှေဘုန် | ။ | ဆေးဆရာကြီး | ၅ | |

| | | | | |
|---|---|---|---|---|
| ၇၂။ ဦးဘစိန် | ။ | ။ | ၅ | |
| ၇၃။ ဦးဘညွန့် | ။ | တောင်သူ | ၅ | |
| ၇၄။ ဦးစောအောင် | ။ | ။ | ၃ | |
| ၇၅။ ဦးဘသန့် | ။ | ။ | ၃ | |
| ၇၆။ ဦးပေါကြူ | ။ | ။ | ၂ | ၅ဝါး |
| ၇၇။ ဒေါ်ဖွားချေ | ။ | ။ | ၃ | |
| ၇၈။ ဦးခြုံ | ။ | ဘယဆေးသည် | ၅ | |
| ၇၉။ ဦးအေးမောင် | ပင်းချိုင်း | စက်ဆရာကြီး | ၅ | |
| ၈၀။ ဦးသိန်း | ။ | ဆေးဆရာကြီး | ၁၀ | |
| ၈၁။ ဦးစော | ။ | တောင်သူ | ၁၀ | |
| ၈၂။ ဦးရဲမောင် | ။ | ။ | ၁၀ | |
| ၈၃။ ဦးတုတ်ခိုင် | ။ | ။ | ၇ | ၅ဝါး |
| ၈၄။ ဦးတုတ်လှိုင် | ။ | ။ | ၅ | |
| ၈၅။ ဦးတုတ်ခိုင် | ။ | ။ | ၂ | |
| ၈၆။ ဦးစက်ကြီး | ။ | ကုန်သည် | ၂ | |

# ဓမ္မဒါန ကုသိုလ်ရှင်များ

| | ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ |
|---|---|---|---|---|
| | | | | ကျပ် ပြား |
| ၉၇။ | ဦးစံပ | အင်းကုန်း | ဆေးဆရာကြီး | ၅ |
| ၉၈။ | ဦးအောင်သန် | ။ | တောင်သူ | ၅ |
| ၉၉။ | ဦးဘကျော် | ။ | ။ | ၅ |
| ၁၀၀။ | ဦးထွန်းဦး | ။ | ။ | ၅ |
| ၁၀၁။ | ဦးဘလှိုင် | ။ | ။ | ၂ |
| ၁၀၂။ | ဦးအောင်ညွန့် | ညောင်ပင်သာ | ။ | ၂ |
| ၁၀၃။ | ဦးသက် | ။ | ။ | ၁ |
| ၁၀၄။ | ဦးစံတိုး | ကင်းကျိန်ဖူးကုန်း | ။ | ၁၀ |
| ၁၀၅။ | ဦးဟိန် | ဝန်းသိုမန်ကျည်းကုန်း | ။ | ၃ |

| | | | | |
|---|---|---|---|---|
| ၁၀၆။ | ဦးမေဆိုင် | မြေလင်း | ကုန်သည် | ၁၀ |
| ၁၀၇။ | ဦးအောင်ဆယ် | ။ | ။ | ၅ |
| ၁၀၈။ | ဦးကျော့မောင် | ကဒိုင် | ။ | ၅ |
| ၁၀၉။ | ဦးအောင်ညွန့် | မန်ယူးကြီး | တောင်သူ | ၂ |
| ၁၁၀။ | ဦးထွန်း | မန်တန် | ။ | ၅ |
| ၁၁၁။ | ဦးဆင်ကျော် | ပြစ်ဆိုင် | ။ | ၁ |
| ၁၁၂။ | ဦးလူဘော် | ကွန်းတောင်း | ။ | ၁ |
| ၁၁၃။ | ဦးသိန်းဖေ | အင်ဂျင်းသာ | တောင်သူ | ၁၀ |
| ၁၁၄။ | ဦးသန်းဖေ | ။ | ။ | ၅ |
| ၁၁၅။ | ဦးစိုးပိုင် | ။ | ။ | ၅ |
| ၁၁၆။ | ဦးစံပေါ် | ။ | ။ | ၅ |
| ၁၁၇။ | ဦးဘကြိုင် | ။ | ။ | ၅ |
| ၁၁၈။ | ဒေါ်ဥ | အောင်းပင် | ။ | ၁ |
| ၁၁၉။ | ဦးဘိုးမင်း | ပဒဲဂေါ | ။ | ၅ |
| ၁၂၀။ | ဦးဘညို | ။ | ။ | ၅ |

# ဇမ္ဗူဒီပါနှ ကုသိုလ်ရှင်များ

| ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ ကျပ် ပြား |
| --- | --- | --- | --- |
| ၁၂၁။ ဦးရဲမောင် | ပဒဲဂေါ | တောင်သူ | ၅ |
| ၁၂၂။ ဦးတင်ဘီ | ဘာဟောက် | ။ | ၅ |
| ၁၂၃။ ဦးရဲလှ | ။ | ။ | ၁ |
| ၁၂၄။ ဦးစော | ။ | ။ | ၁ |
| ၁၂၅။ ဦးညိုမြ | ။ | ။ | ၁ |
| ၁၂၆။ ဦးမောင်မြ | ။ | ။ | ၂ |
| ၁၂၇။ ဦးထွန်းရ | ။ | ။ | ၁ |
| ၁၂၈။ ဦးဖဝေး | ။ | ။ | ၁ |
| ၁၂၉။ ဦးရဲမောင် | ပင်စောက် | ။ | ၅ |

| | | | | |
|---|---|---|---|---|
| ၁၃၀။ | ဦးစောတင် | ။ | ။ | ၂ |
| ၁၃၁။ | ဦးသာဘော | မန်စိလေး | ကုန်သည် | ၁၅ |
| ၁၃၂။ | ဦးအောင်လှ | ။ | ။ | ၂ |
| ၁၃၃။ | ဦးလုံ | ။ | ဆေးဆရာကြီး | ၅ |
| ၁၃၄။ | ဦးအေးမောင် | ။ | ကင်းဂါတ်အုပ် | ၃ |
| ၁၃၅။ | ဦးထွန်းပ | ။ | တောင်သူ | ၂ |
| ၁၃၆။ | ဒေါ်ငွေခင် | ။ | ။ | ၅ |
| ၁၃၇။ | ဦးဘိုးစင်း | ။ | ။ | ၂ |
| ၁၃၈။ | ဒေါ်မယ်ချိန် | ။ | ။ | ၂ |
| ၁၃၉။ | ဦးမြဲ | ။ | ။ | ၅ |
| ၁၄၀။ | ဦးကံကြီး | ။ | ။ | ၁ |
| ၁၄၁။ | ဒေါ်ရွှေမ | ။ | ။ | ၁ |
| ၁၄၂။ | ဦးထိုက် | ။ | ။ | ၅ |
| ၁၄၃။ | ဦးပေါ်အုပ် | ။ | ။ | ၂ |
| ၁၄၄။ | ဦးကျော်မြင် | ။ | ။ | ၃ |

# ဂန္ထဒါန ကုသိုလ်ရှင်များ

| ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ ကျပ် | ပြား |
|---|---|---|---|---|
| ၁၄၅။ ဒေါ်ဖွားခင် | မန်စီလေး | တောင်သူ | ၅ | |
| ၁၄၆။ ဦးနက် | ။ | ။ | ၅ | |
| ၁၄၇။ ဦးညို | ။ | ။ | ၁ | |
| ၁၄၈။ ဦးမောင်အို | ။ | ။ | ၅ | |
| ၁၄၉။ ဦးသိန်း | ။ | ။ | ၂၅ | |
| ၁၅၀။ ဦးထွန်းသူ | ။ | ။ | ၅ | |
| ၁၅၁။ ဦးထွန်းမြဲ | ။ | ။ | ၁ | |
| ၁၅၂။ ဦးရာဘောင် | ။ | ။ | ၅ | |
| ၁၅၃။ ဒေါ်စော | ။ | ။ | ၂ | |

| | | | | |
|---|---|---|---|---|
| ၁၅၄။ ဒေါ်ပု | ။ | ။ | ၂ | |
| ၁၅၅။ ဒေါ်မြဆိုင် | ။ | ။ | ၁ | |
| ၁၅၆။ ဒေါ်အေးတင် | ။ | ။ | ၁ | |
| ၁၅၇။ ဒေါ်မြရွှေ | ။ | ။ | ၂ | |
| ၁၅၈။ ဦးနီတွတ် | ။ | ။ | ၁ | |
| ၁၅၉။ ဦးထွန်းစိန် | ။ | ။ | ၂ | |
| ၁၆၀။ ဒေါ်သိန်းခင် | မန်စိန်း | ။ | ၁ | |
| ၁၆၁။ ဦးသာပြည့် | ဂဏန်းပဲ့နှင်း | ကျောင်းတကာ | ၃ | ၇၅ါး |
| ၁၆၂။ ဦးရာမြင့် | ။ | ဆေးဆရာကြီး | ၂ | |
| ၁၆၃။ ဦးစံအုပ် | ။ | တောင်သူ | ၁ | |
| ၁၆၄။ ဦးငွေအုပ် | ။ | ။ | ၁ | |
| ၁၆၅။ ဦးကျော်ထွန်း | ။ | ။ | ၅ | |
| ၁၆၆။ ဒေါ်ဆိုင် | ။ | ။ | ၁ | ၅၀ါး |
| ၁၆၇။ ဦးသာခိုင် | ။ | ။ | ၂ | |
| ၁၆၈။ ဦးရွှေအေး | ။ | ။ | ၁ | |

# ခမ္ဘဒါန ကုသိုလ်ရှင်များ

| ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ ကျပ် | ပြား |
|---|---|---|---|---|
| ၁၆၉။ ဦးထွန်းပွင့် | ဂကျန်းပွဲနှင်း | တောင်သူ | ၁ | |
| ၁၇၀။ ဦးထွန်းဖေ | ။ | ။ | ၁ | |
| ၁၇၁။ ဒေါ်မင်းကျော့ | ။ | ။ | ၁ | |
| ၁၇၂။ ဦးဘိုးတင် | ။ | ။ | ၁ | |
| ၁၇၃။ ဦးရွှေဖေါင် | ။ | ။ | ၁ | |
| ၁၇၄။ ဦးဘမောင် | ။ | ။ | ၁ | |
| ၁၇၅။ ဦးစံပ | ။ | ။ | ၁ | |
| ၁၇၆။ ဦးစံရ | ။ | ။ | ၂ | |
| ၁၇၇။ ဦးလှမောင် | ။ | ။ | ၁ | |

| | | | | |
|---|---|---|---|---|
| ၁၇၈။ ဦးအုန်းခိုင် | ။ | ။ | ၁ | |
| ၁၇၉။ ဦးအောင်ထိုက် | ။ | ။ | ၁ | |
| ၁၈၀။ ဦးစံဖိုး | ကနက်ဖာ | ။ | ၃ | |
| ၁၈၁။ ဦးဘိုးလုံ | ။ | ။ | ၃ | |
| ၁၈၂။ ဦးစံထွေး | ။ | ။ | ၂ | |
| ၁၈၃။ ဦးအောင်ချမ်းသာ | ။ | ။ | ၁ | |
| ၁၈၄။ ဦးစံတင် | ။ | ။ | ၁ | |
| ၁၈၅။ ယောဂီအဖွဲ့ | ပင်လိုင်း | ယောဂီဆင်း | ၁၇ | ၅ဝါး |
| ၁၈၆။ မဝဏ္ဏ | နှုံးတူ | သီလရင် | | ၇၅ါး |
| ၁၈၇။ ဦးဘိုးစုံ | ။ | တောင်သူ | ၁ | |
| ၁၈၈။ ဦးသာလှ | ။ | ။ | ၁ | |
| ၁၈၉။ ဒေါ်ခင်သာ | ။ | ။ | ၁ | |
| ၁၉၀။ ဦးခင်အုပ် | ။ | ။ | | ၇၅ါး |
| ၁၉၁။ ဦးထွန်းသောင်း | ။ | ။ | | ၇၅ါး |
| ၁၉၂။ ဦးကံပိုင် | ။ | ။ | | ၇၅ါး |

# ခမ္ဗဒါန ကုသိုလ်ရှင်များ

| ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ ကျပ် | ပြား |
|---|---|---|---|---|
| ၁၉၃။ ဦးထွန်းပြည့် | နှိုးတူ | တောင်သူ | | ၇၅ါး |
| ၁၉၄။ ဦးထွန်းလင်း | ။ | ။ | | ၇၅ါး |
| ၁၉၅။ ဦးသာပွင့် | ။ | ။ | | ၇၅ါး |
| ၁၉၆။ ဦးစိုးပိုင် | ။ | ။ | | ၇၅ါး |
| ၁၉၇။ ဦးစံပြည့် | ။ | ။ | | ၇၅ါး |
| ၁၉၈။ ဦးဘိုးထယ် | မကျေးကုန်း | ။ | ၁၀ | |
| ၁၉၉။ ဒေါ်ပွင့် | ။ | ။ | ၃ | ၅၀ါး |
| ၂၀၀။ ဦးရွှေလှိုင် | ။ | ။ | ၂ | |
| ၂၀၁။ ဒေါ်ဆွဲမြင် | ။ | ။ | ၂ | |

| | | | | |
|---|---|---|---|---|
| ၂၀၂။ | ဦးသာခိုင် | ။ | ။ | ၂ |
| ၂၀၃။ | ဦးသာမြိုင် | ။ | ။ | ၂ |
| ၂၀၄။ | ဦးဘိုးမှိ | ။ | ။ | ၂ |
| ၂၀၅။ | ဦးမောင်အို | ။ | ။ | ၁ |
| ၂၀၆။ | ဦးမင်းဂေါင် | ။ | ။ | ၂ |
| ၂၀၇။ | ဦးဘိုးညဏ် | ။ | ။ | ၂ |
| ၂၀၈။ | ဦးဘမောင် | ။ | ။ | ၂ |
| ၂၀၉။ | ဦးသာရည် | ။ | ။ | ၂ |
| ၂၁၀။ | ဦးရွှေမြဲ | ။ | ။ | ၂ |
| ၂၁၁။ | ဒေါ်စောလှိုင် | ။ | ။ | ၁ |
| ၂၁၂။ | ဦးကျော်ထွန်း | ။ | ။ | ၁ |
| ၂၁၃။ | ဦးကျော်မဲ | ။ | ။ | ၁ |
| ၂၁၄။ | ဦးသာကွန် | ။ | ။ | ၁ |
| ၂၁၅။ | ဦးထွန်းညွန့် | ။ | ။ | ၁ |
| ၂၁၆။ | ဦးဘိုးညိမ်း | ။ | ။ | ၁ |

# ဓမ္မဒါန ကုသိုလ်ရှင်များ

| | ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ ကျပ် | ပြား |
|---|---|---|---|---|---|
| ၂၁၇။ | ဦးအေးမောင် | မကျေးကုန်း | တောင်သူ | ၁ | |
| ၂၁၈။ | ဦးကျော်ရှိန် | 〃 | 〃 | ၁ | |
| ၂၁၉။ | ဦးထွန်းမြတ် | 〃 | 〃 | ၁ | |
| ၂၂၀။ | ဦးဘိုးသစ် | 〃 | 〃 | ၁ | |
| ၂၂၁။ | ဒေါ်ရာသီ | 〃 | 〃 | ၁ | |
| ၂၂၂။ | ဦးကျော်ထွန်း | 〃 | 〃 | ၁ | |
| ၂၂၃။ | ဦးထိုက် | 〃 | 〃 | ၁ | |
| ၂၂၄။ | ဦးသာအေး | 〃 | 〃 | ၁ | |
| ၂၂၅။ | ဦးထွန်းပြည့် | 〃 | 〃 | ၁ | |

| | | | | | |
|---|---|---|---|---|---|
| ၂၂၆။ | ဒေါ်ရွှေပွင့် | ။ | ။ | ၁ | ၇၅ါး |
| ၂၂၇။ | ဦးဘိုးကြွယ် | ။ | ။ | ၁ | ၅၀ါး |
| ၂၂၈။ | ဦးဘိုးတုတ် | ။ | ။ | ၁ | |
| ၂၂၉။ | ဒေါ်မြိုင်လယ် | ။ | ။ | | ၇၅ါး |
| ၂၃၀။ | ဒေါ်စောမြိုင် | ။ | ။ | | ၇၅ါး |
| ၂၃၁။ | ဒေါ်ငွေ | ။ | ။ | | ၇၅ါး |
| ၂၃၂။ | ဦးစိုးမောင် | ။ | ။ | ၅ | |
| ၂၃၃။ | ဒေါ်ငွေညွန့် | ။ | ။ | ၂ | |
| ၂၃၄။ | ဒေါ်လှထွန်း | ။ | ။ | ၁ | |
| ၂၃၅။ | ဒေါ်စိန် | ။ | ။ | ၁ | |
| ၂၃၆။ | ဒေါ်ဆင့် | ။ | ။ | ၁ | |
| ၂၃၇။ | ဒေါ်စန် | ။ | ။ | ၁ | |
| ၂၃၈။ | ဦးထွန်းကျော် | ။ | ။ | ၁ | |
| ၂၃၉။ | ဒေါ်မြိုင် | ။ | ။ | ၁ | |
| ၂၄၀။ | ဦးခိုင် | ။ | ဆေးဆရာကြီး | ၃ | |

# ခမ္ပဒါန ကုသိုလ်ရှင်များ

| | ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ | |
|---|---|---|---|---|---|
| | | | | ကျပ် | ပြား |
| ၂၄၁။ | ဦးသာဒင် | ကစောက်ဖာ | သာသနာ့အကျိုးဆောင် | ၅ | |
| ၂၄၂။ | ဦးစံတိုက် | ” | တောင်သူ | ၂ | |
| ၂၄၃။ | ဦးအောင်ပေ | ” | ” | ၁ | |
| ၂၄၄။ | ဦးထွန်းဘော် | ” | ” | ၁ | |
| ၂၄၅။ | ဦးကျန်ဘော် | ” | ” | | ၇၅ါး |
| ၂၄၆။ | ဒေါ်စိန်ထိုက် | ” | ” | | ၇၅ါး |
| ၂၄၇။ | ဦးရာမြဲ | ” | ” | ၁ | |
| ၂၄၈။ | ဦးနေစွဲ | ” | ” | | ၇၅ါး |
| ၂၄၉။ | ဦးကျော်ဒင် | ” | ” | ၁ | |

| | | | | | |
|---|---|---|---|---|---|
| ၂၅၀။ | ဦးဘိုးသော် | ။ | ။ | | ၇၅ါး |
| ၂၅၁။ | ဦးစံချို | ။ | ။ | | ၇၅ါး |
| ၂၅၂။ | ဦးစံထွန်း | ။ | ။ | ၁ | |
| ၂၅၃။ | ဦးမောင်မြ | ။ | ။ | ၁ | |
| ၂၅၄။ | ဒေါ်ခိုင် | ။ | ။ | ၁ | |
| ၂၅၅။ | ဦးရှိန် | ။ | ။ | | ၇၅ါး |
| ၂၅၆။ | ဦးမောင်မြို | ။ | ။ | ၁ | |
| ၂၅၇။ | ဦးဘိုးညိမ်း | ။ | ။ | ၁ | ၅၀ါး |
| ၂၅၈။ | ဦးကျော်မြ | ။ | ။ | ၁ | |
| ၂၅၉။ | ဦးထွန်းနောက် | ။ | ။ | ၁ | |
| ၂၆၀။ | ဒေါ်လုံညာ | ။ | ။ | ၁ | |
| ၂၆၁။ | ဒေါ်သိုင်းချို | ။ | ။ | | ၇၅ါး |
| ၂၆၂။ | ဦးဟိန်း | ။ | ။ | ၁ | ၅၀ါး |
| ၂၆၃။ | ဦးဘိုးဘ | ။ | ။ | ၅ | |
| ၂၆၄။ | ဦးလှိုင် | ။ | ။ | ၁ | |

# ဂမ္ဘဒါန ကုသိုလ်ရှင်များ

| | ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ ကျပ် | အလှူငွေ ပြား |
|---|---|---|---|---|---|
| ၂၆၅။ | ဒေါ်အေးစိန် | ကစောက်ဖာ | တောင်သူ | | ၇၅ |
| ၂၆၆။ | ဒေါ်စိန်ဥ | ။ | ။ | ၀ | ၅၀ |
| ၂၆၇။ | ဦးရွှေဘ | ။ | ။ | ၁ | ၂၅ |
| ၂၆၈။ | ဦးနောက်ပေါ် | ။ | ။ | ၁ | ၅၀ |
| ၂၆၉။ | ဦးငွေခိုင် | ။ | ။ | | ၇၅ |
| ၂၇၀။ | ဦးသောင်း | ။ | ။ | ၁ | |
| ၂၇၁။ | ဦးမြဲမောင် | ။ | ။ | ၁ | |
| ၂၇၂။ | ဦးတင် | ။ | ။ | ၅ | |
| ၂၇၃။ | ဦးရွှေညွန့် | ။ | ။ | ၁ | |

| | | | | |
|---|---|---|---|---|
| ၂၇၄။ ဦးကြော်ငြာ | ။ | ။ | ၁ | |
| ၂၇၅။ ဒေါ်လှချိန် | ။ | ။ | ၁ | |
| ၂၇၆။ ဒေါ်မယ်လုံ | ။ | ။ | ၁ | |
| ၂၇၇။ မဏ္ဍ | ။ | သီလရင် | ၁ | |
| ၂၇၈။ ဒေါ်နော် | လယ်ပတုန်း | တောင်သူ | ၁ | |
| ၂၇၉။ ဒေါ်လွယ် | မူးသား | ။ | | ၇၅ ဦး |
| ၂၈၀။ ဦးသိန်း | ။ | ။ | | ၇၅ ဦး |
| ၂၈၁။ ဒေါ်ရွှေဖြန့် | ။ | ။ | | ၇၅ ဦး |
| ၂၈၂။ ဒေါ်ပြည့် | ။ | ။ | | ၇၅ ဦး |
| ၂၈၃။ ဒေါ်ဖွားမြင့် | ။ | ။ | | ၇၅ ဦး |
| ၂၈၄။ ဒေါ်ရွှေ | ။ | ။ | | ၇၅ ဦး |
| ၂၈၅။ ဒေါ်ညွန့် | ။ | ။ | | ၇၅ ဦး |
| ၂၈၆။ ဒေါ်အေး | ။ | ။ | | ၇၅ ဦး |
| ၂၈၇။ ဦးသာအောင် | ။ | ။ | | ၇၅ ဦး |
| ၂၈၈။ ဒေါ်စိုးမယ် | ။ | ။ | | ၇၅ ဦး |

# ဓမ္မဒါန ကုသိုလ်ရှင်များ

| ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ ကျပ် ပြား |
|---|---|---|---|
| ၂၇၉။ ဒေါ်ကြေးဥ | မူးသား | တောင်သူ | ၇၅ါး |
| ၂၈၀။ ဒေါ်ဇုံ | ။ | ။ | ၇၅ါး |
| ၂၈၁။ ဦးသာရည် | ။ | ။ | ၇၅ါး |
| ၂၈၂။ ဒေါ်ငြိမ်း | ။ | ။ | ၇၅ါး |
| ၂၈၃။ ဦးထိုက် | ။ | ။ | ၇၅ါး |
| ၂၈၄။ ဒေါ်သိန်းတင် | ။ | ။ | ၇၅ါး |
| ၂၈၅။ ကိုသိန်းဖေ | ။ | ။ | ၇၅ါး |
| ၂၈၆။ ဒေါ်ဖြူနှံ | ။ | ။ | ၇၅ါး |
| ၂၈၇။ ဦးဘဒင် | ။ | ။ | ၇၅ါး |

| | | | | |
|---|---|---|---|---|
| ၁၉၈။ | ဒေါ်ခြုံ | ။ | ။ | ၇၅ါး |
| ၁၉၉။ | မမြဲသူ | ။ | ။ | ၇၅ါး |
| ၃၀၀။ | ဒေါ်စိန် | ။ | ။ | ၇၅ါး |
| ၃၀၁။ | ဒေါ်ဆိုင် | ။ | ။ | ၇၅ါး |
| ၃၀၂။ | ဦးစံညွန့် | ။ | ။ | ၇၅ါး |
| ၃၀၃။ | ဒေါ်စောခင် | ။ | ။ | ၇၅ါး |
| ၃၀၄။ | ဦးအို | ။ | ။ | ၇၅ါး |
| ၃၀၅။ | ဦးထွန်းလော် | ။ | ။ | ၇၅ါး |
| ၃၀၆။ | ဦးမြိုင် | ။ | ။ | ၇၅ါး |
| ၃၀၇။ | ဦးအောင်မြင့် | ။ | ။ | ၇၅ါး |
| ၃၀၈။ | ကိုရဲမြ | ။ | ။ | ၇၅ါး |
| ၃၀၉။ | ကိုထွန်းဆိုင် | ။ | ။ | ၇၅ါး |
| ၃၁၀။ | ဒေါ်ဥ | ။ | ။ | ၇၅ါး |

# ဓမ္မဒါန ကုသိုလ်ရှင်များ

| | ကုသိုလ်ရှင်အမည် | မြို့ရွာအမည် | ဂုဏ်ထူး | အလှူငွေ | |
|---|---|---|---|---|---|
| | | | | ကျပ် | ပြား |
| ၃၁၁။ | ဒေါ်ညာ | မူးသား | တောင်သူ | | ၇၅ါး |
| ၃၁၂။ | ကျောင်းအမ | ။ | ။ | | ၇၅ါး |
| ၃၁၃။ | ဦးထွန်းညွန့် - ဒေါ်မြတ်စိုး | ယောမြို့ ကဇွန်းဒေါင့် | ။ | ၂ | |
| ၃၁၄။ | ဒေါ်ဥက္ကလာ | မူးသား | သီလရှင် | | ၇၅ါး |

မန္တလေးတောင်

ပိဋကတ်တော် လျှပ်စစ်ပုံနှိပ်တိုက်

ယာယီမှတ်ပုံတင်အမှတ် (၀၀၇၈) တွင်

ရိုက်နှိပ်၍

ဦးကုသလ ခန္တီး စာသင်တိုက် ဝန်းသိုမြို့

က

တာဝန်ခံ ထုတ်ဝေသည်။